ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

ကပ်ငြိတွယ်တာမှုမရှိ

လာကြကုန်လော့(ရတနာခုနစ်ပါးဖြင့်) ဆန်းကြယ်သော မင်းစီးရထားလျှင် ဥပမာရှိသော (အဝတ်တန်ဆာတို့ဖြင့်)ဆန်းကြယ်သော ဤခန္ဓာငါးပါးတည်းဟူသော လောကကို ရှုကြကုန်လော့။ ယင်းလောက၌ မိုက်သူတို့သည် ခန္ဓာငါးပါး၌ နစ်မြုပ်ကုန်၏။ ပညာရှိတို့အား ခန္ဓာငါးပါး ကပ်ငြိတွယ်တာမှုသည်မရှိ။

လောကဝဂ်(ဓမ္မပဒ-၁၇၁)

၁၃၈၀ ပြည့်နှစ် ဝါခေါင်လပြည့်ကျော် ၈ ရက်၊ တနင်္လာနေ့။ Monday 3 September 2018 ၉၃၉၈

ရွှေတိဂုံစေတီတော်မြတ်ကြီးနှင့် ဝတ္ထုကံမြေအတွင်း လုံခြုံရေးစနစ် အဆင့်မြှင့်တင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

ရန်ကုန် စက်တင်ဘာ ၂

ရွှေတိဂုံစေတီတော်မြတ်ကြီးနှင့် ဝတ္ထုကံမြေအတွင်း လုံခြုံရေးစနစ် အဆင့်မြှင့်တင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် ရွှေတိဂုံစေတီတော် တောင်ဘက်မုခ်ရှိ ရှေးဟောင်းရုပ်ပွားတော်များတန်ဆောင်း၌ ကျင်းပသည်။

ရှေးဦးစွာ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးအောင်စိုးမိုးတို့က တိုင်းဒေသကြီးအတွင်း လုံခြုံရေးဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားကြသည်။

ဆက်လက်၍ FISCA Enterprise နှင့် Huawei Technologies တို့မှ တာဝန်ရှိသူများက လုံခြုံရေးအဆင့်မြှင့်တင်ရေးဆိုင်ရာနည်းပညာနှင့်စပ်လျဉ်း၍ လည်းကောင်း၊ ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ အလှည့်ကျသဘာပတိ ဦးညိုဝင်းနှင့် ဂေါပကအဖွဲ့ဝင် (စီမံ/လုံခြုံ)ဦးသောင်းထိုက်တို့က **စာမျက်နှာ ၃ ကော်လံ ၁ သို့ ✱**

ရွှေတိဂုံစေတီတော်မြတ်ကြီးနှင့် ဝတ္ထုကံမြေအတွင်း လုံခြုံရေးစနစ် အဆင့်မြှင့်တင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို တောင်ဘက်မုခ်ရှိ ရှေးဟောင်းရုပ်ပွားတော်များ တန်ဆောင်း၌ ကျင်းပစဉ်။

ရန်ကုန်-မန္တလေးလမ်းပိုင်း၌ အမှတ်(၃)အဆန်နှင့် အမှတ်(၄)အစုန် အမြန်ရထားတွဲဆိုင်းများ ပြန်လည်ပြေးဆွဲ

ရန်ကုန်-မန္တလေး လေအိတ်ရထားတွဲဆိုင်း မောင်းနှင်ထွက်ခွာလာသည်ကို ရန်ကုန်ဘူတာကြီးအထွက်၌ တွေ့ရစဉ်။

ရန်ကုန် စက်တင်ဘာ ၂

ရန်ကုန်-မန္တလေး ရထားလမ်းပိုင်း၌ ရေလွှမ်းမိုးမှုကြောင့် ပျက်စီးခဲ့ရသည့် 'ဆွာဘူတာနှင့် ရေတာရှည်ဘူတာ' ကြားရှိ ရထားလမ်းပိုင်းနေရာကို ပြုပြင်ဆောင်ရွက်နေစဉ်ကာလအတွင်း ရထားစီးခရီးသည်များ အဆင်ပြေစေရန်အတွက် မြန်မာ့မီးရထားမှ ရန်ကုန်-မန္တလေး လမ်းပိုင်း၌ အမှတ်(၃)အဆန် အမြန်ရထားတွဲဆိုင်းနှင့် အမှတ်(၄)အစုန် အမြန်ရထားတွဲဆိုင်းများကို စက်တင်ဘာ ၂ ရက်မှစတင်၍ ပြန်လည်ပြေးဆွဲပေးနေပြီဖြစ်ကြောင်း မြန်မာ့မီးရထားမှ ယနေ့ထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါ အမှတ်(၃)အဆန် အမြန်ရထားတွဲဆိုင်းသည် ရန်ကုန်ဘူတာကြီးမှ ည ၁၀ နာရီခရီးစဉ်ဖြင့်ထွက်ခွာပြီး နံနက် ၆ နာရီတွင် ရေတာရှည်ဘူတာသို့ ရောက်ရှိကာ ရထားစီးခရီးသည်များအနေဖြင့် တပ်မတော်မှအကူအညီပေးသည့် ဘတ်စ်ကားများဖြင့် ဆွာဘူတာသို့ သွားရောက်၍ ရထားပြောင်းစီးရမည်ဖြစ်ပြီး ဆွာဘူတာမှတစ်ဆင့် နံနက် ၈ နာရီတွင် ထွက်ခွာကာ မန္တလေးဘူတာသို့ ညနေ ၄ နာရီတွင် ဆိုက်ရောက်မည် ဖြစ်သည်။ **စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖**

အသက်အန္တရာယ်ကာကွယ်ဖို့ အသက်ကယ်ထိုင်ခုံခါးပတ် ပတ်ကြစို့

စာမျက်နှာ - ၆

ကိုရီးယားနှစ်နိုင်ငံ ခေါင်းဆောင်များ၏ ထိပ်သီးဆွေးနွေးပွဲ ကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်မည်

စာမျက်နှာ - ၁၂



ကြေးမုံ

လယ်ယာစိုက်ပျိုးရေးဦးဆောင်နိုင်ငံ

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကိုအခြေခံသည့် နိုင်ငံဖြစ်သည်။ မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော ပြည်သူများ၏ ၇၀ ရာခိုင်နှုန်းသည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုကြသည်။ ထိုအနေအထား၌ ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ရေးကဏ္ဍ ၁၄ ရပ်တွင် အရေးအကြီးဆုံးဖြစ်သည့် လယ်ယာစိုက်ပျိုးရေးကဏ္ဍ၌ မြန်မာနိုင်ငံက ဦးဆောင်နိုင်ငံအဖြစ် ရပ်တည်ခွင့်ရနေသည်မှာ သဘာဝကျသည်။

ဩဂုတ်လ ၃၀ ရက်နေ့က ကျင်းပခဲ့သည့် စတုတ္ထအကြိမ်မြောက် ဘင်းမ်စတက်ထိပ်သီးအစည်းအဝေးတွင် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ တိုးတက်မှုများနှင့် စိန်ခေါ်မှုများကို ပြန်လည်သုံးသပ် ပြောကြားခဲ့ပြီး မြန်မာနိုင်ငံမှ ဦးဆောင်နိုင်ငံအဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိသည့် စိုက်ပျိုးရေးကဏ္ဍနှင့် စွမ်းအင်ကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်မှု တိုးတက်မှုအခြေအနေနှင့် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ထည့်သွင်းပြောကြားခဲ့သည်။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံဖြစ်သည်နှင့်အညီ ရှိရင်းစွဲ သဘာဝသယံဇာတအရင်းအမြစ်များဖြင့် စိုက်ပျိုးရေးထုတ်ကုန်များကို တိုးတက်ထွက်ရှိအောင် ဆောင်ရွက်နိုင်ခဲ့ပြီး ပြည်ပပို့ကုန်တွင် စိုက်ပျိုးရေးကဏ္ဍမှာ အများဆုံးဖြစ်သည်။ စိုက်ပျိုးရေးကဏ္ဍဖြင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်အောင် စွမ်းနိုင်သော်လည်း နည်းပညာနှင့်အရင်းအနှီးများ ပိုမိုလိုအပ်သဖြင့် အာဆီယံနိုင်ငံများ၊ ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများနှင့် ထဲထဲဝင်ဝင် ထိတွေ့ဆောင်ရွက်နိုင်မှုများ လိုအပ်သည်။

လယ်ယာစိုက်ပျိုးရေးကဏ္ဍအတွက် မြန်မာနိုင်ငံမှ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဦးဆောင်ကာ ၂၀၀၇ ခုနှစ်တွင် နေပြည်တော်၊ ၂၀၀၈ ခုနှစ်တွင် အိန္ဒိယ၊ ၂၀၁၀ ပြည့်နှစ်တွင် သီရိလင်္ကာနိုင်ငံတို့တွင် စိုက်ပျိုးရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးမှု သုံးကြိမ်ပြုလုပ်နိုင်ခဲ့သည်။ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် တက်ရောက်ဆွေးနွေးခဲ့သည့် စတုတ္ထအကြိမ်မြောက် ဘင်းမ်စတက်ထိပ်သီးအစည်းအဝေးတွင် စိုက်ပျိုးရေးဝန်ကြီးများ ဘင်းမ်စတက်အစည်းအဝေးကို လာမည့်နှစ်၌ မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ်လက်ခံကျင်းပရန် အဆိုပြုနိုင်ခဲ့ခြင်းသည် မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍအတွက် အလားအလာကောင်းပင်ဖြစ်သည်။

ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများအနေဖြင့် လက်ရှိတွင် လယ်ယာစိုက်ပျိုးရေးကဏ္ဍ၌ ပူးပေါင်းဆောင်ရွက်မှုနည်းနေသေးသော်လည်း လာမည့်နှစ် စိုက်ပျိုးရေးဝန်ကြီးများအဆင့် အစည်းအဝေးအပြီးတွင် ရလဒ်ကောင်းများ ပေါ်ထွက်လာလိမ့်မည်ဟု မျှော်လင့်ရသည်။ ဘင်းမ်စတက်၏ ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုကဏ္ဍတွင် စိုက်ပျိုးရေးကဏ္ဍဟုဆိုသော်လည်း မွေးမြူရေးကဏ္ဍလည်း ပါဝင်သောကြောင့် ထိုကဏ္ဍတွင် နည်းပညာပိုင်းဆိုင်ရာ၊ ရင်းနှီးမြှုပ်နှံမှုပိုင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရန် အစီအစဉ်များရှိသည်ဟု သိရသည်။

ဘင်းမ်စတက်၏ စိုက်ပျိုးရေးကဏ္ဍ၌ ပူးပေါင်းဆောင်ရွက်ရေးအတွက် အဆိုပြုထားသည့် ဘုံစီမံကိန်း ကိုးခုတွင် မြန်မာနိုင်ငံမှ ဦးဆောင်ပါဝင်မှု နှစ်ခုရှိသော်လည်း ထောက်ပံ့ကူညီမှုနှင့် ပူးပေါင်းဆောင်ရွက်မှု လိုအပ်နေသည်။ မြန်မာနိုင်ငံအနေဖြင့် စီးပွားရေးလုပ်ငန်းတွင် လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေးကို ဦးစားပေးသဖြင့် ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ရင်းနှီးမြှုပ်နှံမှု၊ နည်းပညာနှင့်ထောက်ပံ့မှုများ တိုးတက်ရရှိခြင်းဖြင့် အလားအလာကောင်းများ ဖြစ်ထွန်းလာနိုင်သည်။ နောင်လာမည့်ကာလများတွင် လွတ်လပ်သည့် ကုန်သွယ်မှုဇုန်ထူထောင်ရေးလုပ်ငန်းရှိလာမည်ဖြစ်၍ လယ်ယာကဏ္ဍ၌ ကုန်သွယ်စီးပွား မြင့်မားလာနိုင်မည့် အခြေအနေကောင်းများရှိသည်။

သို့ဖြစ်ရာ နိုင်ငံတော်သမ္မတကြီး တက်ရောက်ဆွေးနွေးခဲ့သည့် စတုတ္ထအကြိမ်မြောက် ဘင်းမ်စတက် ထိပ်သီးအစည်းအဝေးမှ ပေါ်ထွက်လာသည့်ရလဒ်များသည် မြန်မာနိုင်ငံအတွက် စိုက်ပျိုးစီးပွား တိုးတက်မြင့်မားလာနိုင်မည့် အလားအလာကောင်းများကို တိုးတက်ဆောင်ကြဉ်းပေးနိုင်လိမ့်မည်ဟု ယုံကြည်ပါသည်။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

မြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော

ကလေးကပေပွဲတော်

ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲ

(အင်းစိန်မြို့)

၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ (၆/၇) ရက် (ကြာသပတေး၊ သောကြာ) နေ့များတွင် နံနက် (၉)နာရီမှ ညနေ (၅)နာရီအထိ မည်သူမဆို ပါဝင်ဆင်နွှဲနိုင်ပါသည်။

အ.ထ.က (၁) အင်းစိန်မြို့

ကမမောင်း-ဝါးဘိုးတော ကားလမ်းအချို့တွင် ရေကျော်လျက်ရှိ

ဘားအံ စက်တင်ဘာ ၂

ကရင်ပြည်နယ် ကမမောင်းမြို့တွင် မိုးအဆက်မပြတ်ရွာသွန်းပြီး သံလွင်မြစ်ရေ မြင့်တက်လာသောကြောင့် စက်တင်ဘာ ၂ ရက် နံနက် ၁၀ နာရီက ဖာပွန်-ကမမောင်း-ဝါးဘိုးတော ကားလမ်းအချို့တွင် ရေကျော်လျက်ရှိရာ မော်တော်ယာဉ်ငယ်များ၊ မော်တော်ဆိုင်ကယ်များ သွားလာရေး အဆင်ပြေစေရေးအတွက် စက်လှေများ ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။

ထို့အပြင် ကမမောင်း မြို့တွင်း ကားလမ်း အရှည်ပေ ၅၀ခန့်တွင် ရေအနက် နှစ်ပေကျော်ခန့် ရေကျော်လျက်ရှိကြောင်း သိရသည်။

ကိုကိုလွင်(မြန်/ဆက်)

စင်ကာပူနိုင်ငံ၌ ကျင်းပသည့် အကြိမ် (၅၀)မြောက် အာဆီယံစီးပွားရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း တက်ရောက်

နေပြည်တော် စက်တင်ဘာ ၂

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းသည် စင်ကာပူနိုင်ငံ Shangri-La Hotel ၌ ဩဂုတ် ၂၈ ရက်မှ စက်တင်ဘာ ၁ ရက်အထိ ကျင်းပသည့် အကြိမ် (၅၀)မြောက် အာဆီယံစီးပွားရေးဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်ခဲ့ပြီး ယနေ့ မွန်းလွဲပိုင်းတွင် ပြန်လည်ရောက်ရှိသည်။

ဩဂုတ် ၂၉ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် အာဆီယံစီးပွားရေးဝန်ကြီးများသည် စင်ကာပူနိုင်ငံဝန်ကြီးချုပ် လီရှန်လုံးအား Shangri-La Hotel ၌ တွေ့ဆုံနှုတ်ဆက်ခဲ့ပြီး အကြိမ် (၅၀)မြောက် အာဆီယံစီးပွားရေးဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် (၁၀)ကြိမ်မြောက် စီအယ်လ်အမ်ဗွီ(ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ဗီယက်နမ်) စီးပွားရေးဝန်ကြီးများ အစည်းအဝေး၊ (၃၂)ကြိမ်မြောက် အာဆီယံကုန်သွယ်မှုဒေသကောင်စီ အစည်းအဝေး၊ (၂၁)ကြိမ်မြောက် အာဆီယံရင်းနှီးမြှုပ်နှံမှုဒေသကောင်စီ အစည်းအဝေးနှင့် အကြိမ်(၅၀)မြောက် အာဆီယံစီးပွားရေးဝန်ကြီးများ အစည်းအဝေးတို့သို့ တက်ရောက်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဩဂုတ် ၃၀ ရက်မှ စက်တင်ဘာ ၁ ရက်အထိ ကျင်းပသည့် (၁၇)ကြိမ်မြောက် အာဆီယံ-တရုတ်၊ (၂၄)ကြိမ်မြောက် အာဆီယံ-ဂျပန်၊ (၁၅)ကြိမ်မြောက် အာဆီယံ-ကိုရီးယား၊ (၂၁)ကြိမ်မြောက် အာဆီယံ အပေါင်းသုံး (တရုတ်၊ ဂျပန်၊ ကိုရီးယား)၊ အာဆီယံ-အမေရိကန်၊ (၂၃)ကြိမ်မြောက် အာဆီယံ-ဩစတြေးလျ-နယူးဇီလန်၊ (၆)ကြိမ်မြောက် အရှေ့အာရှ၊ (၁၅)ကြိမ်မြောက် အာဆီယံ-အိန္ဒိယ၊ (၇)ကြိမ်မြောက် အာဆီယံ-ကနေဒါ၊ (၇)ကြိမ်မြောက် အာဆီယံ-ရုရှား စီးပွားရေးဝန်ကြီးများ အစည်းအဝေးနှင့် (၆)ကြိမ်မြောက် ဒေသတွင်းဘက်စုံ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု ဝန်ကြီးအဆင့် အစည်းအဝေးတို့သို့ တက်ရောက်ဆွေးနွေးခဲ့ပြီး (၁၀)ကြိမ်မြောက် မဲခေါင်-ဂျပန် စီးပွားရေးဝန်ကြီးများ အစည်းအဝေးတွင် ပူးတွဲသဘာပတိအဖြစ် ဆောင်ရွက်ခဲ့သည်။

အဆိုပါ အစည်းအဝေးများတွင် အာဆီယံစီးပွားရေးအသိုက်အဝန်း ၂၀၂၅ အကောင်အထည်ဖော်မှုနှင့် စင်ကာပူနိုင်ငံမှ ၂၀၁၈ ခုနှစ် အာဆီယံအလှည့်ကျဥက္ကဋ္ဌ တာဝန်ယူစဉ်အတွင်း ဆောင်ရွက်လျက်ရှိသည့် စီးပွားရေးဆိုင်ရာ ဦးစားပေးလုပ်ငန်းများ၏ ဖြစ်ပေါ်တိုးတက်မှု အခြေအနေများ၊ အာဆီယံအပေါင်းတစ် လွတ်လပ်သော ကုန်သွယ်မှုဒေသ အကောင်အထည်ဖော်မှုကိစ္စရပ်များ၊ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များ၊ စေ့စပ်ညှိနှိုင်းလျက်ရှိသည့် ဒေသတွင်း ဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ရှေ့ဆက်လက်ဆောင်ရွက်ရမည့် ကိစ္စရပ်များအပေါ် လမ်းညွှန်မှုပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးသည် အမေရိကန် ဒုတိယကုန်သွယ်ရေးကိုယ်စားလှယ် Jeffrey D.Gerrish နှင့်လည်းကောင်း၊ အမေရိကန်-အာဆီယံ စီးပွားရေးကောင်စီဥက္ကဋ္ဌ Alexander C. Feldman ဦးဆောင်သည့် အာဆီယံ-အမေရိကန် စီးပွားရေးကောင်စီအဖွဲ့နှင့် လည်းကောင်း တွေ့ဆုံဆွေးနွေးခဲ့သည်။

အဆိုပါ အစည်းအဝေးကာလအတွင်း အာဆီယံစီးပွားရေးဝန်ကြီးများသည် အာဆီယံကုန်စည်ကုန်သွယ်ရေးသဘောတူစာချုပ်ကို ပြင်ဆင်သည့် ပထမအခြေပြုစာချုပ်နှင့် အာဆီယံဝန်ဆောင်မှုဆိုင်ရာ မူဘောင်သဘောတူစာချုပ်၏ ဒသမအသုတ်ကတိကဝတ်များ အကောင်အထည်ဖော်ရေးအခြေပြုစာချုပ်တို့ကို လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ရေကြီးမှုကြောင့် ပျက်စီးသွားသော ကလိုင်းကနိုင်ခုနစ်ထွေ လမ်းမကြီးအား အဆင့်မြှင့်တင်

ကျိုက်မရော စက်တင်ဘာ ၂

မော်လမြိုင်ခရိုင် ကျိုက်မရောမြို့နယ်ရှိ ရေကြီးနစ်မြုပ်မှုကြောင့် ပျက်စီးသွားသော ကလိုင်းကနိုင်ခုနစ်ထွေ လမ်းမကြီးရှိ ရေစီးကြောင်းများအား လမ်းပခုံး မထိခိုက်စေရန် အဆင့်မြှင့်တင်ထိန်းသိမ်းခြင်းလုပ်ငန်းကို လမ်းဦးစီးဌာနမှ တာဝန်ခံနှင့် ဝန်ထမ်းများက စက်တင်ဘာ ၂ ရက် နံနက်မှစ၍ အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိသည်။

ဆက်လက်၍ ကျိုက်မရော-မုဒုံလမ်း မိုင်တိုင် (၂၇/၀- ၃၂/၅) အတွင်း မိုးဒဏ်ကြောင့် လမ်းပျက်စီးမှုများ၊ ချိုင့်ခွက်များ၊ အပေါက်များ ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိကြောင်း လမ်းဦးစီးဌာနမှ သိရသည်။

ချိုမြတ်မြတ်ထွေး(ကျိုက်မရော)

ကြေးမုံ

ခေတ္တစာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူးများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ Mirror
၁၉၅၇ ခုနှစ်တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

✻ **ရွှေဖုံးမှ**

ရွှေတိဂုံစေတီတော်မြတ်ကြီးနှင့် ဝတ္ထုကံမြေအတွင်း လုံခြုံရေးစနစ် အဆင့်မြှင့်တင်ရေးဆိုင်ရာများနှင့်စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းနှင့် အစည်းအဝေးတက်ရောက်လာကြသူများက အထွေထွေကိစ္စရပ်များကို ဆွေးနွေးတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရွှေတိဂုံစေတီတော်မြတ်ကြီးနှင့် ဝတ္ထုကံမြေအတွင်း လုံခြုံရေးစနစ် အဆင့်မြှင့်တင်ရေးသည် ရန်ကုန်တိုင်းဒေသကြီးအတွင်း လုံခြုံရေးဆိုင်ရာဆောင်ရွက်မှုများမှ အစိတ်အပိုင်းတစ်ခုဖြစ်သည့်အတွက် အခြားလုံခြုံရေးဆိုင်ရာဆောင်ရွက်မှုများနှင့်လည်း ချိတ်ဆက်ဆောင်ရွက်သွားနိုင်ရေး အရေးကြီးသည့် လုံခြုံရေးဆိုင်ရာ ဆောင်ရွက်မှုတစ်ခုဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်နှင့်အဖွဲ့ ကိုရီးယားသမ္မတနိုင်ငံသို့ ထွက်ခွာ

ရန်ကုန် စက်တင်ဘာ ၂

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်နှင့်အဖွဲ့သည် ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့၌ စက်တင်ဘာ ၂ ရက်မှ ၅ ရက်အထိ ကျင်းပမည့် ကိုရီးယားဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးတည်ထောင်ခြင်းနှစ် ၃၀ ပြည့် အထိမ်းအမှတ်အခမ်းအနားနှင့် အပြည်ပြည်ဆိုင်ရာညီလာခံသို့ တက်ရောက်ရန်အတွက် ယမန်နေ့ည ၁၁ နာရီ ၁၅ မိနစ်တွင် ရန်ကုန်မြို့မှ ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့သို့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးမှ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်နှင့်အတူ အဖွဲ့ဝင်အဖြစ် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးအဖွဲ့ဝင် ဦးကျော်ဆန်း၊ ညွှန်ကြားရေးမှူး ဦးညီညီလွင်တို့ လိုက်ပါသွားကြောင်း သတင်းရရှိသည်။

သတင်းစဉ်

JATA Tourism Expo 2018 ၌ မြန်မာနိုင်ငံကိုယ်စားပြုခရီးသွားပြခန်း ပါဝင်ပြသနိုင်ရေး တတိယအကြိမ် အစည်းအဝေးကျင်းပ

ရန်ကုန် စက်တင်ဘာ ၂

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၏ စီစဉ်ဆောင်ရွက်မှုဖြင့် JATA Tourism Expo 2018 သို့ မြန်မာနိုင်ငံကိုယ်စားပြုခရီးသွားပြခန်း ပါဝင်ပြသနိုင်ရေး တတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ အင်းလျားလိတ်ဟိုတယ်၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင် တက်ရောက်၍ အမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏ National Brand ဖြစ်သော Myanmar : Let the journey begin ကို၂၀၁၃ ခုနှစ်က စတင်အသုံးပြုခဲ့ရာ ငါးနှစ်ကြာမြင့်ပြီဖြစ်သည့်အတွက် Branding အသစ် Myanmar:Be Enchanted ကို နိုင်ငံတကာသို့ မြှင့်တင်ကြော်ငြာရန် ပြပွဲကာလအတွင်း မြှင့်တင်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြောင်းလဲလာသည့် ခေတ်နှင့်အညီ Digital နည်းပညာကို အသုံးပြုပြီး ခရီးသွားလုပ်ငန်းမြှင့်တင်ရေးကို ထိရောက်စွာ ဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် ပုဂ္ဂလိက Digital Marketing အသင်းအဖွဲ့များနှင့် ပူးပေါင်း၍ Digital Marketing ကော်မတီကို ဖွဲ့စည်းပြီးဖြစ်ပါကြောင်း၊ ပြည်ပခရီးသွားဈေးကွက်ကော်မတီကိုလည်း ဖွဲ့စည်းထားပြီးဖြစ်ပါကြောင်း၊ ခရီးသွားလုပ်ငန်းမြှင့်တင်ရေးကို ကော်မတီများပေါင်းစပ်၍ ဝိုင်းဝန်းဆောင်ရွက်ကြစေလိုပါကြောင်း၊ ပြည်တွင်းခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း အားပေးရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် အစည်းအဝေးတက်ရောက်လာသူများက Branding အသစ်ဖြစ်သော Myanmar:Be Enchanted မြှင့်တင်ကြော်ငြာနိုင်ရေး ဆောင်ရွက်ထားရှိမှု၊ ပြပွဲအစီအစဉ်နှင့် UNWTO Ministerial Round Table Meeting အစီအစဉ်များ၊ ပြပွဲတက်ရောက်နိုင်ရေး အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။ ဆက်လက်၍ မြန်မာ-ဂျပန် ခရီးသွားလုပ်ငန်းကော်မတီမှ ဂျပန်ခရီးသွားများ မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်နိုင်ရေး ဆောင်ရွက်မည့်အစီအစဉ်များ၊ မြန်မာ-ကိုရီးယား ခရီးသွားဖွံ့ဖြိုးတိုးတက်ရေးကော်မတီတို့မှ ရှေ့ဆက်ဆောင်ရွက်မည့် ကိုရီးယားဈေးကွက် ခရီးသွားမြှင့်တင်ရေးအစီအစဉ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

JATA Tourism Expo 2018 သို့ မြန်မာနိုင်ငံကိုယ်စားပြုခရီးသွားပြခန်း ပါဝင်ပြသနိုင်ရေး တတိယအကြိမ် ညှိနှိုင်းအစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင် အမှာစကားပြောကြားစဉ်။

❖ **ရန်ကုန်-မန္တလေးမှ**

အလားတူ အမှတ် ၄ အစုန်အမြန်ရထားတွဲဆိုင်းသည်လည်း မန္တလေးဘူတာမှ ည ၁၀ နာရီတွင် ထွက်ခွာပြီး ဆွာဘူတာသို့ နံနက် ၆ နာရီတွင် ရောက်ရှိကာ ရထားစီးခရီးသည်များအနေဖြင့် ရေတာရှည်ဘူတာသို့ ကားပြောင်းစီးပြီး ရေတာရှည်ဘူတာမှတစ်ဆင့် နံနက် ၈ နာရီတွင် ထွက်ခွာ၍ ရန်ကုန်ဘူတာကြီးသို့ ညနေ ၄ နာရီတွင် ဆိုက်ရောက်မည်ဖြစ်သည်။

လက်ရှိပြေးဆွဲပေးနေသည့် ရန်ကုန်-တောင်ငူ အဆန်အထူးရထားတွဲဆိုင်းကိုလည်း စက်တင်ဘာ ၂ ရက်မှစတင်၍ ရန်ကုန်ဘူတာကြီးမှ ညနေ ၃ နာရီတွင် အချိန်ပြောင်း၍ ပြေးဆွဲပေးလျက်ရှိပြီး တောင်ငူဘူတာသို့ ည ၉ နာရီ ၁၅ မိနစ်တွင် ဆိုက်ရောက်မည်ဖြစ်သည်။ အလားတူ အစုန်အထူးရထားတွဲဆိုင်းကိုလည်း စက်တင်ဘာ ၃ ရက်မှစတင်၍ တောင်ငူဘူတာမှ ည ၁၀ နာရီခွဲတွင် အချိန်ပြောင်း၍ ပြေးဆွဲပေးမည်ဖြစ်ပြီး ရန်ကုန်ဘူတာကြီးသို့ နံနက် ၅ နာရီတွင် ဆိုက်ရောက်မည်ဖြစ်သည်။ လမ်းခရီး၌ အမှတ် ၃ အဆန်၊ ၃၁ အဆန်၊ ၇ အဆန် ရထားများ ရပ်တန့်သည့် ဘူတာများဖြစ်သော တိုးကြောင်ကလေး၊ ပဲခူး၊ ဒိုက်ဦး၊ ပြွန်တန်ဆာ၊ ညောင်လေးပင်၊ ပိန်းဇလုပ်၊ ကျောက်တံခါး၊ ပဲနွယ်ကုန်း၊ ကညွတ်ကွင်း၊ ဖြူးနှင့် ဇေယျာဝတီဘူတာများတွင် ရပ်တန့် ပေးသွားမည်ဖြစ်ကာ ရန်ကုန်-တောင်ငူနှင့် တောင်ငူ-ရန်ကုန် ခရီးစဉ်ကို အစုန်၊ အဆန် နေ့စဉ်ပြေးဆွဲပေးသွားမည်ဖြစ်သည်။

ဩဂုတ် ၃၁ ရက်မှစတင်၍ ပြေးဆွဲပေးနေသည့် အမှတ် ၁၁ အဆန်၊ ၁၂ အစုန် ရန်ကုန်-မန္တလေး အမြန်ရထားတွဲဆိုင်းများနှင့် ပျဉ်းမနား- မန္တလေး အစုန်၊ အဆန် အထူးရထားတွဲဆိုင်းများကိုလည်း ယခင်အတိုင်း ဆက်လက်ပြေးဆွဲပေးသွားမည် ဖြစ်ကြောင်း၊ အဆိုပါ ခရီးစဉ်အတွင်း ရန်ကုန်ဘူတာကြီးမှ နံနက် ၆ နာရီတွင် ထွက်ခွာမည့် အမှတ် ၁၁ အဆန်အမြန်ရထားတွဲဆိုင်းမှာ မန္တလေးဘူတာသို့ ည ၉ နာရီတွင် ဆိုက်ရောက်မည်ဖြစ်ပြီး မန္တလေးဘူတာမှ နံနက် ၆ နာရီတွင် ထွက်ခွာမည့် အမှတ် ၁၂ အစုန် အမြန်ရထားတွဲဆိုင်းမှာ ရန်ကုန်ဘူတာကြီးသို့ည ၉ နာရီတွင် ဆိုက်ရောက်မည်ဖြစ်ကြောင်း၊ ပျဉ်းမနားဘူတာမှ နံနက် ၆ နာရီတွင် ထွက်ခွာမည့် အဆန်အထူးရထားတွဲဆိုင်းမှာ မန္တလေးဘူတာသို့ မွန်းလွဲ ၁၂ နာရီ မိနစ် ၂၀ တွင် ဆိုက်ရောက်မည်ဖြစ်ပြီး မန္တလေးဘူတာမှ ညနေ ၅ နာရီတွင် ပြန်လည်ထွက်ခွာမည့် အစုန်အထူးရထားတွဲဆိုင်းမှာ ပျဉ်းမနားဘူတာသို့ ည ၁၁ နာရီ မိနစ် ၂၀ တွင် ဆိုက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

မြန်မာ့မီးရထားအနေဖြင့် ရန်ကုန်နှင့် မန္တလေး ခရီးဆုံးဘူတာများသို့ သွားရောက်လိုသည့် ခရီးသည်များပြားလာသောကြောင့် ရထားစီးခရီးသွားပြည်သူများ သွားလာမှုအဆင်ပြေချောမွေ့စေရန်အတွက် ရထားခရီးစဉ်ကို တိုးချဲ့ပြင်ဆင်ပြေးဆွဲပေးခြင်းဖြစ်ကြောင်း မြန်မာ့မီးရထားမှ သိရသည်။

သတင်း-ပွင့်သစ္စာ
ဓာတ်ပုံ-စိုးမြင့်အောင်

ပေါင်းတည်၌ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းခွင်အကြိုသင်တန်းဖွင့်

ပေါင်းတည် စက်တင်ဘာ ၂

၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲမတိုင်မီ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းခွင်အကြိုသင်တန်းဖွင့်ပွဲကို ပြည်ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ ကြီးမှူးပြီး ပေါင်းတည်၊ သဲကုန်းမြို့နယ် နှစ်မြို့နယ်ပေါင်း၍ ပေါင်းတည်မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၌ ဩဂုတ် ၂၉ ရက် နံနက် ၈ နာရီခွဲတွင် ကျင်းပသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဝင် ဦးအောင်မြင့်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးကျော်ညွန့်နှင့် ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ဦးဇော်ဝင်းတို့က သင်တန်းပို့ချပြီး ပေါင်းတည်မြို့နယ်နှင့် သဲကုန်းမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်ခြောက်ဦးစီဖြင့် စုစုပေါင်း ၁၂ ဦး တက်ရောက်ခဲ့သည်။

သင်တန်းကို ဩဂုတ် ၂၉ ရက်မှ ၃၀ ရက်အထိ နှစ်ရက်တိုင် ဖွင့်လှစ်ခဲ့ပြီး သင်တန်းတွင် သင်ရိုး ၁၂ ခုအပေါ် အခြေခံလျက် သင်တန်းဆရာ၊ သင်တန်းသားများ အပြန်အလှန် ဆွေးနွေးခဲ့ကြပြီး ဩဂုတ် ၃၀ ရက် ညနေ ၄ နာရီ ၄၅ မိနစ်တွင် သင်တန်းဆင်းပွဲပြုလုပ်ခဲ့ကြောင်း သိရသည်။

တင်ဝင်းဇော်(မင်းသားကြီး)

သီပေါမြို့နယ် ပြောင်းစိုက်ခင်းများတွင် ငမြှောင်တောင်ပိုးကျ၍ ကာကွယ်နှိမ်နင်း

သီပေါ စက်တင်ဘာ ၂

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ် ရှိမိုင်းလင်းကျေးရွာအုပ်စု၊ ပန်မိတ်ကျေးရွာအုပ်စုနှင့် နမ့်လန်ကျေးရွာအုပ်စု အတွင်းရှိ ကျေးရွာများတွင် ငမြှောင်တောင်ပိုးကျမှုကြောင့် ပြောင်းသီးနှံပင်များ ပျက်စီးမှုဖြစ်ပေါ်ခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အဆိုပါ ကျေးရွာအုပ်စုအတွင်းရှိ ဒေသခံတောင်သူများ စိုက်ပျိုးထားသော ပြောင်းစိုက်ခင်းများမှာ မိုးအဆက်မပြတ်ရွာသွန်းပြီး တောင်ကျချောင်းရေများကြောင့် ပျက်စီးခဲ့သည့်အပြင် ငမြှောင်တောင်ပိုးများလည်း ကျရောက်သဖြင့် ဧက ၉၀ ခန့် ပျက်စီးဆုံးရှုံးခဲ့သည်။

“ဒီပိုးက ပြောင်းသီးနှံတွေမှာဆိုရင် သုံးနှစ်တစ်ကြိမ်ကျရောက်တတ်တဲ့ ပိုးဖြစ်ပါတယ်။ ပိုးကျတဲ့ ပြောင်းသီးနှံတွေအတွက် စိုက်ခင်းတွေအထိ စိုက်ပျိုးရေးဦးစီးဌာနနဲ့ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနတို့ ပူးပေါင်းပြီး ပိုးကျတောင်သူတွေထံ ပညာပေးလုပ်ငန်းတွေ ဆောင်ရွက်နေပါတယ်။ လက်ရှိမှာတော့ ပိုးကိုနိုင်နင်းတဲ့ အနေအထားဖြစ်သွားပါပြီ။ တခြားကျေးရွာက သီးနှံတွေထဲ ငမြှောင်တောင်ပိုးတွေ မပြန့်ပွားနိုင်အောင် တောင်သူတွေကို ပညာပေးပြီး ဆက်လက် ဆောင်ရွက်လျက်ရှိပါတယ်။ ပိုးသတ်ဆေးတွေကိုလည်း ဌာနအနေနဲ့ အခမဲ့ကူညီပြီး သုံးစွဲပုံသုံးစွဲနည်းကို ပညာပေးဆောင်ရွက်ခဲ့ပါတယ်”ဟု မြို့နယ်ဦးစီးမှူး ဦးမိုးကျော်စွာဝင်းက ပြောသည်။

စိုင်း(သီပေါ)

■

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့်အဖွဲ့ ဆိုးလ်မြို့ရှိ Kyobo Library၊ Starfield Library နှင့် Gyeongbokgung Palace တို့ကို ကြည့်ရှုလေ့လာ

ဆိုးလ် စက်တင်ဘာ ၂
ကိုရီးယားသမ္မတနိုင်ငံ၌ ရုပ်ရှင်နှင့် ဗီဒီယိုဆိုင်ရာ လေ့လာရေးခရီး ရောက်ရှိနေသည့် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် အဖွဲ့သည် ယနေ့တွင် ဆိုးလ်မြို့ရှိ Kyobo Library၊ Starfield Library နှင့် Gyeongbokgung Palace တို့ကို သွားရောက်ကြည့်ရှုလေ့လာကြသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နံနက်ပိုင်းတွင် Kyobo Library ၌ ကြည့်ရှုလေ့လာကြသည်။ ယင်းစာကြည့်တိုက်သည် ဆိုးလ်မြို့တော်၏ မြို့လယ်ရှိ ကျိုဘိုတာဝါ၏ မြေညီထပ်တွင်တည်ရှိပြီး အကျယ်အဝန်း စတုရန်းမီတာ ၁၁၉၀၀ ရှိသော ကိုရီးယားသမ္မတနိုင်ငံ၏ အကြီးဆုံးစာကြည့်တိုက်နှင့် စာအုပ်အရောင်းဆိုင်ဖြစ်သည်။

ထို့နောက် Starfield Library ကို သွားရောက်ကြည့်ရှုလေ့လာကြသည်။**(ယာပုံ)**

ဆိုးလ်မြို့ရှိ အကြီးဆုံး Starfield COEX Mall ၏ အလယ်တွင် စတုရန်းမီတာ ၂၈၀၀ အကျယ်အဝန်း၌ ၁၃ မီတာအမြင့် အဆောက်အအုံကို ခေတ်သစ်ဗိသုကာ လက်ရာမြောက်စွာဖြင့် တည်ဆောက်ထားသည်။ ယင်းတွင် ကိုရီးယားစာအုပ်ပေါင်း ငါးသောင်းကျော်နှင့် နိုင်ငံတကာ မဂ္ဂဇင်းများ ပြသထားရှိပြီး ဈေးရောင်းဈေးဝယ်များ၊ အပန်းဖြေသူများ လွယ်ကူစွာဖတ်ရှုနိုင်အောင် စီစဉ်ထားရှိသည်။

ညနေပိုင်းတွင် Gyeongbokgung Palace သို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။

Gyeongbokgung Palace ကို ၁၃၉၅ ခုနှစ်တွင် အဓိကနန်းတော်အဖြစ် တည်ဆောက်ခဲ့ပြီး ဂျိုဆောင်းမင်းဆက် (၁၃၉၂ -၁၉၁၀) က တည်ဆောက်ခဲ့သည့် တော်ဝင်နန်းတော်များအနက် ပင်မနန်းတော်တစ်ခုဖြစ်သည်။ ၁၅၉၂ ခုနှစ်တွင် တစ်ကြိမ်၊ ၁၉၁၀ - ၁၉၄၅ ခုနှစ်တွင် တစ်ကြိမ် ဖျက်ဆီးခြင်းခံခဲ့ရပြီး ၁၉၉၀ ပြည့်နှစ်တွင် ပြန်လည်မွမ်းမံတည်ဆောက်ခဲ့ခြင်း ဖြစ်သည်။ ယခုအခါ ပြည်တွင်းပြည်ပ ခရီးသွားဧည့်သည်များ လေ့လာလည်ပတ်ရာ ဆိုးလ်မြို့၏ အဓိကနေရာဖြစ်သည်။

သတင်းစဉ်

မြိတ်မြို့ ပြည်သူ့ဆေးရုံကြီး၌ ရဲတပ်ဖွဲ့ဝင်နှင့် မိသားစုများ စုပေါင်းသွေးလှူဒါန်း

နေပြည်တော် စက်တင်ဘာ ၂
၂၀၁၈ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် (၅၄)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ယနေ့ နံနက် ၈ နာရီက မြိတ်မြို့ ပြည်သူ့ဆေးရုံကြီး၌ စုပေါင်းသွေးလှူဒါန်းမှုအခမ်းအနား ကျင်းပခဲ့ရာ မြိတ်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးတင်ထွန်း အနီးကပ်ကြီးကြပ်ကွပ်ကဲမှုဖြင့် တပ်ဖွဲ့ဝင်နှင့် မိသားစုဝင်စုစုပေါင်း ၆၂ ဦးတို့က စုပေါင်းသွေးလှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

ကိုရဲ

မြဝတီမြို့၌ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အကြို စာစီစာကုံး၊ ကာတွန်း၊ ပန်းချီပြိုင်ပွဲ ပြုလုပ်

မြဝတီ စက်တင်ဘာ ၂
မြဝတီခရိုင် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စိတ်နှင့် ပညာရေးဌာနတို့ ပူးပေါင်း၍ ဆဋ္ဌမအကြိမ်မြောက် မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ခရိုင်အဆင့် စာစီစာကုံး၊ ပန်းချီနှင့် ကာတွန်းပြိုင်ပွဲကို မြဝတီမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းတွင် စက်တင်ဘာ ၂ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။

ပြိုင်ပွဲကျင်းပသည့်နေရာသို့ ခရိုင်အုပ်ချုပ်ရေးမှူး ဦးထူးလွင်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်အောင်၊ ခရိုင်ရဲမှူး ဒုတိယရဲမှူးကြီး အောင်နိုင်ထွန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးဇော်ကိုကို၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးတပ်ဖွဲ့စိတ်မှူး ဒုတိယရဲမှူး ရဲနေဝင်းအောင်၊ မြို့နယ်ပညာရေးမှူးနှင့် အဖွဲ့ဝင်များက သွားရောက်ကြည့်ရှုအားပေးကြသည်။

ပြိုင်ပွဲသို့ မြဝတီခရိုင်အတွင်းရှိ ကျောင်းအသီးသီးမှ ကျောင်းသားကျောင်းသူများ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး စာစီစာကုံးပြိုင်ပွဲတွင် အထက်တန်းအဆင့် ၂၉ ဦး၊ အလယ်တန်းအဆင့် ၄၁ ဦး၊ ကာတွန်းပြိုင်ပွဲတွင် အထက်တန်းအဆင့် ၅၀၊ အလယ်တန်းအဆင့် ၆၇ ဦး၊ မူလတန်းအဆင့် ၁၈ ဦး၊ မူလတန်းအဆင့် ပန်းချီပြိုင်ပွဲတွင် ၂၂ ဦး စုစုပေါင်း ၂၂၇ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်းနှင့် ဆုရရှိသူများကို လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အခမ်းအနားတွင် ဆုများချီးမြှင့်ပေးမည်ဖြစ်ကြောင်း သိရသည်။

သိန်းသန်း(ပြန်/ဆက်)

ပခုက္ကူ၌ လူငယ်ခေါင်းဆောင်များ ပျိုးထောင်ခြင်းသင်တန်း ပြုလုပ်

ပခုက္ကူ စက်တင်ဘာ ၂
ပခုက္ကူလူငယ်ဖွံ့ဖြိုးရေးအသင်းကကြီးမှူး၍ လူငယ်ခေါင်းဆောင်များ ပျိုးထောင်ခြင်းသင်တန်းကို စက်တင်ဘာ ၂ ရက် နံနက် ၉ နာရီက ပခုက္ကူခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပခုက္ကူလူငယ်ဖွံ့ဖြိုးရေးအသင်း အကြံပေး ဦးဇင်မင်းထွန်းက ပခုက္ကူမြို့ရှိ လူငယ်များကို တာဝန်ယူမှု၊ တာဝန်ခံမှုရှိသည့် ခေါင်းဆောင်ကောင်းများ ဖြစ်လာစေရန်၊ စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်သည့် အနာဂတ်လူငယ်ခေါင်းဆောင်များ ပေါ်ထွန်းလာစေရန် စသည့် ရည်ရွယ်ချက်များဖြင့် သင်တန်းပြုလုပ်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ သင်တန်းနည်းပြ ပေါ်ပြူလာဂျာနယ် အယ်ဒီတာချုပ် ဦးညိုသစ်ငယ်က အောင်မြင်မှုကို ဘယ်လိုယူမလဲ၊ ခေါင်းဆောင်ကောင်းတစ်ဦးဖြစ်ဖို့ ဘာတွေသိရမလဲ၊ လုပ်ငန်းခွင်စီမံခန့်ခွဲမှုများက ဘာလဲ၊ ကာလာသီအိုရီအကြောင်းနှင့် စီးပွားရေးလုပ်ငန်း အမှတ်တံဆိပ်များကို ဘယ်လိုပြုလုပ်သင့်သလဲ၊ ပျော်ရွှင်စွာ ဘဝနေထိုင်နည်းက ဘာလဲ၊ ကမ္ဘာကြီးကို ဘယ်လိုကျေးဇူးဆပ်မလဲ စသည့် အကြောင်းအရာများနှင့်ပတ်သက်၍ ပို့ချသင်ကြားပေးသည်။

သင်တန်းတွင်တက်ရောက်လာသည့် သင်တန်းသားသင်တန်းသူများနှင့် အပြန်အလှန်ဆွေးနွေးခြင်း၊ မေးခွန်းများ မေးမြန်းခြင်း၊ အုပ်စုဖွဲ့ဆွေးနွေးခြင်းများ ပြုလုပ်သည်။ သင်တန်းသို့ ပခုက္ကူလူငယ် ဖွံ့ဖြိုးရေးအသင်းဝင်များနှင့် ပခုက္ကူမြို့ပေါ်ရှိ စိတ်ဝင်စားသူများ တက်ရောက်ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

ဘင်္ဂလားပင်လယ်အော် အခြေအနေ
ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်အတင့် ရှိနေသည်။

မြန်မာ့ပင်လယ်ပြင် အခြေအနေ
လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ရှစ်ပေခန့် ရှိနိုင်သည်။

ဘရူနိုင်းနိုင်ငံတွင် ကျင်းပမည့် အာဆီယံအမျိုးသား ရဲအဖွဲ့ ရဲချုပ်များ ညီလာခံတက်ရောက်ရန် မြန်မာကိုယ်စားလှယ်အဖွဲ့ ထွက်ခွာ

ရန်ကုန် စက်တင်ဘာ ၂

ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး အောင်ဝင်းဦး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဘရူနိုင်းနိုင်ငံ ဘန်ဒါဆရီဘီဂါဝမ်မြို့၌ ကျင်းပမည့် (၃၈)ကြိမ်မြောက် အာဆီယံအမျိုးသား ရဲအဖွဲ့ ရဲချုပ်များ ညီလာခံသို့တက်ရောက်ရန် ယနေ့ နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာသွားသည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး အောင်ဝင်းဦး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့အား အမှတ်(၂)လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့ ကွပ်ကဲရေးမှူး ရဲမှူးချုပ်တင်ကိုကို၊ ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးချုပ်ဝင်းနိုင်၊ ယာဉ်ထိန်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီး အောင်ကိုဦး၊ လေကြောင်းရဲတပ်ဖွဲ့ ဒုတိယတပ်ဖွဲ့မှူး ယာယီရဲမှူးကြီး ထူးအောင်၊ လေကြောင်းရဲကွပ်ကဲမှုအဖွဲ့ခွဲမှူး ယာယီရဲမှူးကြီး မျိုးမင်းနှင့် တပ်ဖွဲ့အသီးသီးမှ ရဲအရာရှိကြီးများက လိုက်ပါပို့ဆောင်ခဲ့သည်။

အဆိုပါ (၃၈)ကြိမ်မြောက် အာဆီယံအမျိုးသားရဲအဖွဲ့ ရဲချုပ်များညီလာခံကို ဘရူနိုင်းနိုင်ငံ ဘန်ဒါဆရီဘီဂါဝမ်မြို့၌ စက်တင်ဘာ ၃ ရက်မှ ၅ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ကော့ကရိတ်မြို့၌ ကရင်ရိုးရာ ချည်ဖြူဖွဲ့မင်္ဂလာအခမ်းအနား စည်ကားသိုက်မြိုက်စွာ ကျင်းပ

ကော့ကရိတ် စက်တင်ဘာ ၂

မြို့နယ်လုံးကျွတ် ကရင်ရိုးရာချည်ဖြူဖွဲ့ မင်္ဂလာအခမ်းအနားကို စက်တင်ဘာ ၂ ရက် နံနက် ၇ နာရီ ၁၅မိနစ်က ကရင်ပြည်နယ် ကော့ကရိတ်မြို့ အမှတ်(၃)ရပ်ကွက် ပန်းခြံလမ်းရှိ ဒေါနခန်းမ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

အခမ်းအနားကို ကရင်မင်္ဂလာသီချင်းဖြင့်ဖွင့်လှစ်ခဲ့ပြီး သဘာပတိအဖြစ်ဆောင်ရွက်သည့် ဦးစောရွှေကြည်က အဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်ပြီး ချည်ဖြူဖွဲ့မင်္ဂလာ ဖြစ်ပေါ်လာပုံအကြောင်းကို နော်ဖူးအဲဒိုက ပိုးကရင်ဘာသာဖြင့်လည်းကောင်း၊ နော်ဖော့ဝါက စကောကရင်ဘာသာဖြင့် လည်းကောင်း၊ နော်သဇင်ဖူးက မြန်မာဘာသာဖြင့်လည်းကောင်း ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ထို့နောက် သမိန်ဒွတ်ကျောင်းဆရာတော် ဉူးနန္ဒောဘာသက ဩဝါဒမြွက်ကြားပြီး ဦးဘီစံသိန်းမြင့်က အမှာစကားပြောကြားကာ ကရင်တိုင်းရင်းသား တိုင်းရင်းသူလေးများက

ရိုးရာအကဖြင့် ဖြေဖျော်ခြင်း၊ ချည်ဖြူဖွဲ့ပေးမည့် အဘိုးအဘွားများကလိပ်ပြာခေါ်ယူပြီး တက်ရောက်လာသူများက တစ်ဦးနှင့်တစ်ဦး ချည်ဖြူဖွဲ့များ ချည်ကြပြီး ကရင်ရိုးရာဒိုးအကဖြင့် ဖျော်ဖြေရာ ဒိုးအဖွဲ့များကို တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

မင်းသူ(ဘားအံ)

အမျိုးသားပြတိုက်(နေပြည်တော်)သို့ အလည်တစ်ခေါက်

နေပြည်တော် စက်တင်ဘာ ၂

နေပြည်တော် ဥတ္တရသီရိမြို့နယ် ကုမုဒြာကြာပန်းအဝိုင်းအနီး ရာဇသင်္ဂဟလမ်းမကြီးပေါ်တွင် တည်ရှိသော ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနအောက်ရှိ အမျိုးသားပြတိုက်(နေပြည်တော်)သို့ စက်တင်ဘာ ၁ ရက်က စာရေးသူရောက်ရှိခဲ့ရာ လေ့လာရေးအဖွဲ့တစ်ခုကို ဦးဆောင်၍ ရောက်ရှိလာသည့် စာရေးဆရာ မင်းသွေးငယ်-ရာမညမြေနှင့် တွေ့ဆုံစဉ် မေးမြန်းထားခဲ့သည်။

"ဒီနေ့ကတော့ ကျွန်တော်တစ်ယောက်တည်းတော့ မဟုတ်ပါဘူး၊ ဌာနတစ်ခုက အင်္ဂလိပ်စာကျောင်းသား ကျောင်းသူတွေနဲ့အတူ ဒီအမျိုးသားပြတိုက်ကို လာရောက်လေ့လာတာ ဖြစ်ပါတယ်၊ ဘာ့ကြောင့်လဲဆိုတော့ နေပြည်တော်မှာ လေ့လာစရာတွေအများကြီး၊ အများကြီးထဲကမှ အခွံကိုနွှာ၊ အကာကိုပစ်၊ အနှစ်ကို ချုပ်လိုက်တော့ တကယ့်မြန်မာ့ ယဉ်ကျေးမှုပေါ့၊ မြန်မာဆိုတာဘာလဲ၊ ခေတ်အဆက်ဆက် မြန်မာတွေက သူ့သမိုင်း၊ သူ့ယဉ်ကျေးမှု၊ ဓလေ့စရိုက်နဲ့ အခိုင်အမာတည်ဆောက်ပြီးတော့ နေလာခဲ့တယ်။

ဒီယဉ်ကျေးမှုတွေက လူသားမျိုးနွယ်အဆက်ဆက်က လက်ဆင့်ကမ်းပေးခဲ့လို့ ဒီနေ့ကျွန်တော်တို့ မြန်မာလူမျိုးတွေအနေနဲ့ ဂုဏ်ယူဝင့်ကြွားခွင့်ရှိတာ၊ အဲဒါကြောင့် မြန်မာတွေသိသင့်သိအပ်တဲ့ ဒီအမျိုးသားပြတိုက်ကို ကိုယ့်ကျောင်းသားတွေလည်း သိစေချင်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ ကုသိုလ်စိတ်ပေါ့၊ ကိုယ်သိရင်သူလည်း သိစေချင်တယ်၊ မြန်မာ့ယဉ်ကျေးမှုနှင့် ပတ်သက်ပြီးတော့ ဒီလိုအနှစ်သာရတွေရှိတယ်၊ ဒီလိုမသိဘဲနဲ့ ဘဝမှာ သက်တမ်းပြည့်လို့ သေဆုံးသွားမယ်ဆိုရင် လူဖြစ်ကျိုးမနပ်ဘူးလို့ ပြောလို့ရတယ်။

ဒီမှာပြခန်းပေါင်းများစွာရှိတယ်။ သမိုင်းမတင်မီ၊ နောက်ပြီးတော့ သမိုင်းဦး၊ သမိုင်းနှောင်းပိုင်း၊ မြန်မာ့ယဉ်ကျေးမှု အစုစုပေါ့၊ ခေတ်အဆက်ဆက်မှာ လူသားမျိုးနွယ် ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ်၊ ခေတ်ပေါင်းများစွာကို ကျော်ဖြတ်ပြီးတော့ ယနေ့ မြန်မာလူမျိုးတွေ ကိုယ့်ရေ ကိုယ့်မြေပေါ်မှာ ပျော်ပျော်ပါးပါးနဲ့ လွတ်လပ်မှုအပြည့်နဲ့ နေထိုင်လာရတဲ့ သမိုင်းစဉ်လေးကို အနှစ်ချုပ်ကြည့်လိုက်ရလို့၊ ဘာကြောင့်ဆိုတော့ ကျွန်တော်တို့က ၂၁ ရာစုမှာ ရှင်သန်ခဲ့ရတဲ့ သူတွေဖြစ်တယ်။

ဟိုအရင် ၁၉ ရာစုကိုလည်း ပြန်မသွားနိုင်တော့ဘူး။ ရုပ်ရှင်သာလျှင် ပြန်ပြီးရစ်လို့ရပေမယ့် သမိုင်းကြောင်းကို ပြန်ရစ်လို့မရတဲ့အတွက် ဒါကို တစ်နေရာတည်းမှာ အနှစ်ချုပ် ဘယ်မှာကြည့်နိုင်မလဲလို့ ကျွန်တော်တို့ ဆုံးဖြတ်လိုက်တဲ့ အခါမှာ ဒီအမျိုးသားပြတိုက်ကို တွေ့တယ်၊ တွေ့တဲ့အချိန်မှာ ကျွန်တော်တို့က ပြခန်းပေါင်းများစွာကို ကြည့်ခဲ့ရတယ်။ အဲဒီပြခန်းတွေက တစ်ခန်းဝင်လိုက်ရင် သမိုင်းတစ်ခေတ်က လူလိုပဲ ခံစားရတယ်။ သူတို့ရဲ့ နေထိုင်ပုံနည်းစနစ်၊ စားသောက်ပုံနည်းစနစ်၊ နေထိုင်လုပ်ကိုင်စားသောက်၊ သွားလာ ယဉ်ကျေးမှု အားလုံး အသေးစိတ်သိရတယ်။ အဲဒါကြောင့် အမျိုးသားပြတိုက်(နေပြည်တော်)ကို လာလေ့လာကြပါလို့ ပြည်သူ ပြည်သားအားလုံးကို ပြောချင်ပါတယ်။

လူတိုင်း အမျိုးသားပြတိုက်ကို လာရောက်လေ့လာစေချင်တယ်။ ပထမဆုံးပြတိုက်နဲ့ အရင်ရင်းနှီးအောင် လာကြည့်ပါလို့ ပြောချင်ပါတယ်။ တစ်ခန်းပြီး တစ်ခန်း ပထမ တစ်ခန်းကြည့်ပြီးရင် နောက်တစ်ခန်းကို ဆက်ကြည့်မိမှာပါလို့ ကျွန်တော် အာမခံရဲပါတယ်။ ဘာကြောင့်လဲဆိုရင် ကျွန်တော်တို့ မသိသေးတဲ့ အရာတွေ အများကြီးဖွဲ့ပြသထားလို့ပါ။ အဲဒါကြောင့် အမျိုးသားပြတိုက်ကိုလာရတာ ကျွန်တော်တို့အတွက် ရတနာသိုက်ရှာပုံတော်ကြီးပါလို့ တင်စားချင်ပါတယ်" ဟု ပြောသည်။

ကိုပေါက်(ဥတ္တမြေ)

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ
သာယာလှပ စိမ်းမြမြ

ရေကြောင်းသတိပေးချက် ထုတ်ပြန်

နေပြည်တော် စက်တင်ဘာ ၂

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော Total E&P Myanmar သည် ကမ်းလွန်ရတနာစီမံကိန်းတွင် သဘာဝဓာတ်ငွေ့ထုတ်လုပ်မှုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ LNG Project လုပ်ငန်းများဆောင်ရွက်နိုင်ရန်အတွက် ဓမင်းဆိပ်ကမ်းခြေတစ်လျှောက်တွင် Survey Vessel, VICTORIA 8 ရေယာဉ်ဖြင့် Subsea and Geotechnical Survey လုပ်ငန်းများဆောင်ရွက်မည့် တည်နေရာများဖြစ်သော Point RO1 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၂၇ မိနစ် ၀၅ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၂ မိနစ် ၂၄ စက္ကန့်၊ Point RO 2 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၂၇ မိနစ် ၂၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၂ မိနစ် ၂၇ စက္ကန့်၊ Point RO3 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၂၇ မိနစ် ၅၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၂ မိနစ် ၃၀ စက္ကန့်၊ Point RO4 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၂၈ မိနစ် ၁၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၂ မိနစ် ၃၃ စက္ကန့်၊ Point RO5 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၂၈ မိနစ် ၄၄ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၂ မိနစ် ၃၆ စက္ကန့်၊ Point RO6 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၂၉ မိနစ် ၁၄ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၂ မိနစ် ၄၀ စက္ကန့်၊ Point RO7 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၂၉ မိနစ် ၄၅ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၂ မိနစ် ၄၃ စက္ကန့်၊ Point RO8 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၃၀ မိနစ် ၁၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၂ မိနစ် ၄၇ စက္ကန့်၊ Point RO9 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၃၀ မိနစ် ၄၉ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၂ မိနစ် ၅၁ စက္ကန့်၊ Point R10 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၃၁ မိနစ် ၂၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၃ မိနစ် ၀၀ စက္ကန့်၊ Point R11 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၃၁ မိနစ် ၄၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၃ မိနစ် ၂၀ စက္ကန့်၊ Point R12 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၃၂ မိနစ် ၀၅ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၃ မိနစ် ၄၇ စက္ကန့်၊ Point R13 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၃၂ မိနစ် ၂၃ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၄ မိနစ် ၁၅ စက္ကန့်၊ Point R14 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၃၂ မိနစ် ၄၁ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၄ မိနစ် ၄၃ စက္ကန့်၊ Point R15 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၃၂ မိနစ် ၅၉ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၅ မိနစ် ၁၀ စက္ကန့်နှင့် Platform Sample မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၂၆ မိနစ် ၂၁ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၂ မိနစ် ၁၉ စက္ကန့်တစ်လျှောက်တွင် စက်တင်ဘာ ၁၅ ရက်မှ နိုဝင်ဘာ ၁၅ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်သည်။

အဆိုပါ ဓမင်းဆိပ်ကမ်းခြေတစ်လျှောက်တွင် လုပ်ငန်းများဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါလမ်းကြောင်းတစ်လျှောက် ဧရိယာမှ (၅)မိုင်ပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်း၊ ငါးဖမ်းကိရိယာများ ချထားခြင်းမပြုလုပ်ကြရန် အသိပေးကြေညာထားသည်။

ငါးလုပ်ငန်းဦးစီးဌာန

အမျိုးသားဖိတ်ခေါ်ဘောလုံး ဗိုလ်လုပွဲနှင့် ဆုပေးပွဲ ကျင်းပ

ပုသိမ် စက်တင်ဘာ ၂

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူး၍ ပုသိမ်မြို့နယ် ဘောလုံးအဖွဲ့ချုပ်က တာဝန်ယူကျင်းပသော ဒုတိယအကြိမ် WE are ONECUP PATHEIN ZONE ကလပ်ပေါင်းစုံ ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲကို ဇူလိုင် ၂၃ ရက်မှ စတင်၍ ပြိုင်ပွဲဝင်ကလပ်အသင်းပေါင်း ၃၂ သင်းတို့သည် ပုသိမ်မြို့ ကျောက်တိုင်အားကစားကွင်း၌ ယှဉ်ပြိုင်ကစားခဲ့သည်။

နောက်ဆုံး ချန်ပီယံဗိုလ်လုပွဲကို စက်တင်ဘာ ၁ ရက် ညနေ ၃ နာရီခွဲတွင် ပုသိမ်မြို့ကျောက်တိုင်ကွင်း၌ Unity FC သာပေါင်းကလပ်အသင်း နှင့် B.N.G FC ကျောင်းကုန်းကလပ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ Unity FC သာပေါင်းကလပ်အသင်းက သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ ပထမရရှိသော Unity FC သာပေါင်းကလပ်အသင်းအား တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်က ဂုဏ်ပြုချီးမြှင့်ခဲ့သည်။

ဒုတိယရရှိသော B.N.G FC ကျောင်းကုန်းအသင်းအား တိုင်းဒေသကြီး ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီး ဦးဌေးဝင်းက ငွေကျပ်ငါးသိန်းနှင့် ပွဲစဉ်တစ်လျှောက်အကောင်းဆုံးကစားသမားဆုရ ရဲဘိုဘိုအား တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ရွှေသောင်းက ဂုဏ်ပြုဆုများချီးမြှင့်ခြင်း၊ အုပ်ချုပ်ရေးမန်နေဂျာက ဘောလုံးပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးကြည်အောင်အား အသင်းသားများအတွက် ဘောလုံး ၁၀၀ ပေးအပ်ခဲ့ကြောင်း သိရသည်။

ပုသိမ်လှကြည်

အသက်အန္တရာယ်ကာကွယ်ဖို့ အသက်ကယ်ထိုင်ခုံခါးပတ် ပတ်ကြစို့

မိမိဟန်နီ (ကညန)

လူ့ဘဝသည် ရခဲလှပါသည်။ ရခဲလှသည့် လူ့ဘဝတွင် သမုဒ္ဒရာ ဝမ်းတစ်ထွာအတွက် သူသူငါငါ လှုပ်ရှားသွားလာနေကြရသည်။ နေ့စဉ် ကိစ္စမျိုးစုံဖြင့် လမ်းမထက်တွင် သွားလာလှုပ်ရှားရင်းက ယာဉ်များကို မဖြစ်မနေ စီးနင်းကြရသည့်အခါများလည်း ရှိသည်။ နေ့စဉ်နှင့်အမျှ ပြေးလွှားနေသည့် လူများမှာ ယာဉ်မတော်တဆမှုများနှင့်လည်း တွေ့ကြုံရတတ်ပါသည်။ ကမ္ဘာနှင့်တစ်ဝန်းတွင် နှစ်စဉ် လူ ၁ ဒသမ ၃ သန်းကျော်သည် ယာဉ်မတော်တဆမှုများကြောင့် အသက်ဆုံးရှုံးလျက်ရှိပါသည်။ တစ်ရက်လျှင် ပျမ်းမျှ ၃၂၈၇ ဦးခန့် သေဆုံးလျက်ရှိ၍ တစ်နှစ်လျှင် ထိခိုက်ဒဏ်ရာ ပြင်းထန်စွာရရှိမှုနှင့် မသန်စွမ်းဖြစ်မှုတို့သည် လူဦးရေ သန်း ၂၀ မှ သန်း ၅၀ အတွင်း ရှိနေပါသည်။ မည်သည့်အကြောင်းကြောင့် ယာဉ်တိုက်မှုဖြစ်ပွားစေကာမူ ယာဉ်တိုက်မှုဖြစ်ပြီဆိုလျှင် ယာဉ်မောင်းသူအပါအဝင် ခရီးသည်များပါ ဒုက္ခိတဘဝရောက်ကာ အသက်ဆုံးရှုံးသည်အထိ ဘဝပျက်စီးနိုင်ရုံသာမက ကျန်ရစ်သည့်မိသားစုများပါ ဒုက္ခရောက်နိုင်ပါသည်။ ထို့ပြင် လူငယ်၊ လူရွယ်များ သေဆုံးမှုဖြစ်ပွားရသည့် အကြောင်းအရင်းများကို လေ့လာကြည့်မည်ဆိုလျှင် ယာဉ်မတော်တဆမှုကြောင့် သေဆုံးမှုများပြားရခြင်းသည် အဓိကအချက်တစ်ခုအဖြစ် ပါဝင်နေပါသည်။

ကြိုတင်မခန့်မှန်းနိုင်သော်လည်း

မြန်မာနိုင်ငံတွင် ၂၀၁၇ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ ယာဉ်တိုက်မှုပေါင်း ၁၈၁၇၁ မှု ဖြစ်ပွားခဲ့ပြီး ယာဉ်တိုက်မှုကြောင့် ထိခိုက်ဒဏ်ရာရသူဦးရေ ၂၉၁၄၄ ဦးနှင့် သေဆုံးသူ ၅၂၅၀ ရှိခဲ့ပါသည်။ ယာဉ်မတော်တဆဖြစ်မှုသည် ကြိုတင်မခန့်မှန်းနိုင်သော်လည်း ကြိုတင်ကာကွယ်နိုင်သော အရာဖြစ်သည်။ မြန်မာနိုင်ငံတွင် ၂၀၁၁ ခုနှစ်မှစတင်၍ အစိုးရ၏မော်တော်ယာဉ်တင်သွင်းမှုမူဝါဒများ ပြောင်းလဲခဲ့ခြင်းကြောင့် မော်တော်ယာဉ်စီးရေ လျင်မြန်စွာ တိုးပွားလာမှုနှင့်အတူ ယာဉ်မတော်တဆမှုများ တိုးလာကာ အသက်ဆုံးရှုံးမှုများ၊ ထိခိုက်ဒဏ်ရာရမှုများနှင့် မသန်စွမ်းဖြစ်မှုများသည်လည်း တိုးမြင့်လျက်ရှိပေသည်။ ယာဉ်မတော်တဆမှုများကို လေ့လာသောအခါ မော်တော်ယာဉ်မောင်းနှင်၊ စီးနင်းရာတွင် အသက်ကယ်ထိုင်ခုံခါးပတ် ပတ်ထားမှုမရှိခြင်း၊ သတ်မှတ်အရှိန်နှုန်းအတိုင်း မောင်းနှင်မှုမရှိခြင်း၊ အရက်သေစာ သောက်စားမောင်းနှင်ခြင်းနှင့် ယာဉ်မောင်းနေစဉ် လက်ကိုင်ဖုန်းအသုံးပြုခြင်း စသည်တို့ကြောင့်ဖြစ်သည်ကို တွေ့ရှိရသည်။ ပြည်သူအများစုအနေဖြင့် အသက်ကယ်ထိုင်ခုံခါးပတ် မဝတ်ဆင်ရသည့်အကြောင်းအရင်းများမှာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများနှင့်ပတ်သက်၍ အခြေခံဗဟုသုတနည်းပါးခြင်း၊ မော်တော်ယာဉ်မောင်းနှင်ရာတွင်ဖြစ်စေ၊ လိုက်ပါစီးနင်းရာတွင်ဖြစ်စေ အသက်ကယ်ထိုင်ခုံခါးပတ်ဝတ်ဆင်ရမည်ကို မသိနားမလည်ခြင်း၊ အချို့မှာ သိရှိသော်လည်း လိုက်နာမှုမရှိခြင်းနှင့် မည်ကဲ့သို့ အသုံးပြုရမည်ကို မသိရှိခြင်းတို့ကြောင့်ဖြစ်သည်။

> ‘ယာဉ်မတော်တဆဖြစ်မှုသည် ကြိုတင်မခန့်မှန်းနိုင်သော်လည်း ကြိုတင်ကာကွယ်နိုင်သော အရာဖြစ်သည်။ မြန်မာနိုင်ငံတွင် ၂၀၁၁ ခုနှစ်မှစတင်၍ အစိုးရ၏မော်တော်ယာဉ်တင်သွင်းမှု မူဝါဒများ ပြောင်းလဲခဲ့ခြင်းကြောင့် မော်တော်ယာဉ်စီးရေ လျင်မြန်စွာ တိုးပွားလာမှုနှင့်အတူ ယာဉ်မတော်တဆမှုများ တိုးလာကာ အသက်ဆုံးရှုံးမှုများ၊ ထိခိုက်ဒဏ်ရာရမှုများနှင့် မသန်စွမ်းဖြစ်မှုများသည်လည်း တိုးမြင့်လျက်ရှိပေသည်။ ယာဉ်မတော်တဆမှုများကို လေ့လာသောအခါ မော်တော်ယာဉ်မောင်းနှင်၊ စီးနင်းရာတွင် အသက်ကယ်ထိုင်ခုံခါးပတ် ပတ်ထားမှုမရှိခြင်း၊ သတ်မှတ်အရှိန်နှုန်းအတိုင်း မောင်းနှင်မှုမရှိခြင်း၊ အရက်သေစာ သောက်စားမောင်းနှင်ခြင်း၊ ယာဉ်မောင်းနေစဉ် လက်ကိုင်ဖုန်းအသုံးပြုခြင်း စသည်တို့ကြောင့်ဖြစ်သည်ကို တွေ့ရှိရသည်။’

အသက်ကယ်ထိုင်ခုံခါးပတ်

အသက်ကယ်ထိုင်ခုံခါးပတ် အသုံးပြုခြင်းကို အင်္ဂလိပ်လူမျိုး အင်ဂျင်နီယာတစ်ဦးဖြစ်သည့် ဂျော့ဂျ်ကေလေးက ၁၈၀၀ ပြည့်နှစ် နောက်ပိုင်းတွင် လေယာဉ်မောင်းသူများအတွက် ရည်ရွယ်၍ စတင်တီထွင်ခဲ့ပြီး မော်တော်ကားများတွင် အသုံးပြုသည့် အသက်ကယ်ထိုင်ခုံခါးပတ်အား ၁၈၈၅ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်၌ အမေရိကန်လူမျိုး အက်ဒ်ဝက်ဒ်ဂျေကလက်ဟွန်းက နယူးယောက်မြို့အတွင်းရှိ အငှားယာဉ်များအား ကမ္ဘာလှည့်ခရီးသည်များ ဘေးကင်းလုံခြုံမှုရှိစေရန် ရည်ရွယ်၍ စတင်အသုံးပြုခဲ့သည်။ ထို့နောက် ယခုခေတ်အသုံးပြုနေသည့် အသက်ကယ်ထိုင်ခုံခါးပတ်ဒီဇိုင်းကို ဆွီဒင်နိုင်ငံရှိ Volvo ကားကုမ္ပဏီမှ အင်ဂျင်နီယာတစ်ဦးဖြစ်သည့် နေးစ်ဘိုလင်းက ၁၉၅၉ ခုနှစ်တွင် စတင်တီထွင်ခဲ့သည်။ တီထွင်ခဲ့ရသည့်ရည်ရွယ်ချက်မှာ ထိုအချိန်က ကားပြိုင်ပွဲများတွင် မောင်းနှင်သည့် ယာဉ်မောင်းများအတွက် ရည်ရွယ်၍ ဒီဇိုင်းပြုလုပ်ခဲ့ခြင်းဖြစ်သော်လည်း နောက်ပိုင်းတွင် အခြားသော မော်တော်ကားများတွင် အသုံးပြုပါက အန္တရာယ်မှ များစွာအကာအကွယ်ပေးနိုင်ကြောင်းကို တွေ့ရှိခဲ့ရသည့်အတွက် Volvo ကုမ္ပဏီက အသက်ကယ်ထိုင်ခုံခါးပတ်ဒီဇိုင်းနှင့်ပတ်သက်၍ မှတ်ပုံတင်ပြီး ၎င်းတို့ကုမ္ပဏီက ထုတ်လုပ်သည့် မော်တော်ယာဉ်များတွင် ကျယ်ကျယ်ပြန့်ပြန့် စတင်အသုံးပြုခဲ့ကြပါသည်။

၄၅ ရာခိုင်နှုန်း လျှော့ချပေးနိုင်

ပြည်သူများအနေဖြင့် အသက်ကယ်ထိုင်ခုံခါးပတ် ဝတ်ဆင်သင့်သည့်အကြောင်းအရင်းကို သိမှသာ မော်တော်ယာဉ်မောင်းနှင်၊ စီးနင်းရာ၌ အသက်ကယ်ထိုင်ခုံခါးပတ်ကို ယုံကြည်စိတ်ချမှုဖြင့် အသုံးပြုကြမည်ဖြစ်ပါသည်။ တစ်နာရီလျှင် ကီလိုမီတာ ၈၀ နှုန်းဖြင့် မောင်းနှင်နေသည့် မော်တော်ကားတစ်စီးသည် ရုတ်တရက် ယာဉ်တိုက်မှုဖြစ်ခဲ့လျှင် ယာဉ်တိုက်မှုကြောင့် ကားသည် ချက်ချင်းအရှိန်လျော့ကျသွားချိန်နှင့် ရပ်တန့်သွားချိန်များ၌ ကားပေါ်ရှိ ယာဉ်မောင်းနှင့်ခရီးသည်များကမူ ရူပဗေဒဆိုင်ရာ အင်နားရှားသဘောတရားအရ မူလအရှိန်ဖြစ်သည့် တစ်နာရီလျှင် ကီလိုမီတာ ၈၀ နှုန်းနီးပါးဖြင့်ပင် ရှေ့သို့ဆက်လက်လိုက်ပါ ရွေ့လျားနေဆဲဖြစ်သည်။ ထိုအချိန်၌ အသက်ကယ်ခါးပတ်ဝတ်ဆင်မထားခဲ့လျှင် မော်တော်ယာဉ်အတွင်းရှိ မောင်းသူနှင့် လိုက်ပါစီးနင်းသူများသည် မော်တော်ယာဉ်အတွင်းမှ လွင့်စဉ်ထွက်နိုင်ခြင်း (သို့မဟုတ်) တိုက်မိသည့်အရှိန်ကြောင့် မော်တော်ယာဉ်အတွင်းရှိ အခြားအရာဝတ္ထုများနှင့် ပြင်းထန်စွာတိုက်မိနိုင်ခြင်း၊ ထိုမှတစ်ဆင့် ပြင်းထန်စွာဒဏ်ရာရရှိခြင်းနှင့် အသက်ဆုံးရှုံးခြင်းတို့ ဖြစ်ပွားနိုင်ပါသည်။ အသက်ကယ်ထိုင်ခုံခါးပတ် ဝတ်ဆင်ခြင်းဖြင့် Impact Force ကို လျှော့ချပေးနိုင်သည်။ လေ့လာမှုများအရ ယာဉ်မောင်းသူနှင့် ယာဉ်ပေါ်ပါသူများအတွက် အသက်ကယ်ထိုင်ခုံခါးပတ်အသုံးပြုခြင်းဖြင့် ယာဉ်မတော်တဆဖြစ်ပွားပါက အသက်သေဆုံးမှုအန္တရာယ်မှ ၄၅ ရာခိုင်နှုန်း လျှော့ချပေးနိုင်မည်ဖြစ်ပြီး ထိခိုက်ဒဏ်ရာ ပြင်းထန်စွာရရှိမှုမှ ၅၀ ရာခိုင်နှုန်း လျှော့ချပေးနိုင်မည်ဖြစ်ပါသည်။ ထို့ပြင် အသက်ကယ်ထိုင်ခုံခါးပတ်အား အရွယ်ရောက်ပြီးသူများသာမက ကလေးသူငယ်များလည်း ဝတ်ဆင်အသုံးပြုရန်လိုအပ်ပြီး ကလေးထိုင်ခုံခါးပတ် အသုံးပြုရန်ကိုလည်း မော်တော်ယာဉ်နည်းဥပဒေများထဲတွင် ထည့်သွင်းရေးဆွဲလျက်ရှိပါသည်။ ထို့ကြောင့် အသက်ကယ်ထိုင်ခုံခါးပတ် တစ်ခါအသုံးပြုတိုင်း မိမိအသက်အား မိမိကိုယ်တိုင် တစ်ကြိမ်ကာကွယ်ရာရောက်မည် ဖြစ်ပါသည်။

ပညာပေးဆောင်ရွက်

မော်တော်ယာဉ်မောင်းနှင်၊ စီးနင်းရာ၌ အသက်ကယ်ထိုင်ခုံခါးပတ် ပတ်ခြင်းနှင့်ပတ်သက်၍ ယခင်က ကြားဖူးနားဝသာရှိခဲ့ပြီး မည်ကဲ့သို့အသုံးဝင်သည်ကိုတော့ မသိရှိခဲ့ပါ။ သက်ဆိုင်ရာဌာနများမှ မော်တော်ယာဉ်မောင်းနှင်စဉ်နှင့် လိုက်ပါစီးနင်းစဉ်အခါများတွင် အသက်ကယ်ထိုင်ခုံခါးပတ်အသုံးပြုခြင်းဖြင့် ယာဉ်မတော်တဆမှုများဖြစ်ပွားပါက မိမိတို့၏ အသက်အန္တရာယ်ကို အကာအကွယ်ပေးနိုင်ကြောင်းကို ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဟောပြောပွဲများတွင် ပညာပေးပြောကြားခြင်း၊ မီဒီယာများမှထုတ်လွှင့်ခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေ၍အသိပညာပေးခြင်းများနှင့် ယာဉ်မောင်းနှင်၊ လိုက်ပါစီးနင်းစဉ် အသက်ကယ်ထိုင်ခုံခါးပတ်ပတ်ထားခြင်းမရှိသည့် ယာဉ်မောင်းများအား ဥပဒေအရ အရေးယူခြင်းများကို ဆောင်ရွက်ခဲ့ခြင်း၊ ပြည်သူများ အသက်ကယ်ထိုင်ခုံခါးပတ် အသုံးပြုကြရေးအတွက် အစိုးရဌာနများနှင့်အတူ အခြားသောပုဂ္ဂလိကအဖွဲ့အစည်းများကပါ ပူးပေါင်းပါဝင် ပညာပေးဆောင်ရွက်ခဲ့ခြင်းများကြောင့် ယခုနောက်ပိုင်းတွင် ယာဉ်စည်းကမ်းအသိများ ကျယ်ကျယ်ပြန့်ပြန့် သိရှိလာရခြင်းဖြစ်ပေသည်။

အယူအဆများ မှားယွင်း

သို့သော် အငှားယာဉ်မောင်းများအနေဖြင့် အသက်ကယ်ထိုင်ခုံခါးပတ်အား ယာဉ်ထိန်းရဲ မြင်မှ ကောက်၍ဝတ်ဆင်တတ်ကြသည်ကို ကျွန်မတို့ပတ်ဝန်းကျင်တွင် တွေ့မြင်နေရဆဲဖြစ်သည်။ ထို့ပြင် အငှားယာဉ်ပေါ်တွင် လိုက်ပါစီးနင်းလာသည့် ခရီးသည်များကိုလည်း ဒဏ်ငွေရိုက်မည် စိုးသောကြောင့် အသက်ကယ်ထိုင်ခုံခါးပတ် ပတ်ပေးပါဟုပြောကြားနေသည့်စကားများကို ကြည့်ခြင်းအားဖြင့် မိမိတို့၏အသက်အန္တရာယ်ကို ကာကွယ်ချင်သောကြောင့် ဝတ်ဆင်ခြင်းမဟုတ်ဘဲ ရဲဖမ်းမည်စိုးသောကြောင့် တပ်ဆင်နေကြခြင်းသာဖြစ်သည်ဟု စိတ်မကောင်းစွာ သိမြင်ရပါသည်။ ထို့ပြင် အချို့သော အငှားယာဉ်များ၏ ယာဉ်နောက်ခန်းတွင် လိုက်ပါလာသော ခရီးသည်များအတွက် အသက်ကယ်ထိုင်ခုံခါးပတ် မပါခြင်း၊ ပါသော်လည်း ဝတ်ဆင်ရန် သတိမပေးခြင်း၊ ရှေ့ခန်းတွင် ထိုင်နေသော ခရီးသည်များကိုသာ ယာဉ်ထိန်းရဲ ဖမ်းမည်စိုးသောကြောင့် ခါးပတ်ပတ်ပေးပါဟု တောင်းဆိုပြောကြားနေကြခြင်းဖြစ်ရာ အများစု၏ အယူအဆများ မှားယွင်းနေဆဲဖြစ်သည်ကို တွေ့မြင်နေရပါသည်။

ပြည်သူများအကြားတွင် အသက်ကယ်ထိုင်ခုံခါးပတ် ဝတ်ဆင်ခြင်းအားဖြင့် ယာဉ်တိမ်းမှောက်မှု၊ ယာဉ်မတော်တဆမှုတွင် ယာဉ်ပြင်ပသို့ လွင့်စဉ်ထွက်ခြင်းမှကာကွယ်နိုင်ပြီး အသက်သေဆုံးခြင်းအန္တရာယ်မှ ကောင်းစွာကာကွယ်နိုင်ကြောင်း၊ အသက်ကယ်ထိုင်ခုံခါးပတ် မဝတ်ဆင်၍ ဒဏ်ငွေရိုက်ခံရမည်ဆိုလျှင်ပင် မိမိ၏စီးပွားရေး၊ မိမိအား မှီခိုနေသည့် မိသားစုဝင်ငွေများ လျော့နည်းသွားနိုင်သည့်အပြင် ယာဉ်တိုက်မှုဖြစ်ပွားပါက အသက်အန္တရာယ်ဆုံးရှုံးသည်အထိ ဖြစ်ပွားနိုင်ကြောင်း သတိမေ့လျော့နေသည်ကို တွေ့ရှိရပါသည်။ ထို့ပြင် ရန်ကုန်မြို့ထဲတွင် ပြေးဆွဲနေသည့် ဘတ်စ်ကားများတွင် အချို့ဘတ်စ်ကားမောင်းသူများသည် အသက်ကယ်ထိုင်ခုံခါးပတ် ဝတ်ဆင်ခြင်းမရှိဘဲ မောင်းနှင်နေဆဲရှိကြသည်ကိုလည်း တွေ့မြင်ရပါသည်။ လူအများ၏ပုံစံကျနေသော အတွေးအမြင်ထဲတွင် လေယာဉ်ပေါ်တွင်သာ အသက်ကယ်ထိုင်ခုံခါးပတ်ဝတ်ဆင်ရန်လိုအပ်သည်၊ ဝတ်ဆင်သင့်သည်ဟု ထင်မြင်ယူဆနေပြီး ကားများပေါ်တွင် အသက်ကယ်ထိုင်ခုံခါးပတ် ဝတ်ဆင်ရန်လိုအပ်ပုံ၊ အသက်ကယ်ထိုင်ခုံခါးပတ် ဝတ်ဆင်ထားခြင်းကြောင့် ရရှိနိုင်သည့်အကျိုးကျေးဇူး၊ မည်သို့ဝတ်ဆင်ရမည်ဆိုသည့် သဘောတရားများအား ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည်ကြရန် လိုအပ်နေဆဲဖြစ်ပေသည်။ အမြန်လမ်းပေါ်တွင်ဖြစ်စေ၊ မြို့တွင်းလမ်းများတွင်ပင်ဖြစ်စေ မောင်းနှင်သွားလာနေကြသည့် ခရီးသည်တင်ယာဉ်များ၊ ကိုယ်ပိုင်ယာဉ်နှင့် အငှားယာဉ်များရှိ ယာဉ်မောင်းနှင့်လိုက်ပါ စီးနင်းသူများသည်လည်း အသက်ကယ်ထိုင်ခုံခါးပတ်ကို ရာနှုန်းပြည့်ဝတ်ဆင်ခြင်းမရှိသည်ကို တွေ့ရှိရပါသည်။ ပြောရလျှင် ဌာနအဖွဲ့အစည်း အကြီးအကဲများ၊ ခေတ်ပညာတတ်လူငယ်၊ လူကြီးလူကောင်းများသည်ပင် အသက်ကယ်ထိုင်ခုံခါးပတ်၏ အကျိုးကျေးဇူးကြီးမားပုံကို သိရှိနားလည်ပါလျက် လိုက်နာရန် ဝန်လေးနေကြဆဲဖြစ်သည်ကို သုံးသပ်တွေ့ရှိရပါသည်။

သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများအနေဖြင့် ပြည်သူလူထုနှင့် အဝေးပြေးကားဂိတ်များ၊ ယာဉ်လိုင်းများရှိ ယာဉ်မောင်းများ၊ ယာဉ်နောက်လိုက်များအား အသိပညာပေးခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းနှင့် စစ်ဆေးကြပ်မတ်ခြင်းများ တိုးမြှင့်လုပ်ဆောင်ရန် လိုအပ်သည့်အပြင် အဝေးပြေးကားများတွင် ခရီးသည်များအားလုံး အသက်ကယ်ထိုင်ခုံခါးပတ်ဝတ်ဆင်၍ လိုက်ပါစီးနင်းကြစေရေး ယာဉ်မထွက်မီ ယာဉ်နောက်လိုက်များမှ နှိုးဆော်ကြရန်နှင့် လိုက်လံစစ်ဆေးကြရန်လည်း လိုအပ်မည် ဖြစ်ပါသည်။

အကြံပြုလမ်းညွှန်

အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ၏ စတုတ္ထအကြိမ် အစည်းအဝေးတွင် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက အသက်ကယ်ထိုင်ခုံခါးပတ်အသုံးပြုခြင်းနှင့်ပတ်သက်၍ ကျင့်သုံးခြင်းကာလ သိပ်မကြာသေးသောကြောင့် လိုက်နာကျင့်သုံးမှု နည်းပါးနေကြောင်း၊ ယာဉ်မတော်တဆမှုတစ်ခုဖြစ်လျှင် အသက်ကယ်ထိုင်ခုံခါးပတ် သုံးခြင်းနှင့် မသုံးခြင်းသည် များစွာကွာခြားကြောင်း၊ ယာဉ်မတော်တဆမှုတစ်ခုဖြစ်ပွားလျှင် သာမန်ပြည်သူတစ်ယောက်ဖြစ်ခြင်းနှင့် နိုင်ငံ့ဝန်ထမ်းတစ်ယောက်ဖြစ်ခြင်းသည်လည်း သက်ရောက်မှုချင်းမတူကြောင်း၊ နိုင်ငံ့ဝန်ထမ်းအနေဖြင့် နိုင်ငံ၏တာဝန်ထမ်းဆောင်နေရသောကြောင့် မိမိ၏ ကျန်းမာရေးသာမက နိုင်ငံတော်၏တာဝန်ပိုင်းပါ လစ်ဟင်းသွားမည်ဖြစ်ကြောင်း၊ လူကြီးပိုင်းများအနေဖြင့် အသက်ကယ်ထိုင်ခုံခါးပတ်ကို စံနမူနာပြ လိုက်နာကျင့်သုံးသင့်ကြကြောင်း၊ မိမိပတ်ဝန်းကျင်တွင် မသုံးသည်များကို တွေ့မြင်နေရကြောင်း ထည့်သွင်းဆွေးနွေးလမ်းညွှန်မှုပြုခဲ့ပါသည်။ အားလုံးက လေးစားလိုက်နာဆောင်ရွက်သင့်သော အကြံပြုလမ်းညွှန်ချက်ပင်ဖြစ်ပါသည်။

အသက်ကယ်ထိုင်ခုံခါးပတ် အသုံးပြုကြသည်ဆိုရာ၌ နည်းစနစ်ကျကျ မှန်ကန်စွာ အသုံးပြုတတ်ရန်မှာလည်း အရေးကြီးလှပေသည်။ ထိုင်ခုံခါးပတ်သည် မိမိ၏ပခုံးအား ကျောမှီနှင့်တစ်သားတည်းဖြစ်အောင် ဆွဲကပ်ထားရမည်ဖြစ်ပြီး ခါးပတ်သည် ရင်ဘတ်အား ကန့်လန့်အနေအထားဖြင့် သိုင်းပတ်ထားရမည်ဖြစ်သည်။

စာမျက်နှာ ၇ သို့ ✪

ပင်စင်စားတို့ သတိထားဖို့

ရဲအောင်ချိန်

ကျွန်တော်ငယ်စဉ်ကပင် စက်ဘီးစီးရန် ဝါသနာပါခဲ့သည်။ ကျွန်တော်နေထိုင်သော မြောက်ဥက္ကလာပသို့ မင်္ဂလာဒုံက ဦးလေး ဦးလှရွှေ လာလည်လျှင် သူစီးလာသော ဟာကြူလီစက်ဘီးကြီးကို လူကြီးတွေစကားပြောကောင်း အဖွဲ့ကျနေချိန်တွင် ကျွန်တော်ယူစီးတတ်သည်။ တွန်းစီး၊ ကြားထိုးစီး၊ ခွစီးခြင်းဖြင့် စက်ဘီးစီးတတ်သွားပါသည်။ ဤသို့ စက်ဘီးစီးခြင်းကို အရူးအမူးဖြစ်ခဲ့သော ကျွန်တော်သည် နှစ်ပေါင်း ၄၀ ကျော် နိုင်ငံ့တာဝန်ထမ်းဆောင်ခဲ့ပြီး ဦးဆွေးဆံမြည့် အချိန်သို့ရောက်သည့်အခါ လုပ်ငန်းခွင်က ပင်စင်ယူခဲ့ရပါသည်။ ပင်စင်ယူပြီးချိန်တွင် ပထမဆုံးရသည့် လုပ်သက်ဆုငွေဖြင့် စက်ဘီးတစ်စီးကို ဦးဦးဖျားဖျား ဝယ်ယူခဲ့သည်။ ကျန်းမာရေးအတွက် အားကစားမလုပ်၊ လမ်းမလျှောက်၊ ဘော်လီဘော၊ ဘောလုံး၊ ခြင်းလုံးမကစား၊ စက်ဘီးစီးခြင်းဖြင့် ကိုယ်လက်လှုပ်ရှားဆေးတစ်ပါး ဆိုသည့်အတိုင်း စက်ဘီးစီးခြင်းဖြင့် ကိုယ်လက်လှုပ်ရှားခြင်းကို ဆောင်ရွက်တတ်ပါသည်။

စက်ဘီးဖြင့် ဈေးသွားဝယ်သည်၊ ဆွေမျိုးမိတ်ဆွေ၊ သူငယ်ချင်းဟောင်းများဆီသို့ သွားလည်သည်။ ခရီးတို၊ ခရီးရှည်သွားတတ်သည်။ ယခင်က စက်ဘီးစီးရသည်မှာ လမ်းရှင်းသည်၊ ကားရှင်းသည်၊ ဆိုင်ကယ်၊ ဆိုက်ကား၊ စက်ဘီးရှင်းသည်။ သန့်ရှင်းရေးလှည်းရှင်းသည်။ ဘီယာဘူး၊ ပုလင်းခွံ၊ သံတိုသံစလှည်းရှင်းသည်။ ရေခဲချောင်းသည်၊ ရေခဲမုန့်သည်၊ အသုပ်စုံရောင်းသည့်လှည်းများနှင့် ထီရောင်းသည့် လှည်းများရှင်းလှသည်။ ကောင်းပေစွ။ စက်ဘီးစီးခြင်းသည် အန္တရာယ်ကင်းလှသည်၊ ခရီးတွင်လှသည်။ "အာရောဂျံပရမံလာဘံ" ဆိုသည့် စကားအတိုင်း ကျန်းမာခြင်းသည် စက်ဘီးစီးခြင်းဖြင့် ကျွန်တော့်အတွက် လာဘ်တစ်ပါးဖြစ်နေခဲ့ပါသည်။

သို့သော် သူငယ်ချင်းတစ်ယောက်ပြောဖူးသော စကားအရ ပြင်ပသို့ ခရီးသွားလာလှုပ်ရှားနေလျှင် ကိုယ့်လက်ထဲတွင် ဟန်းဖုန်း၊ မှတ်ပုံတင်ကတ်၊ ဝန်ထမ်းကတ်၊ အခြားအမှတ်အသားကတ်ပြားတစ်ခုခု ယူဆောင်သွားသင့်ကြောင်း ပြောဖူးသည်။ သူတို့နားက ပင်စင်စားတစ်ဦး နံနက်စောစောလမ်းလျှောက်ထွက်စဉ် ကားတစ်စီးက တိုက်ပြေးသွားပြီး လမ်းတွင်သတိမေ့မြောနေစဉ် နောက်ကျပြီးမှ ဆေးရုံရောက်သဖြင့် သွေးလွန်သေဆုံးခဲ့ရသည်။ အမည်မသိ၊ အမှတ်အသားမရှိသဖြင့် ပိုင်ရှင်မဲ့ဖြစ်နေချိန်တွင် ဆေးရုံသန့်ရှင်းရေးဝန်ထမ်းတစ်ဦးက မှတ်မိသဖြင့် သူ့အိမ်ကိုအကြောင်းကြားတော့မှ သေဆုံးသူအိမ်က မိသားစုသိခွင့်ရလိုက်သည်ဆိုသည့် ပြောခဲ့သည့်စကားကို လိုက်နာကျင့်သုံးမိပါသည်။

ယခုအခါ သံချေးတက် စက်ဘီးများကို ဘရိတ်ကောင်း၊ မကောင်း ပြုပြင်ခြင်းမရှိဘဲ ဟောင်းနွမ်းသည့် အဝတ်အစားများဖြင့် အတင့်ရဲစွာစီးနင်းနေကြသည်။ ရှေ့မီး၊ နောက်မီး၊ ရောင်ပြန်မီးများ တပ်ဆင်ထားခြင်းမရှိဘဲလ်မပါ၊ ဘရိတ်မကောင်း ပြီးလွယ်စီးလွယ်စီးနင်းနေကြသည်။ အနှေးယာဉ်ဆိုက်ကားများကိုလည်း ဤနည်းတူစွာ တွေ့မြင်ကြရသည်။ အငှားယာဉ်မောင်းသူများကလည်း ရပ်ချင်သည့် နေရာထိုးရပ်၊ စီးနင်းလိုသူများခေါ်လျှင် ဘေးကပ်မရပ်၊ လမ်းပေါ်အလယ်ကောင်မှာပင် ထိုးရပ်တတ်သည်။ ယာဉ်ကြောများ ပိတ်ဆို့စေကာ၊ ခပ်ကျဉ်းကျဉ်းလမ်းပေါ်တွင် ယာဉ်ရွေ့လျားမှုအတွင်း အလျဉ်းသင့်သလို ကျော်တက်၊ ကျော်ခွ မောင်းနှင်နေကြသည်။ ခေါင်းဆောင်းမပါသော ဆိုင်ကယ်မောင်းသူများကလည်း ကားများကိုတုရ၍ ဘတစ်ပြန် ကျားတစ်ပြန်ကျော်၍ နတ်မြင်းပျံ့အလား မောင်းနှင်ကြပြန်သည်။ လိုင်စင်မဲ့ဆိုင်ကယ် ကယ်ရီသမားများကလည်း အလုအယက်ခရီးသည်ခေါ်၊ အခွင့်သာလျှင် လုယက်ထွက်ပြေး၊ အကြမ်းဖက်သည့် ဒုစရိုက်လုပ်ငန်းများကို ထင်ထင်ပေါ်ပေါ် လုပ်ကိုင်လာကြသည်။ မထီမဲ့မြင်ပြုနေကြသည်။ သတိထားကြရမည်။

တစ်နေ့ မြောက်ဥက္ကလာမှ ဒဂုံမြို့သစ်မြောက်ပိုင်း (ယခင်ထားဝယ်ချောင်) ကျေးရွာမှာရှိသည့် ဆွေမျိုးများရှိရာသို့ သုနန္ဒာလမ်းမကြီးအတိုင်း စက်ဘီးစီးပြီး ခရီးထွက်ခဲ့သည်။ ဒဂုံမြို့သစ်အဝင်တွင် တွေ့မြင်လိုက်ရသည့် မြောက်ဥက္ကလာပနှင့် ဒဂုံမြို့သစ်မြောက်ပိုင်း (ယခင်ထားဝယ်ချောင်)ရှိ ငမိုးရိပ်ချောင်းကို တံတားနှစ်စင်း အပြိုင်ဖောက်လုပ်ထားသည်ကို ထူးခြားစွာတွေ့လိုက်ရသည်။ တံတားတစ်စင်းသည် လူသွားကြိုးတံတား၊ နောက်တစ်စင်းသည် ယာဉ်များ ဖြတ်သန်းသွားလာရန် ကွန်ကရစ်တံတားတို့ဖြစ်သည်။ အသွားတွင် လူသွားလမ်း(ကြိုးတံတား)မှ စက်ဘီးဆင်းတွန်း၍ သွားခဲ့သည်။ ကမ်းနားတစ်လျှောက် ကမ်းစပ်ရှိ့ညွန်နံ့ဘေးတွင် ပေါက်ရောက်နေသော မယ်လမုတော၊ သစ်ပင်များမှ ဖြတ်သန်းတိုက်ခတ်လာသော မြောက်ပြန်လေနုအေးများကြောင့် အသက်ရှုလမ်းကြောင်းဖွင့်၍ ဦးနှောက်အတွင်းသို့ အောက်ဆီဂျင် ဝင်ရောက်မှုအားကောင်းသဖြင့် ခန္ဓာကိုယ် ပေါ့ပါးလန်းဆန်းသွားစေခဲ့ပါသည်။

ဒဂုံမြို့သစ်မြောက်ပိုင်း (ယခင်ထားဝယ်ချောင်) ရွာသည် တိုက်တာ၊ အဆောက်အအုံများ၊ လျှပ်စစ်မီးတိုင်များ၊ ဈေးသည်၊ ဈေးဝယ်များနှင့် သွားလာလှုပ်ရှားနေကြသော အနှေးယာဉ်၊ အမြန်ယာဉ်များ၊ ပျားပန်းခပ်လှုပ်ရှားနေသည်ကို တွေ့မြင်ရပြီး စိန်မောင်မြင့် သီဆိုခဲ့သော "ပြောင်းလဲနေသော ရွာကလေး" သီချင်းကို ပြန်လည်ကြားယောင်နေမိသည်။ မြို့ပြအင်္ဂါရပ်နှင့် ပြည့်စုံသွားသည့် ရွာကလေးအတွက် ဝမ်းမြောက်ကြည်နူး ဂုဏ်ယူမဆုံးဖြစ်မိပါသည်။ အပြန်တွင် ကွန်ကရစ်တံတားကို လေ့လာရင်း တံတားအလယ်အထိ စက်ဘီးတွန်းသွားပြီး တံတားအလယ်အရောက် ကုန်းဆင်းတွင် သက်သောင့်သက်သာစီးနင်းသွားရန် စဉ်းစားမိသည်၊ လမ်းသည် အသွား၊ အပြန် ကားနှစ်စီးအတွက် အနေတော်ပင်ဖြစ်သည်။ အနှေးယာဉ်၊ ဆိုင်ကယ်နှင့် လက်တွန်းလှည်းများ သွားလာနေလျှင် လမ်းကျဉ်းမြောင်းလှပါသည်။ တံတားအလယ်အရောက် စက်ဘီးစီးရန်အထွက်တွင် ရုတ်တရက် အငှားယာဉ်တစ်စီးသည် ဆိုင်ကယ်ကိုတိုက်၊ ဆိုင်ကယ်သည် ကျွန်တော့်စက်ဘီးကိုတိုက်၊ စက်ဘီးစီးသည့် ကျွန်တော်သည် လဲ၍ ပလက်ဖောင်းကိုခေါင်းဖြင့် တိုက်မိပြီး ကျွန်တော်သည် လောကအလယ်တွင် သောကတွေကြွယ်ပြီး ဖြစ်ပွားသည့် နေရာ၌ပင် သတိမေ့မြောသွားခဲ့ရပါသည်။

တော်ပေသေးသည်။ ကရုဏာရှင်၊ စေတနာရှင်ပရဟိတ၊ အငှားယာဉ်မောင်းတစ်ဦး လူမှုရေးအသိဖြင့် မြောက်ဥက္ကလာပြည်သူ့ဆေးရုံကြီးသို့ အချိန်မီပို့ဆောင်ပေးနိုင်ခဲ့သဖြင့် ဆေးရုံသို့ နဖူးကွဲ၊ ဒူးပြဲဖြင့် သတိမေ့ကာ တိုက်ပြေးယာဉ်၏ ကားနံပါတ်မသိ၊ ဆိုင်ကယ်နံပါတ်မသိ၊ အလျော်ရခြင်းမရှိဘဲ အရေးပေါ် သို့သာ ကံအားလျော်စွာ အချိန်မီရောက်ရှိခဲ့ရသည်။ သူငယ်ချင်း၏ သတိပေးလမ်းညွှန်မှုကြောင့် ကျွန်တော့်တွင် ဟန်းဖုန်း၊ မှတ်ပုံတင်၊ ပင်စင်စားအသင်းကတ်တွေ ယူဆောင်သွားခဲ့၍ သူနာပြုများက ရှာဖွေတွေ့ရှိပြီး ကျွန်တော်၏ညီထံ ဖုန်းဖြင့် အကြောင်းကြားနိုင်ခဲ့သည်။ နဖူးကို သုံးချက်ချုပ်၊ ပွန်းပဲ့ဒဏ်ရာများကို ဆေးထည့်ပေးနေချိန် ညီဖြစ်သူ ရောက်လာပြီး ကျွန်တော်လည်း သတိပြန်လည်ရရှိခဲ့ပါသည်။

> ကွန်ကရစ်တံတားကို လေ့လာရင်း တံတားအလယ်အထိ စက်ဘီးတွန်းသွားပြီး တံတားအလယ်အရောက် ကုန်းဆင်းတွင် သက်သောင့်သက်သာစီးနင်းသွားရန် စဉ်းစားမိသည်၊ လမ်းသည် အသွား၊ အပြန် ကားနှစ်စီးအတွက် အနေတော်ပင် ဖြစ်သည်။ အနှေးယာဉ်၊ ဆိုင်ကယ်နှင့် လက်တွန်းလှည်းများသွားလာနေလျှင် လမ်းကျဉ်းမြောင်းလှပါသည်။ တံတားအလယ်အရောက် စက်ဘီးစီးရန် အထွက်တွင် ရုတ်တရက် အငှားယာဉ်တစ်စီးသည် ဆိုင်ကယ်ကိုတိုက်၊ ဆိုင်ကယ်သည် ကျွန်တော့်စက်ဘီးကိုတိုက်၊ စက်ဘီးစီးသည့် ကျွန်တော်သည် လဲ၍ ပလက်ဖောင်းကို ခေါင်းဖြင့်တိုက်မိပြီး ကျွန်တော်သည် လောကအလယ်တွင် သောကတွေကြွယ်ပြီး ဖြစ်ပွားသည့် နေရာ၌ပင် သတိမေ့မြောသွားခဲ့ရပါသည်။

ဆေးရုံတွင်ရှိသော တာဝန်ထမ်းဆောင်ကြသည့် ခွဲစိတ်ဆရာဝန်၊ မေ့ဆေးဆရာဝန်၊ ဆေးဘက်ပညာရှင်တွေ၊ ဓာတ်ခွဲမှူးဆရာဝန်၊ ဆေးရုံကျွမ်းကျင်ဝန်ထမ်းတွေ၊ သူနာပြုဆရာမအဆင့်ဆင့်တွေနှင့် အုပ်ချုပ်ရေးအဖွဲ့ဝင်တွေ၊ သန့်ရှင်းရေးလုပ်သားတွေ၊ စက်မှုပညာရှင်တွေ အသီးသီးကို အထူးပင်ကျေးဇူးအထပ်ထပ်တင်မိပါသည်။ ပိုင်ရှင်မဲ့ ဟုတ်သည်၊ မဟုတ်သည်ထက် အရေးပေါ်ကုသရမည့်လုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ပြုစု၊ ကုသပေးမှုကြောင့် အသက်တစ်ချောင်းကို ကယ်တင်နိုင်ခဲ့ခြင်းဖြစ်ပါသည်။ မတော်တဆမှုကြောင့် လမ်းတွင် သေဆုံးရသူ၊ ဆေးရုံအရောက် သွေးလွန်သေဆုံးရသူများ ဒုနဲ့ဒေးရှိနေကြပါသည်။ ကြားနေရပါသည်။

ရန်ကုန်မြို့လယ်ကောင် လမ်းများပေါ်နဲ့ ရပ်ကွက်များအတွင်းမှာပါ ထင်ထင်ပေါ်ပေါ် စီးနင်းသွားလာနေကြသည့် မော်တော်ယာဉ်အသုံးပြုသူ၊ လမ်းအသုံးပြုသူ၊ ဆိုင်ကယ်အသုံးပြုသူ၊ အနှေးယာဉ်အသုံးပြုသူတွေ အားလုံး ကိုယ်ပိုင်အသိစိတ်ဓာတ်တစ်ခုနဲ့ တစ်ဦးကိုတစ်ဦး နားလည်မှုရှိစွာ သွားလာကြဖို့လိုသည်။ လမ်းအသုံးပြုသူများကလည်း ယာဉ်များ အရှိန်နဲ့ မောင်းလာနေစဉ်မှာ အလျင်စလို လမ်းဖြတ်ကူးခြင်း မပြုဘဲ ဘယ်၊ ညာကြည့်ပြီးမှ လမ်းဖြတ်ကူးသင့်ပါသည်။ ယာဉ်မတော်တဆမှုတွေက မဆင်မခြင်မောင်းတာရယ်၊ အရှိန်လွန်ပြီးဝင်တိုက်တာရယ်၊ ညဘက်တွေဆို ပို၍ အဖြစ်များလှပါသည်။ ယာဉ်မောင်းသူကလည်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းတွေကို ကိုယ်ပိုင်အသိစိတ် ကိုယ်စီနဲ့ လိုက်နာဖို့လိုပါတယ်။

အထူးသဖြင့် ကျွန်တော်တို့လို သက်ကြီးပိုင်း၊ မျက်စိအမြင်အားနည်းခြင်း၊ ကိုယ်ခန္ဓာကြံ့ခိုင်မှုအားနည်းခြင်း၊ အကြားအာရုံအားနည်းလာကြသည့် ပင်စင်စားများသည် သွားသတိ၊ စားသတိ၊ နေသတိ၊ ထိုင်သတိ ရှိနေကြဖို့ လိုသည်။ ပင်စင်နာ အခေါ်မခံရအောင် နေတတ်ဖို့လိုသည်။ အိုမင်းမစွမ်း အဖြစ်မခံဘဲ အိုမင်းစွမ်းသူများ ဖြစ်ဖို့လိုသည်။ အိမ်အိုကျားကန်လူအိုပန်းပန်နိုင်ရမည်။ ရာထူးကြီးခြင်း၊ ရာထူးငယ်ခြင်း မရှိကြတော့သည့် ပင်စင်စားများသည် အားလုံး အတူတူပင် ဖြစ်သွားကြပါသည်။ အားလုံးတစ်သက်တာ ပင်စင်ထူးချွန်ဆုတွေ ရဖို့လိုသည်။

ရွှေဥမင်ဆရာတော်ကြီး ဟောကြားတော်မူသော တရားကောက်နုတ်ချက်ကို မျှဝေလိုပါသည်။ ။

"သတိ"

ချမ်းသာပျော်ရွှင်
နေလိုလျှင်
မြဲပင်သတိထား။
သတိထားလျှင်
စိတ်ကြည်လင်
ပျော်ရွှင်ချမ်းသာပွား။
သတိတစ်လုံး
စွဲမြဲသုံး
အဆုံးနိဗ္ဗာန်လား။

ရွှေဥမင်ဆရာတော်ကြီးအား ဦးညွှတ်ပူဇော်လျက်။

❂ စာမျက်နှာ ၆ မှ

ဤနေရာ၌ အသက်ကယ်ထိုင်ခုံခါးပတ် အသုံးပြုရာ၌ အများစုမှားယွင်းလေ့ရှိသည့် အလေ့အထများကိုလည်း ဖော်ပြပေးလိုပါသည်-

(၁) **အသက်ကယ်ထိုင်ခုံခါးပတ်အား ယာဉ်မောင်းနှင်စဉ် (သို့မဟုတ်) ယာဉ်ပေါ်လိုက်ပါစဉ် တစ်ချိန်လုံးအသုံးမပြုခြင်း။** မော်တော်ယာဉ် အသုံးပြုကြရာ၌ အသုံးပြုစဉ်တစ်လျှောက်လုံးတွင် အသက်ကယ်ထိုင်ခုံခါးပတ်အား ဝတ်ဆင်ထားရန် လိုအပ်သည်။ အသက်ကယ်လေအိတ် (Air Bag) များကို အပြည့်အဝယုံကြည်မှု မရှိသင့်ပါ။ ယာဉ်မတော်တဆမှုဖြစ်ပွားရာ၌ အသက်ကယ်ထိုင်ခုံခါးပတ်အား မပတ်ထားပါက အသက်ကယ်လေအိတ် ပွင့်လာချိန်တွင် ၎င်းအရှိန်ကြောင့် ပြင်းထန်စွာ ထိခိုက်မိခြင်း ဖြစ်ပွားနိုင်ပါသည်။

(၂) **ထိုင်ခုံခါးပတ်ဝတ်ဆင်ရာ၌ ခါးပတ်ကြိုးသည် နှစ်ထပ်လိမ်နေခြင်း (သို့မဟုတ်) အပြားလိုက် မဖြစ်ခြင်း။** ထိုင်ခုံခါးပတ်ဝတ်ဆင်ရာ၌ ခါးပတ်ပြားသည် အပြားလိုက်ဖြစ်နေမှသာ ယာဉ်မတော်တဆမှုဖြစ်ပွားပါက ပြင်းထန်သည့်အား သက်ရောက်မှုမှ အကာအကွယ်ပေးနိုင်မည် ဖြစ်ပါသည်။

(၃) **ထိုင်ခုံခါးပတ်ကို လျော့ရဲစွာဝတ်ဆင်ထားခြင်း။** ထိုင်ခုံခါးပတ်ကို ဝတ်ဆင်အသုံးပြုထားသော်လည်း လျော့ရဲစွာတပ်ဆင်ထားမှုကြောင့် ယာဉ်မတော်တဆမှုဖြစ်ပွားပါက မော်တော်ယာဉ်အတွင်း အခြားအရာဝတ္ထုများနှင့် ပြင်းထန်စွာတိုက်မိနိုင်မည်ဖြစ်သည်။

(၄) **ထိုင်ခုံခါးပတ် ဝတ်ဆင်အသုံးပြုရာ၌ ခါးပတ်ကြိုးအား လက်မောင်းအောက်တွင်ထား၍ ဝတ်ဆင်ခြင်း။** ထိုင်ခုံခါးပတ် ဝတ်ဆင်အသုံးပြုရာ၌ ခါးပတ်ကြိုးအား ပခုံးမှ ကန့်လန့်ဖြတ်အနေအထားဖြင့် အသုံးမပြုဘဲ လက်မောင်းအောက်တွင်ထား၍ ဝတ်ဆင်ခြင်းဖြင့် ယာဉ်မတော်တဆမှုဖြစ်ပွားပါက မော်တော်ယာဉ်အတွင်း အခြားအရာဝတ္ထုများနှင့် ပြင်းထန်စွာတိုက်မိနိုင်ခြင်း (သို့မဟုတ်) ယာဉ်ပေါ်မှ လွင့်စဉ်ထွက်နိုင်ခြင်းတို့ ဖြစ်ပွားနိုင်ပါသည်။

(၅) **ထိုင်ခုံခါးပတ် ဝတ်ဆင်ရာ၌ ကိုယ်ဝန်ဆောင်မိခင်များအနေဖြင့် ခါးပတ်ကြိုးအား တင်းကျပ်စွာ ဝတ်ဆင်ခြင်း။** သာမန်လူများအနေဖြင့် ခါးပတ်ကြိုးအား မိမိနှင့်ကိုက်ညီမှုရှိစေရန်နှင့် လျော့ရဲမှုမရှိစေရန် ဝတ်ဆင်ရမည်ဖြစ်သော်လည်း ကိုယ်ဝန်ဆောင်မိခင်များအနေဖြင့် ခါးပတ်ကြိုးအား တင်းကျပ်စွာ ဝတ်ဆင်ခြင်းမပြုမိစေရန် ရှောင်ကြဉ်သင့်ပါသည်။

အချုပ်အားဖြင့်ဆိုရသော် ယာဉ်မတော်တဆမှုဆိုသည်မှာ ကြိုတင်ကာကွယ်သတိမူခြင်းဖြင့် အသက်အန္တရာယ်ထိခိုက်ဆုံးရှုံးမှုမှ ကာကွယ်နိုင်မည်ဖြစ်ပါသည်။ မိမိကိုယ်တိုင် ယာဉ်မောင်းနှင်သည်ဖြစ်စေ၊ လိုက်ပါစီးနင်းရသည့်အခါမျိုးတွင်ဖြစ်စေ အသက်ကယ်ထိုင်ခုံခါးပတ်ကို နည်းစနစ် မှန်ကန်စွာ အသုံးပြုရမည်ဖြစ်ပြီး မည်သူ၏ ကျွမ်းကျင်မှုကိုမျှယုံကြည်၍ မိမိ၏အသက်အား မစွန့်စားသင့်ပါ။ ထို့ကြောင့် "တန်ဖိုးရှိသည့် မိမိတို့၏အသက်များ ကာကွယ်ဖို့၊ မော်တော်ယာဉ်အသုံးပြုစဉ် အသက်ကယ်ထိုင်ခုံခါးပတ် ပတ်ကြစို့" ဟူ၍ တိုက်တွန်းရင်း နိဂုံးချုပ်လိုက်ရပါသည်။ ။

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်

ရေတာရှည် စက်တင်ဘာ ၂

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်အတွင်း ရေဘေးသင့်ပြည်သူများ၏ အိုးအိမ်များ ဆုံးရှုံးပျက်စီးခဲ့ရခြင်းနှင့် ရေတိုက်စားမှုကြောင့် ပျက်စီးခဲ့ရသော ကျေးလက်လမ်းများအား ယာယီသွားလာနိုင်ရန် အမြန်ဆုံးဆောင်ရွက်သွားနိုင်မည့်လုပ်ငန်းများ၊ လတ်တလောအနေဖြင့် ရေဘေးသင့်ကျေးရွာများအား ဆန်၊ ဆီ၊ စားနပ်ရိက္ခာများ အမြန်ဆုံးဖြန့်ဝေနိုင်ရေး၊ သောက်သုံးရေနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို သက်ဆိုင်ရာဌာနများအလိုက် အမြန်ဆုံးဝိုင်းဝန်းဆောင်ရွက်ကြရန် စက်တင်ဘာ ၂ ရက်က ရေတာရှည်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရေဘေးကယ်ဆယ်ရေးကွပ်ကဲမှုစခန်း၌ ပြုလုပ်သော ရေဘေးကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆွေးနွေးရာတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းက ပြောကြားသည်။

ဆက်လက်၍ ထောက်ပံ့ရေးပစ္စည်းများပေးအပ်ပွဲကို ပြုလုပ်ရာ တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမျိုးသိန်းက

ရေဘေးသင့်ပြည်သူများအတွက် သောက်သုံးရေရရှိနိုင်ရန် ဆောင်ရွက်ပေးနေမှု အခြေအနေများကိုလည်းကောင်း၊ မြို့နှင့်အလှမ်းကွာဝေးသော ကျေးရွာများရှိ ဒေသခံများအား သောက်သုံးရေသန့်ရရှိရန် သုံးစွဲရမည့် နည်းပညာများကို ပံ့ပိုးဆောင်ရွက်ပေးနိုင်မည့် အခြေအနေများကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ဝန်ကြီးချုပ် ဦးဝင်းသိန်းက ရေနောက်မျောပါသွားသည့် လူနေအိမ်များအား တိုင်းဒေသကြီးအရေးပေါ်ကယ်ဆယ်ရေးစီမံချက်များမှ သစ်များရရှိနိုင်ရေးအတွက် မြို့နယ်သစ်တောဦးစီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ပြီး လိုအပ်နေသော ကျေးရွာများသို့ ပို့ဆောင်နိုင်မည့်လမ်းကြောင်းများ၊ ဒေသခံများ၏ သဘောထားကိုရယူပြီး ဆောင်ရွက်နိုင်ရန် မှာကြားခဲ့သည်။

ဆက်လက်၍ UNICEF မှ ထောက်ပံ့ပေးအပ်သော Hygiene Kit ၄၀၀၀၊ ၁၀ လီတာဝင် ပလတ်စတစ်ရေပုံး ၄၀၀၀၊ ၂၀ လီတာဝင် ပလတ်စတစ်ရေပုံး ၄၀၀၀၊ ကလိုရင်းဆေးပုံး ၁၀၀၊ ရေသန့်ဆေးပြား ၂၃၄ ဘူးနှင့် တိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ တာပေါ်လင်အရှည် ၆ ပေ × ပေ ၃၀၀ နှစ်လိပ်၊ တာပေါ်လင် မိုးကာစ ၅၀ တို့ကိုလည်းကောင်း ပေးအပ်ခဲ့ကြောင်း သိရသည်။

ကိုလွင်(ဆွာ)

လယ်ဝေးမြို့နယ်တွင် မိုးစပါး ၁၁၀၉ ဧက အတွက် မျိုးစပါး ထောက်ပံ့ပေးအပ်

နေပြည်တော် စက်တင်ဘာ ၂

လယ်မြေများ ရေကြီးနစ်မြုပ်ပျက်စီးဆုံးရှုံးခံခဲ့ရသည့် လယ်ဝေးမြို့နယ် တောင်သူများကို မျိုးစပါးထောက်ပံ့ပေးအပ်ခြင်း အခမ်းအနားကို အေလာကျေးရွာ စိုက်ပျိုးစီးပွားအသိပညာပေးရေးစင်တာတွင် စက်တင်ဘာ ၂ ရက် နံနက်ပိုင်းက ကျင်းပသည်။

ဇွန်၊ ဇူလိုင်လများတွင် မိုးဆက်တိုက်ရွာသွန်းခဲ့သဖြင့် လယ်ဝေးမြို့နယ်ရှိ ကျေးရွာအုပ်စု ၂၃ အုပ်စုမှ တောင်သူ ၆၆၃ ဦးတို့၏ မိုးစပါး ၁၁၀၉ ဧက ရေလွှမ်းပျက်စီးခဲ့ရာ အဆိုပါလယ်မြေများတွင် စိုက်ပျိုးလုပ်ကိုင်နေကြသော တောင်သူများ ရာသီချိန်မီ ပြန်လည်စိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေးဦးစီးဌာနမှ သက်တမ်းတို စူပါနှံ့ကောက် မျိုးစပါး ၁၁၀၉ တင်း ထောက်ပံ့ပေးအပ်ခြင်းဖြစ်သည်။

အခမ်းအနားတွင် နေပြည်တော်ကောင်စီဝင် ဦးအေးမောင်စိန်၊ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးဇော်ဦးတို့က အမှာစကား ပြောကြားကြပြီး မျိုးစပါးများ ထောက်ပံ့ပေးအပ်ကြရာ ကျေးရွာအုပ်စု တောင်သူလယ်သမားကိုယ်စားလှယ်များက လက်ခံရယူကြသည်။

သဘာဝဘေးသင့်ဒေသများအနေဖြင့် ပထမတစ်သီး ထိခိုက်ခံရမှုကို အနီးစပ်ဆုံးအဖြေရှာ တွက်ချက်မှုမပါဘဲ စိုက်ပျိုးပါက ဒုတိယတစ်သီး၏ စိုက်ပျိုးချိန်ရာသီကိုပါ ထိခိုက်နိုင်သည်ကို သတိပြုကြရမည်ဖြစ်ကြောင်း၊ သီးနှံစိုက်ပျိုးချိန်နှင့် သီးနှံမျိုးများ ပြောင်းလဲစိုက်ပျိုးရန်လိုအပ်ပါက နည်းပညာအကူအညီများကို နီးစပ်ရာစိုက်ပျိုးရေးရုံးများတွင် အကြံဉာဏ်များ ရယူနိုင်ကြသကဲ့သို့ စိုက်ပျိုးစီးပွားအသိပညာပေးရေးစင်တာများတွင်လည်း ဆွေးနွေးနိုင်ကြပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများအနေဖြင့်လည်း ပေါင်းစပ်ချိတ်ဆက်ဆောင်ရွက်မှုများ ရှိနေကြရာ အခြားလိုအပ်သော ထွန်ယက်ရေး၊ ဆည်ရေရရှိရေးလုပ်ငန်းများကို ညှိနှိုင်းဆောင်ရွက်ပေးကြရမည် ဖြစ်ကြောင်း ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက ဆွေးနွေးပြောကြားသည်။

လယ်ဝေးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံများအဖြစ် မိုးစပါး ၆၁၉၄၉ ဧက၊ ပဲမျိုးစုံ ဆီထွက်သီးနှံအပါအဝင် သီးနှံစုံ ၅၀၅၉၇ ဧက စိုက်ပျိုးထားရှိသည်။ နေပြည်တော်တွင် ပုဂ္ဂလိကနှင့်တောင်သူတို့ အကျိုးတူ ကန်ထရိုက် လယ်ယာစနစ်ဖြင့် မျိုးစေ့ထုတ်လုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ရာ နေပြည်တော်ကောင်စီနယ်မြေအတွက် မျိုးစေ့ဖူလုံမှု ရှိရုံမျှမက အခြားသဘာဝဘေးသင့်ဒေသများ၏ မျိုးစပါးလိုအပ်ချက်ကိုပါ ဖြည့်ဆည်းပေးနိုင်ခဲ့ကြောင်း သိရသည်။

အောင်မိုး(စိုက်ပျိုးရေး)

ကရင်ပြည်နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများအတွက် မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်း(ဗဟို)နှင့် မြန်မာနိုင်ငံ တိုင်းရင်းဆေးဝါးထုတ်လုပ်သူများနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်း (ယာယီ)မှ တွဲဖက်အတွင်းရေးမှူး ဆရာဦးသောင်းညွန့်နှင့်အဖွဲ့သည် စက်တင်ဘာ ၂ ရက်တွင် ကျပ်သိန်း ၅၀ ခန့်တန်ဖိုးရှိ တိုင်းရင်းဆေးဝါးမျိုးစုံနှင့် ငွေကျပ် ငါးသိန်းကို ကရင်ပြည်နယ်အစိုးရအဖွဲ့မှ ဖွင့်လှစ်ထားသော ရေဘေးကယ်ဆယ်ရေးအလှူခံဌာနသို့ လှူဒါန်းရာ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာတင်ဝင်းကျော်က လက်ခံရယူစဉ်။

ဌေးအောင်

ကျောက်ကြီးမြို့နယ်တွင် ရေကြီးရေလျှံမှုကြောင့် ကယ်ဆယ်ရေးစခန်းများသို့ မပြောင်းရွှေ့သော်လည်း ရေဝင်ကာ အခက်အခဲဖြစ်သော လူဦးရေ ၄၀၀၀ ကျော်ရှိ

ကျောက်ကြီး စက်တင်ဘာ ၂

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ကျောက်ကြီးမြို့နယ်တွင် စစ်တောင်းမြစ်ရေနှင့် ကျောက်ကြီးချောင်းရေတို့ ဒုတိယအကြိမ်ပြန်လည်မြင့်တက်မှုကြောင့် ယာယီကယ်ဆယ်ရေးစခန်းများသို့ ပြောင်းရွှေ့ခြင်းမရှိသော်လည်း ရေဝင်ကာ အခက်အခဲဖြစ်နေသော လူဦးရေ ၄၀၀၀ ကျော်ရှိကြောင်း သိရသည်။

ကျောက်ကြီးမြို့နယ်တွင် ဒုတိယအကြိမ်ရေပြန်လည်မြင့်တက်လာ၍ ဩဂုတ် ၂၀ ရက်မှစ၍ ယာယီကယ်ဆယ်ရေးစခန်းများ ပြန်လည်ဖွင့်လှစ်ခဲ့ရပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ စက်တင်ဘာ ၁ ရက် စာရင်းအရ ရပ်ကွက်၊ ကျေးရွာအုပ်စု ၁၅ ခုမှ အိမ်ထောင်စု ၁၅၉ စု၊ လူဦးရေ ၆၇၉ ဦးတို့ကို ညောင်ပင်ဆိပ်ဘုန်းတော်ကြီးကျောင်း၊ ဒေါင်းမို့ဘုန်းတော်ကြီးကျောင်း၊ မင်းအိုကြီးဘုန်းတော်ကြီးကျောင်း၊ သောင်လည်

ဘုန်းတော်ကြီးကျောင်း၊ မိုးကုတ်ဓမ္မရိပ်သာနှင့် နီးစပ်ရာဆွေမျိုးအိမ်များသို့ ပြောင်းရွှေ့ပေးထားရကြောင်း သိရသည်။ ရေဝင်ရောက်မှုများကြောင့် အဆိုပါကယ်ဆယ်ရေးစခန်းများသို့ ပြောင်းရွှေ့နေထိုင်မှုမရှိသော်လည်း အမှန်တကယ် အခက်အခဲဖြစ်ပေါ်နေသော အိမ်ထောင်စုများမှာ ရပ်ကွက်၊ ကျေးရွာအုပ်စု ကိုးခုရှိ အိမ်ထောင်စု ၈၀၅ စု၊ လူဦးရေ ၃၈၉၆ ဦးရှိကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

ကျောက်ကြီးမြို့နယ်အတွင်း စစ်တောင်းမြစ်ရေသည် စိုးရိမ်ရေမှတ် စင်တီမီတာ ၉၃၀ ရှိရာ ယခုတွင် စိုးရိမ်ရေမှတ်ကျော်လွန်၍ ၉၈၅ စင်တီမီတာရှိပြီး အုပ်ချုပ်ရေးအဖွဲ့များ၊ နယ်မြေခံတပ်ရင်းများ၊ ရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့နှင့် လူမှုရေးအဖွဲ့များက ကူညီကယ်ဆယ်ရေးလုပ်ငန်းများနှင့် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ကိုသားကြီး(ပြန်/ဆက်)

မော်လမြိုင်ကျွန်း၌ ချောင်းကူးတံတားနှစ်စင်း ဖွင့်လှစ်

မော်လမြိုင်ကျွန်း စက်တင်ဘာ ၂

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဇောက်ကျေးရွာအုပ်စု ကျီးချောင်း-ညောင်ပိတ် ချောင်းကူးတံတားနှင့် သီးသန့်ကျီးချောင်း ချောင်းကူးတံတား ဖွင့်ပွဲများကို စက်တင်ဘာ ၁ ရက် နံနက် ၈ နာရီခွဲက ချောင်းကူးတံတားများ၏ ရှေ့မျက်နှာစာတို့၌ ကျင်းပသည်။

ချောင်းကူးတံတားနှစ်စင်းဖွင့်ပွဲတွင် တံတားအလှူရှင် ဦးသောင်းညွန့် မိသားစုနှင့် ရပ်မိရပ်ဖ ဦးမြအုန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ကျီးချောင်း-ညောင်ပိတ် ချောင်းကူးတံတားမှာ အရှည် ၉၂ ပေ၊ အကျယ် ၁၀ ပေ၊ သီးသန့်ကျီးချောင်း ချောင်းကူးတံတားမှာ အရှည်ပေ ၅၀၊ အကျယ် ၁၀ ပေရှိပြီး ချောင်းကူးတံတားနှစ်စင်းအား အလှူရှင်မိသားစုတို့က ငွေကျပ်သိန်း ၁၀၀ အကုန်အကျခံ ဆောက်လုပ်လှူဒါန်းခဲ့ခြင်းဖြစ်သည်။

အဆိုပါ ချောင်းကူးတံတားနှစ်စင်း တည်ဆောက်ဖွင့်လှစ်ပေးခြင်းကြောင့် ကျေးရွာချင်းဆက် ကျေးရွာခုနစ်ရွာမှ ဒေသခံပြည်သူများနှင့် ကျောင်းသား ကျောင်းသူများ မော်လမြိုင်ကျွန်းမြို့သို့ တိုက်ရိုက်ဆက်သွယ်သွားလာရေးနှင့် ဒေသထွက်ကုန်ပစ္စည်းများ ဈေးကွက်သို့ ပို့ဆောင်ရောင်းဝယ်ရေး အဆင်ပြေလွယ်ကူသွားပြီ ဖြစ်သည်။

မော်ကျွန်း-မြင့်အောင်

"Special 9" ရုပ်ရှင်ဇာတ်ကား စက်တင်ဘာ ၇ ရက်မှ စတင်၍ ရုပ်ရှင်ရုံကြီးများတွင် ပြသသွားမည်

ရန်ကုန် စက်တင်ဘာ ၂

ရွှေမြန်မာ ရုပ်ရှင်ထုတ်လုပ်ရေးမှ ထုတ်လုပ်ပြီး ဇာတ်လမ်းနှင့် ဒါရိုက်တာ ယုန်လေး ရိုက်ကူးထားသည့် "Special 9 (အထူးတပ်ဖွဲ့ဝင် ၉ ဦး)" ရုပ်ရှင် ဇာတ်ကား စာနယ်ဇင်းအကြို မိတ်ဆက်ပွဲအခမ်းအနားကို စက်တင်ဘာ ၁ ရက် ညနေ ၆ နာရီက ရန်ကုန်မြို့ သမ္မတ အဆင့်မြင့်ရုပ်ရှင်ရုံ၌ ပြသခဲ့ပြီး စက်တင်ဘာ ၇ ရက်မှ စတင်၍ မြန်မာတစ်နိုင်ငံလုံးရှိ အဆင့်မြင့်ရုပ်ရှင်ရုံကြီးများတွင် ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဇာတ်ကားတွင် မြင့်မြတ်၊ ယုန်လေး၊ Nine One၊ ထက်ယံ၊ Ice Cold၊ သားသား၊ ဥက္ကာ၊ ထက်အောင်ရှိုင်း၊ နေနော်၊ စန်းတိုးနိုင်၊ ချမ်းညီ၊ မောင်မောင်သန့်၊ ဆူဇီ၊ စိုးနန္ဒာကျော်၊ ခိုင်မြတ်သဇင်၊ ပန်းနုနှင့် အထူးသရုပ်ဆောင်အဖြစ် ထူးအယ်လင်းတို့ ပါဝင်ထားကာ နာမည်ကြီးအဆိုတော် ခြောက်ဦးတို့၏ မူဆယ်မြို့ ဖျော်ဖြေရေးခရီးစဉ်မှ အစပြုကာ တစ်ဖက်နိုင်ငံရှိ နိုက်ကလပ်တစ်ခုတွင် ခိုက်ရန်ဖြစ်ပွားပြီး လက်နက်ကိုင်အဖွဲ့အစည်းများနှင့် ပတ်သက်နေသော အင်အားကြီး ဂိုဏ်းတစ်ဂိုဏ်း၏ လိုက်လံသတ်ဖြတ်မှုအပေါ် ရဲတပ်ဖွဲ့မှ အထူးတပ်ဖွဲ့ဝင်ကိုးဦးကို စစ်ဆင်ရေးအဖြစ် စေလွှတ်ကယ်တင်သည့် အက်ရှင်ဇာတ်ကြမ်း ဇာတ်ကားဖြစ်သည်။

ယင်းဇာတ်ကားကို တရုတ်နိုင်ငံတွင် အများဆုံး အခြေပြုရိုက်ကူးထားခြင်းဖြစ်ပြီး နယ်စပ်ဒေသရှိ အမည်းရောင်နယ်မြေ၏ တရားဥပဒေစိုးမိုးမှုအခြေအနေများ၊ ရာဇဝတ်ဂိုဏ်းများနှင့် လက်နက်ကိုင်အဖွဲ့အစည်းများ ဆက်နွှယ်နေပုံတို့ကို အခြေခံကာ နယ်စပ်ဒေသ၏ ဖွံ့ဖြိုးတိုးတက်မှုပုံရိပ်များနှင့် အလှအပများကို ပေါ်လွင်အောင်ရိုက်ကူးထားသည့် ဇာတ်ကားဖြစ်ကြောင်းသိရသည်။

ယုန်လေး

မြင့်မြတ်

ထူးအယ်လင်း

Ice Cold

ဇာတ်လမ်းနှင့် ဒါရိုက်တာ ယုန်လေးက "၂၀၀၉-၂၀၁၀ လောက်ကတည်းက ဒီဇာတ်လမ်းကို ရိုက်ဖို့ တွေးထားခဲ့တာပါ။ အဲဒီတုန်းကလည်း ငွေကြေး၊ ဆင်ဆာ စတဲ့အခွင့်အရေးတွေမရှိခဲ့ဘူး။ အခုတော့ အဲဒီအခွင့်အရေးတွေရတဲ့အတွက်ကြောင့် ရိုက်ဖြစ်ခဲ့တာပါ။ ကျွန်တော်ရိုက်တဲ့ ပထမဆုံးကားပါ။ အခက်အခဲတွေကတော့ အများကြီးရှိခဲ့ပါတယ်။ ဒီကားလေးကို တရုတ်ပြည်မှာ အဓိကထားပြီး ရိုက်ကူးထားတာပါ။ ဇာတ်လမ်းကတော့ မူဆယ်မှာ ရှိုးပွဲသွားဆိုပြီး တရုတ်ပြည်ဘက်မှာ ပြဿနာဖြစ်လို့ ရဲတပ်ဖွဲ့က ပြန်လည်ကယ်တင်တဲ့ ဇာတ်လမ်းမျိုးပါ။ ဒီဇာတ်ကားဟာ အဆိုတော်တွေ အများကြီးပါဝင်ပြီး သရုပ်ဆောင်ထားတယ်။ ဒီဇာတ်ကားမှာ ပရိသတ်ကြည့်ချင်တဲ့ မင်းသားတွေလည်း ပါပါတယ်။ ကျွန်တော်တို့ ညီအစ်ကိုတစ်တွေ တက်ညီလက်ညီနဲ့ စုပေါင်းပြီး ကြိုးစားရိုက်ကူးထားတာပါ။ စေတနာ တကယ်ထားထားတာ ကြည့်ရင်တွေ့မှာပါ" ဟု ပြောသည်။

သရုပ်ဆောင် မြင့်မြတ်က "ဒီဇာတ်ကားဟာ အက်ရှင်ဇာတ်ကားပါ။ ရဲ ပညာပေးလို့လည်း ပြောလို့ရပါတယ်။ တစ်ကားလုံးအားရပါတယ်။ ဇာတ်ကားတစ်ကားကောင်းတယ်ဆိုတာ တစ်ယောက်ကောင်းနဲ့ မပြီးပါဘူး။ ဒီဇာတ်ကားက သက်သေပါပဲ။ ပါဝင်တဲ့ အဆိုတော်တွေ၊ သရုပ်ဆောင်တွေ အားလုံးကောင်းတဲ့အတွက်ကြောင့် ဒီကားက တော်တော်သွက်ပါတယ်။ ဟိုဘက်နိုင်ငံမှာ သွားရောက်ရိုက်ကူးတာဆိုတော့ ကိုယ့်နိုင်ငံလိုတော့ မဟုတ်ပါဘူး။ အခက်အခဲတွေတော့ ရှိခဲ့ပါတယ်။ ဒီဇာတ်ကားလေးကို ကျွန်တော်တို့ ညီအစ်ကိုတစ်တွေ အတတ်နိုင်ဆုံး၊ အကောင်းဆုံးကြိုးစားထားပါတယ်" ဟု ပြောသည်။

သရုပ်ဆောင်ထူးအယ်လင်းက "ယုန်လေးတို့၊ မြင့်မြတ်တို့ကို ချစ်လို့ ဒီဇာတ်ကားကို ရိုက်ဖြစ်တာပါ။ တစ်ခါမှလည်း မရိုက်ဖူးပါဘူး။ ဒါပထမဆုံးအကြိမ်ပါ။ ညီအစ်ကိုတွေပဲ၊ အပြင်မှာလည်း ပျော်ပျော်ပါးပါးပဲ။ ဇာတ်လမ်းတစ်ပုဒ်ပါပဲဆိုပြီး ညီအစ်ကိုတွေအားလုံး ဝိုင်းပြီးပြောကြလို့ ရိုက်ဖြစ်ခဲ့တာပါ။ ကျတဲ့နေရာမှာ ဆေးစက်လေးတော့ထင်ချင်တာပေါ့။ ဒါကြောင့် တတ်နိုင်သလောက်ကြိုးစားထားပါတယ်။ ဒီဇာတ်ကားအတွက် ကတုံးနဲ့ ပိုပြီးလိုက်ဖက်မယ်ထင်လို့ ကတုံး တုံးပြီးရိုက်လိုက်တာပါ။ ဇာတ်ကား တစ်ကားလုံး သူ့အပိုင်းနဲ့သူ၊ သူ့အကန့်နဲ့သူ အားလုံးအဆင်ပြေပါတယ်။ ဖျော်ဖြေမှုကို ဖျော်ဖြေမှုလို့ပဲ သဘောထားပါ။ ဒီဇာတ်ကားဟာ ပရိသတ်တွေအတွက် ဘဝအမောတွေပြေပြီး ပူပင်သောကတွေပျောက်သွားမယ်လို့ ယုံကြည်ပါတယ်" ဟု ပြောသည်။

သရုပ်ဆောင် Ice Cold က "ကျွန်တော် ပထမတုန်းက ကိုယ့်သမိုင်းကိုယ်ရေးကြသူများ (၂)မှာလည်း ပါဝင်ခဲ့ပါတယ်။ ဒီဇာတ်ကားကို တရုတ်ပြည်မှာ ရိုက်ခဲ့တာပါ။ အခုလိုပြန်ကြည့်တဲ့အချိန်မှာတော့ တချို့နေရာလေးတွေကို သိပ်ပြီးတော့ အားမရဘူး။ နောက်ပိုင်းတွေမှာတော့ နည်းနည်းလေးကျေနပ်မှုတွေရလာပါတယ်။ အမှတ်တရတွေ အများကြီးပါပဲ။ ကျွန်တော်တို့က အဆိုတော်တွေဆိုတော့ သရုပ်ဆောင်မှုအပိုင်းမှာ အခက်အခဲတွေတော့ ရှိခဲ့ပါတယ်။ ဇာတ်ကွက်လေးတွေရအောင် တော်တော်လေ့ကျင့်ခဲ့ရပါတယ်။ ပရိသတ်တွေအနေနဲ့ ဒီဇာတ်ကားလေးကို လာကြည့်ပါ။ ပုံမှန်ကားမျိုး မဟုတ်ပါဘူး။ သူ့ရဲ့ ဇာတ်ရှိန်လေးနဲ့ တဖြည်းဖြည်းစီးမျောပြီးတော့ ပါသွားမယ့် ဇာတ်ကားမျိုးပါ" ဟု ပြောသည်။

သတင်း-ဇော်ကြီး၊ ဓာတ်ပုံ-ဖေဇော်

မြစ်ရေကြီးမှု အခြေအနေ

နေပြည်တော် စက်တင်ဘာ ၂

စစ်တောင်းမြစ်

ယနေ့မွန်းလွဲ ၁ နာရီခွဲအချိန် တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် လေးပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး လက်ရှိရေမှတ်မှ နောက်နှစ်ရက်အတွင်း ပေဝက်ခန့်ကျဆင်းနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သံလွင်မြစ်

သံလွင်မြစ်ရေသည် ဘားအံမြို့တွင် လေးပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး လက်ရှိရေမှတ်မှ နောက်နှစ်ရက်အတွင်း ပေဝက်ခန့် ကျဆင်းနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ် အထက် ဆက်လက်တည်ရှိနိုင်သဖြင့် မဒေါက်မြို့နှင့် ဘားအံမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများ အနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုထားသည်။

မိုး/ဇလ

တနိုင်း၌ မိန်းကလေးနှစ်ဦးအား ဗုံးဖြင့် ဖောက်ခွဲလုပ်ကြံ၊ လူထိခိုက်မှု မရှိ

တနိုင်း စက်တင်ဘာ ၂

ကချင်ပြည်နယ် တနိုင်းမြို့၌ စက်တင်ဘာ ၂ ရက် နံနက် ၃ နာရီခန့်က နေအိမ်တွင် အိပ်နေသည့် မိန်းကလေးနှစ်ဦးအား ဒေသန္တရ လက်လုပ်ဗုံးဖြင့် ဖောက်ခွဲလုပ်ကြံခဲ့ကြောင်း တနိုင်းမြို့မရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ ပုန်ခုန်းကွက်သစ်နေ မမေရီ၏ နေအိမ်၌ နံနက် ၃ နာရီခန့်က ဗုံးပေါက်ကွဲမှု ဖြစ်ပွားခဲ့ကြောင်း ဖုန်းဖြင့်အကြောင်းကြားခဲ့၍ နယ်ထိန်းတပ်ဖွဲ့ဝင်များနှင့် သွားရောက်စစ်ဆေးကြည့်ရှုရာ လူထိခိုက်မှုမရှိသော်လည်း နေအိမ်သွပ်မိုးနှင့် ထရံတို့တွင် မိုင်းစများထိမှန်ခဲ့ကြောင်း စစ်ဆေးတွေ့ရှိခဲ့သည်။

မမေရီ၏ ပြောပြချက်အရ ယနေ့နံနက် ၃ နာရီခန့်က ညီမဖြစ်သူနှင့်အတူ အိပ်နေစဉ် နေအိမ်ပေါ်သို့ လူတစ်ဦး တက်လာသည်ကို တွေ့ရှိရ၍ ဓာတ်မီးဖြင့်ထိုးကြည့်ရာ တစ်အိမ်ကျော်နေ ဦးတီမာဝူ(၄၅)နှစ်ဖြစ်ကြောင်း တွေ့ရှိခဲ့ရပြီး အိမ်နီးချင်းဖြစ်သူ ဒေါ်အားချာအား အော်ဟစ်အကူအညီတောင်းရာ ၎င်းမှာ အိမ်အောက်သို့ ထွက်ပြေးသွားစဉ် ပေါက်ကွဲသံကြားရကြောင်း စစ်ဆေးထွက်ဆိုခဲ့၍ သက်သေများနှင့်အတူ ဦးတီမာဝူ၏ နေအိမ်သို့ ဝင်ရောက်စစ်ဆေးရာ ၎င်းအား နေအိမ်တွင်တွေ့ရှိရပြီး နေအိမ်အတွင်းမှ စနက်ကြိုးရိုးရိုး အရှည်သုံးလက်မခွဲခန့်တစ်ချောင်း၊ စနက်ကြိုးအမြန် (Cortex) အရှည်နှစ်လက်မ ခုနစ်ချောင်း၊ မီးရှို့စနက်တံအရှည် ၁ ဒသမ ၇ လက်မ တစ်ချောင်း၊ လျှပ်စစ်စနက်တံအရှည် နှစ်လက်မခန့် နှစ်ခု၊ ၅ ဒသမ ၅၆ ကျည်ဆန်သုံးတောင့်၊ M-22 ကျည်သုံးတောင့်၊ အရှည် ၄ ပေ ၂ လက်မခန့်ရှိ တူမီးသေနတ်တစ်လက်နှင့် ယင်းခဲသီးလုံး ၂၀၊ ယမ်းစိမ်းဂရမ် ၄၆၀၊ ဒေသန္တရလက်လုပ်မိုင်းမျိုးစုံ ခြောက်လုံးတို့ကို တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

ဗုံးဖြင့် ဖောက်ခွဲလုပ်ကြံခဲ့သူ ဦးတီမာဝူမှာ သားသမီး ခြောက်ယောက်၏ဖခင်ဖြစ်ပြီး လွန်ခဲ့သည့် နှစ်နှစ်ခန့်က ပယင်းမှော်တွင် အတူလုပ်ကိုင်စဉ်က မမေရီအား သမီးရည်းစားစကား အကြိမ်ကြိမ်ပြောခဲ့ဖူးကြောင်း၊ ၎င်းသည် မမေရီ၏ မိခင်ရှေ့တွင် သမီးရည်းစားစကား ပြောဆိုခဲ့၍ မမေရီ၏မိခင်နှင့် အချင်းများရာမှ ရန်ငြိုးထားကာ ယခုကဲ့သို့ ဗုံးခွဲလုပ်ကြံခြင်းဖြစ်ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ဦးတီမာဝူအား တနိုင်းမြို့မရဲစခန်းတွင် ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများအက်ဥပဒေဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ဝင်းနိုင်(ကချင်မြေ)

မော်လူး၌ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးဟောပြော

မော်လူး စက်တင်ဘာ ၂

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးမြို့အုပ်ချုပ်ရေးမှူးရုံးတွင် စက်တင်ဘာ ၂ ရက်က မော်လူး၊ အင်းတော်ပူးပေါင်း၍ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေး ဟောပြောပွဲနှင့် လက်တွေ့သရုပ်ပြခြင်းကို ပြုလုပ်ခဲ့သည်။

ဟောပြောပွဲကို စစ်ကိုင်းတိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန တိုင်းဦးစီးမှူးနှင့် နည်းပြ ခုနစ်ဦးတို့က လျှပ်စစ်သွယ်တန်းမှုနှင့်စပ်လျဉ်း၍ လက်တွေ့သရုပ်ပြခြင်း၊ လျှပ်စစ်အန္တရာယ်ကင်းရေးအသိပညာပေး ဟောပြောခြင်း၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ လမ်းညွှန်မှုအရ သင်ထောက်ကူပစ္စည်းများ၊ တိုင်းတာရေးမီတာများ၊ နမူနာများ ပါဝင်သော Mobile VocationalTrainning Truck ဖြင့် လက်တွေ့သရုပ်ပြသခဲ့ကြသည်။

နီတိုး(မိုးညှင်း)

တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့ရှိ ဆည်၊ တမံများ၏ ရေပိုလွှဲမှ ရေကျော်ကျမှုအခြေအနေ

နေပြည်တော် စက်တင်ဘာ ၂

တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်တည်ရှိသည့် ဆည်၊ တမံများအနက် အချို့သော ဆည်၊ တမံများမှာ မိုးရွာသွန်းမှုအားကောင်း၍ သတ်မှတ်ကန်ရေပြည့်ပမာဏ ကျော်လွန်ကာ ရေပိုလွှဲများမှ ရေကျော်ကျလျက်ရှိသည်။

ယနေ့တွင် သတ်မှတ်ကန်ရေပြည့်အမှတ်ကျော်လွန်၍ ရေပိုလွှဲမှ ရေကျော်ကျလျက်ရှိသည့် ဆည်၊ တမံ ၅၇ ခုရှိပြီး ၎င်းဆည်၊ တမံ ၅၇ ခုမှာ အောက်ပါအတိုင်းဖြစ်သည် -

[illegible]

နေ့စွဲ - ၂.၉.၂၀၁၈
(၀၆:၀၀)နာရီ ရေအမှတ်

စဉ်	ဆည်အမည်	တည်နေရာ (ခရိုင်/မြို့နယ်)	ကန်ရေပြည့်(ပေ) ကန်ရေသေ(ပေ)	ရေလှောင်ပမာဏ (ဧကပေ)	ရေအနက် (ပေ)	ရေလှောင်ပမာဏ (ဧကပေ)	မိုးရေချိန် (လက်မ)	မှတ်ချက်
		နေပြည်တော်တိုင်း						
၁	ပေါင်းလောင်းရေလှောင်တမံ	နေပြည်တော်တိုင်း/ဥတ္တရခရိုင်	၃၇၇.၃၁	၅၉၆၄၂၀	[illegible]	[illegible]	[illegible]	[illegible]
		ဇေယျာသီရိမြို့	၂၉၁.၂၉	၂၇၃၆၅၆				[illegible]
၂	ချောင်းမငယ်ရေလှောင်တမံ	နေပြည်တော်တိုင်း/ဒက္ခိဏခရိုင်	၈၆	၉၁၇၇၀	[illegible]	[illegible]	[illegible]	[illegible]
		လယ်ဝေးမြို့	၄၆	၁၅၃၀၀				[illegible]
		ကရင်ပြည်နယ်						
၃	ရေဘုတ်ရေလှောင်တမံ	ဘားအံခရိုင်	၃၆	၂၈၄၇၄	[illegible]	[illegible]	[illegible]	[illegible]
		လှိုင်းဘွဲ့မြို့	၁၉	၂၃၇၆				[illegible]
		ချင်းပြည်နယ်						
၄	လိုင်ဗားရေလှောင်တမံ	ဖလမ်းခရိုင်/	၆၈.၈၀	၁၈၈၁	[illegible]	[illegible]	[illegible]	[illegible]
		ဖလမ်းမြို့	၂၆	၁၀၃				[illegible]
၅	သီကီရ်ရေလှောင်တမံ	ဟားခါးခရိုင်/	၆၅	၁၃၆၅	[illegible]	[illegible]	[illegible]	[illegible]
		ထန်တလန်မြို့	၁၅	၇၅				[illegible]
		စစ်ကိုင်းတိုင်းဒေသကြီး						
၆	မဟာနန္ဒာကန်	ရွှေဘိုခရိုင်/	၆	၁၀၉၅	[illegible]	[illegible]	-	[illegible]
		ရွှေဘိုမြို့	၀	၁၂၂				[illegible]
၇	မြောက်ယမားရေလှောင်တမံ	ယင်းမာပင်ခရိုင်/	၅၄	၁၄၀၅၇	[illegible]	[illegible]	-	[illegible]
		ပုလဲမြို့	၂၉	၂၈၃၆				[illegible]
၈	မြောက်ယမားရေကူ ရေလှောင်တမံ	ယင်းမာပင်ခရိုင်/	၁၂၀	၁၂၂၉၀၀	[illegible]	[illegible]	-	[illegible]
		ပုလဲမြို့	၇၉	၂၁၂၄၀				[illegible]
၉	ရာဇပြုလ်ရေလှောင်တမံ	ကလေးခရိုင်/	၁၄၅	၅၂၀၀၀	[illegible]	[illegible]	[illegible]	[illegible]
		ကလေးမြို့	၈၅	၈၀၀၀				[illegible]
		ပဲခူးတိုင်းဒေသကြီး(အရှေ့)						
၁၀	ပသိရေလှောင်တမံ	တောင်ငူခရိုင်/	၈၀	၃၀၅၀၀	[illegible]	[illegible]	-	[illegible]
		တောင်ငူမြို့	၂၅.၆	၁၅၀၅				[illegible]
၁၁	မင်းရဲရေလှောင်တမံ	တောင်ငူခရိုင်/	၃၈	၂၃၅၀	[illegible]	[illegible]	[illegible]	[illegible]
		အုတ်တွင်းမြို့	၂၅	၅၀၀				[illegible]
၁၂	ငမြေရေလှောင်တမံ	တောင်ငူခရိုင်/	၄၆	၂၃၈၀	[illegible]	[illegible]	[illegible]	[illegible]
		ဖြူးမြို့	၂၇.၅	၃၅၀				[illegible]
၁၃	ဖြူးချောင်းရေလှောင်တမံ	တောင်ငူခရိုင်/	၂၁၉	၆၃၂၅၃၃	[illegible]	[illegible]	[illegible]	[illegible]
		ဖြူးမြို့	၁၁၆.၆	၂၉၉၄၉				[illegible]
၁၄	ရဲနွယ်ရေလှောင်တမံ	ပဲခူးခရိုင်/	၂၀၅	၉၃၁၈၀၀	[illegible]	[illegible]	[illegible]	[illegible]
		ကျောက်တံခါးမြို့	၈၈.၂	၃၄၉၀၀				[illegible]
၁၅	ဘောနီရေလှောင်တမံ	ပဲခူးခရိုင်/	၇၃	၃၅၂၀၀	[illegible]	[illegible]	[illegible]	[illegible]
		နိုက်ဦးမြို့	၃၃	၂၄၀၀				[illegible]
၁၆	ပျဉ်ပုံကြီးရေလှောင်တမံ	ပဲခူးခရိုင်/	၄၀	၁၁၁၃၀	[illegible]	[illegible]	[illegible]	[illegible]
		နိုက်ဦးမြို့	၈	၁၄၂၈				[illegible]
၁၇	မခင်းရေလှောင်တမံ	ပဲခူးခရိုင်/	၅၂	၂၆၁၈၆	[illegible]	[illegible]	-	[illegible]
		ပဲခူးမြို့	၂၅	၂၄၇၆				[illegible]
၁၈	စလက်တော်ရေလှောင်တမံ	ပဲခူးခရိုင်/	၃၉.၅	၁၈၅၁၂	[illegible]	[illegible]	-	[illegible]
		ပဲခူးမြို့	၁၂.၅	၇၅၀				[illegible]
၁၉	ရွှေပြည်(၁)ရေလှောင်တမံ	ပဲခူးခရိုင်/	၂၈	၃၇၀၀	[illegible]	[illegible]	[illegible]	[illegible]
		ပဲခူးမြို့	၈	၄၀				[illegible]
၂၀	ကိုဒူကွဲရေလှောင်တမံ	ပဲခူးခရိုင်/	၈၀	၁၄၈၃၆၄	[illegible]	[illegible]	[illegible]	[illegible]
		ပဲခူးမြို့	၃၅	၁၀၁၈၅				[illegible]
		ပဲခူးတိုင်းဒေသကြီး(အနောက်)						
၂၁	တောင်နဝင်းရေထိန်းတမံ	ပြည်ခရိုင်/	၃၆	၂၁၁၈၆	[illegible]	[illegible]	[illegible]	[illegible]
		ပေါက်ခေါင်းမြို့	၂၉.၄၄	၁၀၅၄၉				[illegible]
၂၂	ဝဲကြီးရေလှောင်တမံ	ပြည်ခရိုင်/	၁၀၂	၂၅၂၀၀၀	[illegible]	[illegible]	-	[illegible]
		ပေါင်းတည်မြို့	၇၀	၂၅၀၀၀				[illegible]
၂၃	ညောင်ကိုင်းရေလှောင်တမံ	ပြည်ခရိုင်/	၄၈	၁၇၅၆၄	[illegible]	[illegible]	[illegible]	[illegible]
		ပန်းတောင်းမြို့	၂၆	၃၀၀၁				[illegible]
၂၄	တောင်ညိုရေလှောင်တမံ	သာယာဝတီခရိုင်/	၉၅	၂၁၀၀၀၀	[illegible]	[illegible]	[illegible]	[illegible]
		နတ္တလင်းမြို့	၅၇.၅	၂၁၉၅၀				[illegible]
၂၅	တော်ဘင်ရေလှောင်တမံ(၂) (တော်ဘင်ချောင်း)	သာယာဝတီခရိုင်/	၁၀၀	၂၆၅၈၈	[illegible]	[illegible]	[illegible]	[illegible]
		ဇီးကုန်းမြို့	၆၅	၅၈၄၂				[illegible]
၂၆	ဂမုန်းရေလှောင်တမံ	သာယာဝတီခရိုင်/	၁၀၃	၅၆၄၁၇	[illegible]	[illegible]	[illegible]	[illegible]
		အုတ်ဖိုမြို့	၅၁	၄၆၆၂				[illegible]
၂၇	ဂံတင်ဘီးလင်းရေလှောင်တမံ	သာယာဝတီခရိုင်/	၁၀၅	၁၃၄၁၇၅	[illegible]	[illegible]	-	[illegible]
		မင်းလှမြို့	၅၅	၇၅၇၈				[illegible]
၂၈	သဲကောရေလှောင်တမံ	သာယာဝတီခရိုင်/	၆၆	၅၂၅၀၀	[illegible]	[illegible]	[illegible]	[illegible]
		လက်ပံတန်းမြို့	၄၀	၄၁၂၀				[illegible]
၂၉	မုက္ခာရေလှောင်တမံ	သာယာဝတီခရိုင်/	၆၄	၂၄၁၁၂	[illegible]	[illegible]	[illegible]	[illegible]
		မင်းလှမြို့	၃၄	၁၈၆၁				[illegible]
		မကွေးတိုင်းဒေသကြီး						
၃၀	ဘန်းကုန်းရေလှောင်တမံ	မကွေးခရိုင်/	၅၄	၇၄၀၀	[illegible]	[illegible]	-	[illegible]
		တောင်တွင်းကြီးမြို့	၃၄	၁၀၀၀				[illegible]
၃၁	ကင်မွန်းတောင်ရေလှောင်တမံ	မကွေးခရိုင်/	၆၈	၁၀၅၂၀	[illegible]	[illegible]	-	[illegible]
		တောင်တွင်းကြီးမြို့	၃၃	၆၄၀				[illegible]
၃၂	မြစ်သာရေလှောင်တမံ	ဂန့်ဂေါခရိုင်/	၁၈၅	၃၇၇၆၀၀	[illegible]	[illegible]	-	[illegible]
		ဂန့်ဂေါမြို့	၁၃၅	၁၅၂၉၁၅				[illegible]
၃၃	စလင်းရေလှောင်တမံ	မင်းဘူးခရိုင်/	၂၀၃	၁၃၃၀၀၀	[illegible]	[illegible]	-	[illegible]
		စလင်းမြို့	၉၃	၁၆၂၅၉				[illegible]
၃၄	မုန်းချောင်းရေလှောင်တမံ	မင်းဘူးခရိုင်/	၁၄၀	၆၂၀၉၀၀	[illegible]	[illegible]	[illegible]	[illegible]
		စေတုတ္တရာမြို့	၆၀	၉၂၅၀၀				[illegible]
၃၅	မန်းချောင်းရေလှောင်တမံ	မင်းဘူးခရိုင်/	၁၂၀	၁၂၀၀၀၀	[illegible]	[illegible]	[illegible]	[illegible]
		ငဖဲမြို့	၆၀	၁၀၅၀၀				[illegible]
၃၆	ကြီးအုံကြီးဝရေလှောင်တမံ	မင်းဘူးခရိုင်/	၁၂၃.၅	၃၀၂၇၀၀	[illegible]	[illegible]	-	[illegible]
		ပွင့်ဖြူ	၅၆	၂၄၃၇၂				[illegible]
၃၇	ဘွက်ကြီးရေလှောင်တမံ	သရက်ခရိုင်/	၉၅	၇၃၁၉၂	[illegible]	[illegible]	-	[illegible]
		အောင်လံမြို့	၆၀	၁၇၆၀၅				[illegible]
		မွန်ပြည်နယ်						
၃၈	ကတိုက်ရေလှောင်တမံ	သထုံခရိုင်/	၁၂၃	၅၆၀၉၂	[illegible]	[illegible]	[illegible]	[illegible]
		ပေါင်မြို့	၂၆	၁၀၇၅				[illegible]
၃၉	ရွှေနတ်တောင် ရေလှောင်တမံ	မော်လမြိုင်ခရိုင်/	၇၄	၅၂၅၀	[illegible]	[illegible]	[illegible]	[illegible]
		မော်လမြိုင်မြို့	၃၄	၉၁၀				[illegible]
		ရခိုင်ပြည်နယ်						
၄၀	ပြိုင်းချောင်းရေလှောင်တမံ	စစ်တွေခရိုင်/	၉၆	၂၅၂၀၅	[illegible]	[illegible]	[illegible]	[illegible]
		ကျောက်တော်မြို့	၂၆	၁၀၅၄				[illegible]
၄၁	ကြိုးကြာကွင်းရေလှောင်တမံ	သံတွဲခရိုင်/	၄၀	၅၂၉	[illegible]	[illegible]	-	[illegible]
		တောင်ကုတ်မြို့	၁၁	၇				[illegible]
၄၂	ရပိုင်းကွင်းရေလှောင်တမံ	သံတွဲခရိုင်/	၄၀.၆	၆၂၅	[illegible]	[illegible]	-	[illegible]
		ဂွမြို့	၁၃.၆၀	၄၇				[illegible]
၄၃	ငပလီရေလှောင်တမံ	သံတွဲခရိုင်/	၄၄	၁၄၇၀	[illegible]	[illegible]	-	[illegible]
		သံတွဲမြို့	၉	၇၀				[illegible]
၄၄	မင်းသားချောင်းရေလှောင်တမံ	မြောက်ဦးခရိုင်/	၁၇	၁၆၅၀	[illegible]	[illegible]	-	[illegible]
		ကျောက်တော်မြို့	၁	၂၀				[illegible]
၄၅	ဂရင်ဂျိုင်ရေလှောင်တမံ	မြောက်ဦးခရိုင်/	၂၆	၆၅	[illegible]	[illegible]	-	[illegible]
		မင်းပြားမြို့	၁၂	၅				[illegible]
၄၆	ကြက်တက်ရေလှောင်တမံ	မြောက်ဦးခရိုင်/	၃၀	၁၂၀	[illegible]	[illegible]	-	[illegible]
		မင်းပြားမြို့	၁၀	၉				[illegible]
၄၇	ချောက်ချောင်း ရေလှောင်တမံ	မြောက်ဦးခရိုင်/	၄၃	၁၁၄၀	[illegible]	[illegible]	[illegible]	[illegible]
		ကျောက်တော်မြို့	၁၇	၁၂၀				[illegible]
		ရန်ကုန်တိုင်းဒေသကြီး						
၄၈	မဟူရာ(ငမိုးရိပ်)ရေကူ ရေလှောင်တမံ	ရန်ကုန်(မြောက်ပိုင်း)ခရိုင်/	၉၀	၅၃၉၉၂	[illegible]	[illegible]	[illegible]	[illegible]
		လှည်းကူးမြို့	၃၄	၂၅၀၀				[illegible]
၄၉	ငမိုးရိပ်ရေလှောင်တမံ	ရန်ကုန်(မြောက်ပိုင်း)ခရိုင်/	၆၂	၁၈၀၀၀၀	[illegible]	[illegible]	[illegible]	[illegible]
		လှည်းကူးမြို့	၃၆	၁၂၀၀၀				[illegible]
၅၀	တဘူးလှရေလှောင်တမံ	ရန်ကုန်(မြောက်ပိုင်း)ခရိုင်/	၈၅	၁၉၄၆၀၀	[illegible]	[illegible]	[illegible]	[illegible]
		တိုက်ကြီးမြို့	၄၅	၂၄၃၂၅				[illegible]
၅၁	ဘန်ဘွေးကုန်းရေလှောင်တမံ	ရန်ကုန်(တောင်ပိုင်း)ခရိုင်/	၁၃	၁၇၃၅	[illegible]	[illegible]	[illegible]	[illegible]
		သန်လျင်မြို့	၂.၅၀	၁၅၀				[illegible]
၅၂	ဇာမဏီအင်းရေလှောင်တမံ	ရန်ကုန်(တောင်ပိုင်း)ခရိုင်/	၁၂	၅၃၆၄	[illegible]	[illegible]	[illegible]	[illegible]
		သန်လျင်မြို့	၂	၃၂၆				[illegible]
		ရှမ်းပြည်နယ်(မြောက်ပိုင်း)						
၅၃	မုံးရင်ရေလှောင်တမံ	ကျောက်မဲခရိုင်/	၈၆	၂၅၉၀၀	[illegible]	[illegible]	[illegible]	[illegible]
		နမ္မတူမြို့	၅၆	၅၃၈၅				[illegible]
၅၄	ကောက်ကွေ့ရေလှောင်တမံ	လားရှိုးခရိုင်/	၁၀၆	၅၀၃၄	[illegible]	[illegible]	[illegible]	[illegible]
		လားရှိုးမြို့	၃၄	၂၀၇				[illegible]
		ဧရာဝတီတိုင်းဒေသကြီး						
၅၅	ကွန်ချောင်းရေလှောင်တမံ	ဟင်္သာတခရိုင်/	၁၂၅	၉၈၄၀၀	[illegible]	[illegible]	-	[illegible]
		ကြံခင်းမြို့	၄၈	၇၃၅၀				[illegible]
၅၆	နန်းကသူရေလှောင်တမံ	ဟင်္သာတခရိုင်/	၁၃၈	၄၀၄၈၇	[illegible]	[illegible]	[illegible]	[illegible]
		အင်္ဂပူမြို့	၅၈	၆၆၁၈				[illegible]
၅၇	ကညင်ရေလှောင်တမံ	ဟင်္သာတခရိုင်/	၁၇၄	၁၄၅၀၀၀	[illegible]	[illegible]	[illegible]	[illegible]
		အင်္ဂပူမြို့	၈၆	၂၆၈၈၈				[illegible]

ရွှေကျင်မြို့နယ်၌ စစ်တောင်းမြစ်ရေပြန်တက်လာမှုကြောင့် လူဦးရေ ၃၈၀ ကျော် ဒုတိယအကြိမ် အရေးပေါ်ရွှေ့ပြောင်းထား

ရွှေကျင် စက်တင်ဘာ ၂

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ်၌ ပထမအကြိမ်မြစ်ရေကြီးစဉ်က ဖွင့်လှစ်ခဲ့သည့် ရေဘေးကယ်ဆယ်ရေးစခန်း ၅၂ ခု ပိတ်သိမ်းပြီး စခန်းနှစ်ခုပိတ်သိမ်းရန် ကျန်ရှိနေဆဲတွင် စစ်တောင်းမြစ်ရေ ဒုတိယအကြိမ် ပြန်တက်လာခြင်းကြောင့် လူဦးရေ ၃၈၀ ကျော်အား အရေးပေါ်ကယ်ဆယ်ရွှေ့ပြောင်းခဲ့ရကြောင်း ရွှေကျင်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

ရွှေကျင်မြို့နယ်တွင် စစ်တောင်းမြစ်ရေ ဒုတိယအကြိမ် ပြန်တက်လာသဖြင့် စက်တင်ဘာ ၁ ရက်မှ ၂ ရက်အထိ မြို့ပေါ်အနိမ့်ပိုင်းရပ်ကွက်သုံးရပ်ကွက်နှင့် မြစ်ကမ်းဘေးကျေးရွာအချို့တွင်နေထိုင်သည့်အိမ်ထောင်စု ၆၅ စု (လူဦးရေ ၃၈၃ ဦး)ကို အရေးပေါ် ကယ်ဆယ်ရွှေ့ပြောင်းခဲ့ရကြောင်း ရွှေကျင်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

အဆိုပါမြို့နယ်တွင် ပထမအကြိမ်မြစ်ရေကြီးစဉ်က ရေဘေးကယ်ဆယ်ရေးစခန်း ၅၄ ခု ဖွင့်လှစ်ခဲ့ပြီး စခန်း ၅၂ ခု ပိတ်သိမ်းခဲ့ကာ ကျန်ရှိရေဘေးစခန်းနှစ်ခုတွင် အိမ်ထောင်စု ၂၅၇ စု (လူဦးရေ ၁၂၅၉ ဦး) နေအိမ်များသို့ ပြန်လည်ပြောင်းရွှေ့နိုင်ခြင်းမရှိသေးဘဲ တစ်လကျော်ကြာခိုလှုံလျက်ရှိသည်။ ယခုဒုတိယအကြိမ် စစ်တောင်းမြစ်ရေထပ်မံမြင့်တက်ခြင်းကြောင့် ရေဘေးကယ်ဆယ်ရေးစခန်းနှစ်ခု ထပ်မံဖွင့်ထားရာ အဆိုပါရေဘေးကယ်ဆယ်ရေးစခန်းလေးခုတွင် အိမ်ထောင်စု ၃၂၂ စု (လူဦးရေ ၁၆၄၂ ဦး) ပြောင်းရွှေ့နေထိုင်လျက်ရှိကြောင်း သိရသည်။

သိန်းညွန့် (ပိန်းဇလုပ်)

ရွှေကျင်မြို့ အနိမ့်ပိုင်းရပ်ကွက် ရေဝင်နေမှုကို တွေ့ရစဉ်။

ဂျိုင်း(ကော့ကရိတ်)ပွန်တွန်းဖောတံတားချဉ်းကပ်လမ်း ပြင်ဆင်ဆောင်ရွက်ပြီး၍ ကုန်တင်ယာဉ်များ ပုံမှန်သွားလာလျက်ရှိ

ဘားအံ စက်တင်ဘာ ၂

ကရင်ပြည်နယ်၏ အဓိကကုန်သွယ်ရေး လမ်းကြောင်းပေါ်ရှိ ဂျိုင်း(ကော့ကရိတ်) ပွန်တွန်းဖောတံတား ချဉ်းကပ်လမ်းပေါ်တွင် ၁၃ တန်အထက် ကုန်တင်ယာဉ်ကြီးများ လမ်းချော်မှု မကြာခဏဖြစ်ပွားနေ၍ ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ဩဂုတ် ၂၈ ရက် ညနေပိုင်းက လာရောက်စစ်ဆေးပြီး တာဝန်ရှိသူများကို ကရင်ပြည်နယ်အတွင်း ခရီးသွားလုပ်ငန်းများနှင့် ကုန်သွယ်မှုလုပ်ငန်းများ ကြန့်ကြာမှု မရှိစေရန် ပွန်တွန်းတံတား အတက်၊ အဆင်းလမ်းကို ၁၂ ပေအထိချဲ့၍ ပြင်ဆင်ဆောင်ရွက်သွားရန် လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။ စက်တင်ဘာ ၁ ရက်တွင် ကျုံဒိုးဘက်အခြမ်းမှစတင်၍ အတက်၊ အဆင်းလမ်းချဲ့ခြင်း ဆောင်ရွက်ရာ စက်တင်ဘာ ၂ ရက် ညနေ ၃ နာရီခန့်တွင် ဆောင်ရွက်ပြီးစီးခဲ့သဖြင့် ပွန်တွန်းဖောတံတားပေါ်မှ ၁၃ တန်အထက် ကုန်တင်ယာဉ်ကြီးများ ပုံမှန်ဖြတ်သန်းသွားလာလျက်ရှိကြောင်း သိရသည်။

"ယာဉ်ကြီးတွေက တော်တော်များတယ်။ ယာဉ်အန္တရာယ်မဖြစ်ဖို့နဲ့ ယာဉ်ကြောပိတ်ဆို့မှုမဖြစ်စေဖို့ ကျုံဒိုးဘက်အခြမ်းက လုံခြုံရေးအဖွဲ့နဲ့ နှစ်ဖက်ချိတ်ဆက်ပြီး ယာဉ်ကြီး၊ ယာဉ်ငယ်တွေ အတက်၊ အဆင်းကို အလှည့်ကျစေလွှတ်ပေးနေပါတယ်။ ယာဉ်အန္တရာယ်ဖြစ်ပွားမှုတော့ မရှိပါဘူး။ လမ်းကြောတစ်လျှောက်မှာလည်း ကော့ကရိတ်ကနေ အိန္ဒူအထိ လမ်းရှင်းဖို့ နယ်မြေခံရဲတပ်ဖွဲ့က ဦးဆောင်ပြီး မိတ်ဖက်အဖွဲ့တွေနဲ့ ပူးပေါင်းဆောင်ရွက်နေပါတယ်"ဟု ဂျိုင်းနယ်မြေရဲစခန်းမှူး ရဲအုပ်ဝင်းနိုင်က ပြောသည်။

အဆိုပါ ပွန်တွန်းဖောတံတား ပြင်ဆင်ဆောင်ရွက်နေစဉ်အတွင်း ကြိုးတံတားပေါ်တွင် ယာဉ်အန္တရာယ်မဖြစ်စေရန်နှင့် ယာဉ်ကြောပိတ်ဆို့မှုမရှိစေရန် တံတားလုံခြုံရေးအဖွဲ့များနှင့် လမ်းကြောင်းတစ်လျှောက်မှ နယ်မြေခံရဲတပ်ဖွဲ့ဝင်များ စုစုပေါင်းအင်အား ၈၀ တို့က မိတ်ဖက်အဖွဲ့များဖြင့် ပူးပေါင်းကာ ကျုံဒိုးဘက်ခြမ်းနှင့် ချိတ်ဆက်၍ ၁၃ တန်အောက် ယာဉ်ငယ်များကို အလှည့်ကျစနစ်ဖြင့် စေလွှတ်ပေးခြင်း၊ ကုန်တင်ယာဉ်များကို လမ်းဘေးတွင် စနစ်တကျရပ်တန့်စေခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မင်းသူ(ဘားအံ)

တနင်္သာရီမြစ်ရေကြီးမှုကြောင့် ပျက်စီးခဲ့သည့် ရေပေါ်ရွာ အထက(ခွဲ)ကျောင်းဆောင်အား ကွင်းဆင်းစစ်ဆေး

တနင်္သာရီ စက်တင်ဘာ ၂

တနင်္သာရီမြို့နယ်အတွင်း မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် ဇူလိုင် ၁၅ ရက်မှစ၍ စက်တင်ဘာ ၁ ရက်အတွင်း တနင်္သာရီမြစ်ရေသည် သုံးကြိမ် ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့သဖြင့် တနင်္သာရီမြို့နယ် ဘန်လောကျေးရွာအုပ်စု ရေပေါ်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း နှစ်ထပ်စာသင်ဆောင်၏ အောက်ထပ်မြေသားနံရံများပြိုပြီး အနောက်ဘက်ရှိ ကျောင်းအုပ်ဆရာမကြီးနေအိမ်နှင့် ဆရာ ဆရာမများအဆောင်ဘက်သို့ ယိမ်းယိုင်လာမှုကြောင့် ပြိုမကျစေရန် ကမ်းသီးသားတိုင်များဖြင့် ကျားကန်ထားခဲ့ရကြောင်း သိရသည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ဟိန်း၊ မြိတ်ခရိုင် လမ်းဦးစီးမှူး ဦးရှန်နွင်းထန်၊ မြိတ်ခရိုင် တာဝန်ခံပညာရေးမှူး ဦးချစ်ညီညီ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညဏ်လင်းအောင်၊ မြို့နယ်ပညာရေးမှူး ဦးခိုင်ထွန်းနှင့် အဆောက်အဦ ကွင်းဆင်းစစ်ဆေးရေး အဖွဲ့ဝင်များက စက်တင်ဘာ ၂ ရက် မွန်းလွဲ ၁ နာရီခွဲက ကွင်းဆင်းစစ်ဆေးခဲ့ကြပြီး ယင်းကျောင်းဆောင်အား အန္တရာယ်ရှိ အဆောက်အအုံအဖြစ် သတ်မှတ်ခဲ့ကြသည်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ဟိန်းက တနင်္သာရီမြစ်ရေပြန်လည်ကျဆင်းသွားပြီးနောက် မြို့နယ်အတွင်း ပျက်စီးဆုံးရှုံးမှုများအား စိစစ်တွက်ချက်ပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ပေါင်းစပ်ညှိနှိုင်းကာ သဘာဝဘေးရန်ပုံငွေဖြင့် ပြင်ဆင်ဆောင်ရွက်ခြင်းပြုလုပ်ရန် စီစဉ်ထားကြောင်း ပြောကြားသည်။

နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ၂၀၁၈ ခုနှစ်၊ ဇူလိုင်လနှင့် ဩဂုတ်လအတွင်း ရေဘေးဖြစ်ပွားမှုများအတွက် ထောက်ပံ့မှုစာရင်းချုပ် (၂-၉-၂၀၁၈)နေ့

စဉ်	ရေဘေးဖြစ်ဒေသ	ရှောင်မပြောင်း		ရှောင်ပြောင်းရွှေ့		မျော ပါ/ ပျက်စီး အိမ်ခြေ	စခန်း အရေ အတွက်	သေ ဆုံး	ဒဏ် ရာ ရ	ဝန်ကြီးဌာနမှ ထောက်ပံ့မှု(ကျပ်)							သဘာဝဘေး ရန်ပုံငွေမှ ထောက်ပံ့မှု	ဝန်ကြီးဌာန+ ရန်ပုံငွေ ထောက်ပံ့မှု စုစုပေါင်း	မှတ်ချက်
		အိမ် ထောင်စု	လူဦးရေ	အိမ် ထောင်စု	လူဦးရေ					ဆန်ရိက္ခာ	အိမ်ဆောက်/ ကျောင်း ဆောက် ပစ္စည်း	အခြား	သေဆုံး	ဒဏ်ရာရ	ကာလရ ပစ္စည်း (တန်ဖိုး)	ပေါင်း			
	စခန်းများ ပိတ်သိမ်းပြီး																		
၁	စစ်ကိုင်းတိုင်းဒေသကြီး			၄	၂၀					၄၂၀၀၀						၄၂၀၀၀		၄၂၀၀၀	
၂	ပြည်ထောင်စုနယ်မြေ နေပြည်တော်			၁၅၈	၆၈၃			၁		၁၄၃၄၃၀၀			၃၀၀၀၀၀			၁၇၃၄၃၀၀		၁၇၃၄၃၀၀	
၃	ရှမ်းပြည်နယ်	၇၈	၃၇၅	၁၀၄	၅၂၆		၂	၁		၁၃၆၀၀၀၀			၃၀၀၀၀၀		၂၆၈၄၃၅၀	၄၃၄၄၃၅၀		၄၃၄၄၃၅၀	
၄	ရန်ကုန်တိုင်းဒေသကြီး			၅၆၈	၂၃၆၇	၅	၁၀			၄၉၀၇၇၀၀	၁၂၀၀၀၀၀				၆၈၅၇၀၄၂	၁၂၉၆၄၇၄၂		၁၂၉၆၄၇၄၂	
၅	ကယားပြည်နယ်			၁၂	၃၈			၁		၇၉၈၀၀						၇၉၈၀၀		၇၉၈၀၀	
၆	မန္တလေးတိုင်းဒေသကြီး			၉	၃၃	၉				၆၆၃၀၀	၉၀၀၀၀၀				၂၉၀၀၇၇	၁၂၅၆၃၇၇		၁၂၅၆၃၇၇	
	ပေါင်း	၇၈	၃၇၅	၈၅၅	၃၆၆၇	၁၄	၁၂	၃		၇၈၉၀၁၀၀	၂၁၀၀၀၀၀		၆၀၀၀၀၀		၉၈၃၁၄၆၉	၂၀၄၂၁၅၆၉		၂၀၄၂၁၅၆၉	
	စခန်းများဖွင့်လှစ်ဆဲ																		
၇	ကချင်ပြည်နယ်			၇၅၈၄	၃၆၅၇၈	၂	၈၀	၄		၅၃၂၈၅၃၀၀	၄၀၀၀၀၀	၅၇၇၄၃၂၀၀	၉၀၀၀၀၀		၁၁၀၆၇၀၅၆	၁၂၃၃၉၅၅၅၆	၁၀၀၀၀၀၀၀၀	၂၂၃၃၉၅၅၅၆	
၈	တနင်္သာရီတိုင်းဒေသကြီး			၁၇၀၀	၈၅၅၉	၂၆	၁၉	၅		၁၇၀၀၀၃၀၀	၂၄၅၀၀၀၀	၁၀၂၄၀၀၀	၉၀၀၀၀၀		၇၁၄၅၇၀	၂၂၀၈၈၈၇၀		၂၂၀၈၈၈၇၀	
၉	မွန်ပြည်နယ်	၃၂၇၇	၁၅၁၉၈	၃၄၃၄	၂၃၂၁၈	၈၇	၇၃	၆		၁၅၅၇၇၉၆၀၀	၅၄၅၀၀၀၀	၇၀၇၂၉၆၀	၁၈၀၀၀၀၀		၁၆၈၉၁၄၅	၁၇၁၇၉၁၇၀၅	၁၀၀၀၀၀၀၀၀	၂၇၁၇၉၁၇၀၅	
၁၀	ပဲခူးတိုင်းဒေသကြီး	၂၃၀၆၃	၁၀၄၅၀၈	၂၈၃၁၈	၁၅၄၅၀၈	၁၅	၂၉၀	၈		၃၃၇၁၀၃၀၀၀		၁၃၇၇၆၀၇၂	၁၅၀၀၀၀၀		၁၂၄၀၀၀၀၀	၃၆၄၇၇၉၀၇၂	၁၀၀၀၀၀၀၀၀	၄၆၄၇၇၉၀၇၂	
၁၁	မကွေးတိုင်းဒေသကြီး			၃၈၆	၁၃၄၅	၅	၈	၃		၂၈၂၄၅၀၀	၁၆၀၀၀၀၀	၂၈၄၅၀၀	၉၀၀၀၀၀		၃၉၀၇၇၅	၅၉၉၉၇၇၅		၅၉၉၉၇၇၅	
၁၂	စစ်ကိုင်းတိုင်းဒေသကြီး			၈၄	၃၄၈		၁	၁		၇၃၀၈၀၀			၃၀၀၀၀၀		၈၅၂၆၀၀	၁၈၈၃၄၀၀		၁၈၈၃၄၀၀	
၁၃	ဧရာဝတီတိုင်းဒေသကြီး	၁၂၂	၅၂၆	၆၄၅	၂၆၇၀	၁၀၅	၂			၃၅၇၁၀၀၀	၈၅၀၀၀၀၀	၃၀၀၀၀			၄၅၄၅၃၀၀	၁၆၆၄၆၃၀၀		၁၆၆၄၆၃၀၀	
	ပေါင်း	၂၆၄၆၂	၁၁၉၆၈၄	၄၄၁၈၂	၂၂၆၉၄၇	၂၇၀	၄၇၅	၂၈		၅၇၀၀၉၁၄၀၀	၁၈၄၀၀၀၀၀	၇၉၈၂၇၇၃၂	၆၃၀၀၀၀၀		၃၀၈၄၉၀၄၇	၇၀၅၄၆၈၁၇၉	၃၀၀၀၀၀၀၀၀	၁၀၀၅၄၆၈၁၇၉	
	စုစုပေါင်း	၂၆၅၄၀	၁၂၀၀၅၉	၄၅၀၃၇	၂၃၀၆၁၄	၂၈၄	၄၈၇	၃၁		၅၇၇၉၈၁၅၀၀	၂၀၅၀၀၀၀၀	၇၉၈၂၇၇၃၂	၆၉၀၀၀၀၀		၄၀၆၈၀၅၁၆	၇၂၅၈၈၉၇၄၈	၃၀၀၀၀၀၀၀၀	၁၀၂၅၈၈၉၇၄၈	

မှတ်ချက်။ **စခန်းပိတ်သိမ်းမှု အခြေအနေ**
- စစ်ကိုင်းတိုင်းဒေသကြီး၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ရှမ်းပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် စခန်းများအားလုံး ပိတ်သိမ်းပြီးဖြစ်ပါသည်။
- စုစုပေါင်း စခန်း (၄၈၇)ခု ဖွင့်လှစ်ခဲ့သည့်အနက် (၃၅၁)ခု ပိတ်သိမ်းပြီးဖြစ်ပါသည်။

(၂-၉-၂၀၁၈)နေ့ရှိ စခန်းများ အခြေအနေ
- စုစုပေါင်း စခန်း(၁၃၆)ခုတွင် အိမ်ထောင်စု (၁၁၄၁၈)၊ လူဦးရေ(၆၂၄၃၅)ဦး ယာယီပြောင်းရွှေ့ နေထိုင်လျက်ရှိပါသည်။
- ကချင်ပြည်နယ်တွင် စခန်း(၁၄)ခု အိမ်ထောင်စု (၁၈၇၇)၊ လူဦးရေ(၈၄၂၀)ဦး ယာယီပြောင်းရွှေ့ နေထိုင်လျက်ရှိပါသည်။
- တနင်္သာရီတိုင်းဒေသကြီးတွင် စခန်း(၈)ခု အိမ်ထောင်စု (၁၇၉)၊ လူဦးရေ(၈၃၂)ဦး ယာယီပြောင်းရွှေ့ နေထိုင်လျက်ရှိပါသည်။
- မွန်ပြည်နယ်တွင် စခန်း(၄)ခု အိမ်ထောင်စု (၈၈)၊ လူဦးရေ(၃၃၄)ဦး ယာယီပြောင်းရွှေ့ နေထိုင်လျက်ရှိပါသည်။
- ပဲခူးတိုင်းဒေသကြီးတွင် စခန်း(၉၃)ခု အိမ်ထောင်စု (၈၀၆၁)၊ လူဦးရေ(၄၃၁၀၈)ဦး ယာယီပြောင်းရွှေ့ နေထိုင်လျက်ရှိပါသည်။
- မကွေးတိုင်းဒေသကြီးတွင် စခန်း(၈)ခု အိမ်ထောင်စု (၃၈၆)၊ လူဦးရေ(၁၃၄၅)ဦး ယာယီပြောင်းရွှေ့ နေထိုင်လျက်ရှိပါသည်။
- စစ်ကိုင်းတိုင်းဒေသကြီးတွင် စခန်း (၁)ခု အိမ်ထောင်စု (၈၄)၊ လူဦးရေ (၃၄၈)ဦး ယာယီပြောင်းရွှေ့နေထိုင်လျက်ရှိပါသည်။
- ဧရာဝတီတိုင်းဒေသကြီးတွင် စခန်း (၂)ခု အိမ်ထောင်စု (၃၂၇)၊ လူဦးရေ (၉၈၀)ဦး ယာယီပြောင်းရွှေ့နေထိုင်လျက်ရှိပါသည်။

ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်

နေပြည်တော် စက်တင်ဘာ ၂

ဆွာချောင်းရေလှောင်တမံ ရေပိုလွှဲကျိုးကျမှုကြောင့် ကျေးရွာ ၂၂ ရွာ ရေကြီးနစ်မြုပ်မှုဖြစ်ပေါ်ခဲ့ပြီး ပြည်သူများ ရေဘေးသင့်ခဲ့သည်။ ယခုအခါ ရေများ ပြန်လည်ကျဆင်းသွားသော်လည်း ရေဘေးကြောင့် ဆုံးရှုံးမှုများရှိခဲ့ရာ ရေတာရှည်မြို့နယ် မန်စီရွာနှင့် တူးစုရွာရှိ ရေဘေးဒဏ်ခံရသော ပြည်သူများအား ယမန်နေ့မွန်းလွဲပိုင်းက နေပြည်တော် ဇမ္ဗူသီရိမြို့နယ် နေသိဒ္ဓိရပ်ကွက် သတ္တမဝေပုံလစာသင်တိုက်မှ ဆရာတော် ဦးစာရိတ္တ သာသနဓဇ ဓမ္မာစရိယ ဦးစီး၍ အောင်ပန်းမြိုင် လူမှုကူညီရေးအသင်း (နေပြည်တော်)နှင့် ရှင်သန်ခြင်းပရဟိတအသင်း (တပ်ကုန်း)တို့မှ စေတနာရှင်များက သွားရောက်လှူဒါန်းကြသည်။

လှူဒါန်းရာတွင် ဆန် ၅၃ အိတ်၊ ဆီဘူးသေး ၇၀၀၊ အဝတ်အထည်မျိုးစုံ ၃၂ အိတ်နှင့် အခြား လူသုံးကုန်ပစ္စည်းများ စုစုပေါင်း တန်ဖိုးငွေကျပ် ၅၂ သိန်းကျော်ဖြစ်ကြောင်း သိရသည်။

စိမ်း(ဥပဒေ)

ရေဘေးသင့်စာသင်ကျောင်းသုံးကျောင်း ပြန်လည်ထူထောင်ရေး အလှူငွေများပေးအပ်

လှိုင်းဘွဲ့ စက်တင်ဘာ ၂

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်တွင် မြန်မာနိုင်ငံ ကာတွန်းဆရာများအသင်းက ရေဘေးသင့်စာသင်ကျောင်း သုံးကျောင်း ပြန်လည်ထူထောင်နိုင်ရေးအတွက် အလှူငွေပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ ကာတွန်းဆရာများအသင်းမှ တာဝန်ရှိသူတစ်ဦးက အသင်းဖြစ်ပေါ်လာပုံနှင့် လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ရေဘေးသင့်စာသင်ကျောင်း သုံးကျောင်းအား ပြန်လည်ထူထောင်ရေးအတွက် အလှူငွေကျပ် သိန်း ၇၀ ပေးအပ်လှူဒါန်းရာ မြို့နယ်အုပ်ချုပ်ရေးမှူးက လက်ခံရယူသည်။

ထို့နောက် အလှူရှင်များအား (က)ရပ်ကွက်အုပ်ချုပ်ရေးမှူးက ကျေးဇူးတင်စကားပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူးက နိဂုံးချုပ်အမှာစကား ပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

ခင်စန်းမြင့် (ပြန်/ဆက်)

သဘာဝဘေးအန္တရာယ်ကာကွယ်ရေးနေ့အဖြစ် ဂျပန်နိုင်ငံ၌ မြေငလျင်ဆိုင်ရာ ဇာတ်တိုက်လေ့ကျင့်

တိုကျို စက်တင်ဘာ ၂
ဂျပန်နိုင်ငံ၌ အမျိုးသားသဘာဝဘေးအန္တရာယ်ကာကွယ်ရေးနေ့အဖြစ် အာဏာပိုင်များကဦးစီးပြီး ပြည်သူများအပါအဝင် မြေငလျင်ဘေးအန္တရာယ်ဆိုင်ရာ လေ့ကျင့်မှုတစ်ရပ်ကို ပြုလုပ်ခဲ့ကြကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ယနေ့ပြောကြားသည်။

ဂျပန်နိုင်ငံ၌ ၁၉၂၃ ခုနှစ်က ကန်တိုမြေငလျင်လှုပ်ခဲ့သည့်နေ့ကို အစွဲပြု၍ စက်တင်ဘာလ ၁ ရက်နေ့ကို အမျိုးသားသဘာဝဘေးအန္တရာယ် ကာကွယ်ရေးနေ့အဖြစ် သတ်မှတ်ထားသည်။

ယခုနှစ်တွင်ပြုလုပ်သည့် မြေငလျင်ဘေးအန္တရာယ်ကာကွယ်ရေး စုပေါင်းလေ့ကျင့်ပွဲတွင် နိုင်ငံ၏အနောက်ပိုင်း ဝါကာယာမပြည်နယ် ပင်လယ်ကမ်းရိုးတန်းကမ်းခြေ၌ နံနက် ၇ နာရီဝန်းကျင်တွင် အင်အား ၉ ဒသမ ၁ ရှိ မြေငလျင်ကြီးလှုပ်ခတ်သည်ဟု အသွင်ယူကာ ပြည်သူများ ဇာတ်တိုက်လေ့ကျင့်မှုပြုလုပ်ခဲ့ကြသည်။

မြေငလျင်ကြောင့် ပစိဖိတ်သမုဒ္ဒရာကမ်းရိုးတန်းတစ်လျှောက်တွင် ဘေးဥပဒ်ကျရောက်နိုင်ပုံကို သဏ္ဌာန်လုပ်သရုပ်ဆောင်ကာ စုပေါင်းလေ့ကျင့်ခဲ့ကြသည်။

နံနက် ၈ နာရီခန့်တွင် အရေးပေါ် အထူးလုပ်ငန်းအဖွဲ့၏ အစည်းအဝေးကျင်းပနိုင်ရန် ဝန်ကြီးချုပ်ရုံးသို့ ဝန်ကြီးများ လမ်းလျှောက်သွားရောက်ပုံကိုလည်း တာဝန်ရှိသူများက ပါဝင်လေ့ကျင့်ခဲ့ကြသည်။ ဝန်ကြီးများ၊ မီယာဇာကီပြည်နယ်အုပ်ချုပ်ရေးမှူးနှင့်အတူ ဗီဒီယိုစနစ်သုံး ဆက်သွယ်ရေးကိရိယာဖြင့် အပြန်အလှန် စကားပြောဆိုခဲ့ကြပုံကိုပါ လေ့ကျင့်ခဲ့ကြကြောင်း တာဝန်ရှိသူများက ပြောကြားကြသည်။

အင်န်အိတ်ချ်ကေ

အာဖရိကတစ်လွှားဖြစ်ပွားသော စစ်ပွဲများကြောင့် ငါးနှစ်အောက်ကလေးငယ် ငါးသန်းကျော်သေဆုံးကြောင်း လေ့လာတွေ့ရှိ

ထရီပိုလီ စက်တင်ဘာ ၂
အာဖရိကတစ်ခွင်ဖြစ်ပွားလျက်ရှိသော စစ်ရေးပဋိပက္ခများကြောင့် ငါးနှစ်အောက်ကလေးငယ်သေဆုံးမှုသည် ၁၉၉၅ ခုနှစ်မှ ၂၀၁၅ ခုနှစ်အတွင်း ငါးသန်းကျော်ရှိခဲ့ကြောင်း သုတေသီများ၏ စစ်တမ်းများအရ သိရသည်။

စတန်းဖို့ဒ်တက္ကသိုလ်အပါအဝင် အခြားသော တက္ကသိုလ်များမှ သုတေသီများက ၎င်းတို့၏တွေ့ရှိချက်မှတ်တမ်းများကို ဗြိတိန်ဆေးပညာဂျာနယ် the Lancet တွင် ဩဂုတ် ၃၀ရက်က ဖော်ပြထားကြောင်း တွေ့ရှိရသည်။

အာဖရိကနိုင်ငံများ၌ နှစ် ၂၀ ကျော်ကာလအတွင်း စစ်ရေးပဋိပက္ခ ၁၅၀၀၀ ကျော် ဖြစ်ပွားခဲ့သည်ကို လေ့လာတွေ့ရှိရပြီး ကလေးငယ်သေဆုံးမှုအရေအတွက်ကိုပါ အဆိုပါသုတေသီများက လေ့လာခဲ့ကြကြောင်း ပြောကြားခဲ့သည်။

စစ်ပွဲများဖြစ်ပွားသောနေရာမှ ကီလိုမီတာ ၅၀ အကွာအဝေးတွင် မွေးဖွားခဲ့သော ကလေးငယ်များသည် အသက်တစ်နှစ်အရွယ်အတွင်းမှာပင် သေဆုံးနိုင်မှု ၇ ဒသမ ၇ ရာခိုင်နှုန်းရှိသည်ကို သုတေသီများက တွေ့ရှိခဲ့ကြောင်း ဆိုသည်။

အချိန်အားဖြင့် ငါးနှစ်ကျော်ကြာမြင့်သည့် စစ်ရေးပဋိပက္ခများတွင် အသက်တစ်နှစ်မပြည့်သေးသော လသားအရွယ်ကလေးငယ်များ၏ သေဆုံးမှုနှုန်း ပိုမိုမြင့်မားလျက်ရှိကြောင်း တွေ့ရှိရသည်။ တစ်နှစ်မပြည့်သော စစ်ပွဲများနှင့် နှိုင်းယှဉ်လျှင် လေးဆကျော် သေဆုံးမှုနှုန်းမြင့်တက်လျက်ရှိသည်ဟု သုတေသီများက ဆိုသည်။

စစ်ပွဲများတွင် ကျည်ဆန်ထိမှန်ပြီး သေဆုံးမှုများ၊ အဆောက်အအုံပြိုကျပျက်စီးမှုများနှင့် ရေဆိုးအညစ်အကြေးများကြောင့် အသက်ဆုံးရှုံးသူများ၏ သေဆုံးမှုနှုန်းများကို ထည့်သွင်းမည်ဆိုပါက ယခုကောက်ခံထားသည့် စာရင်းထက် ပိုမိုကျော်လွန်မည်ဖြစ်သည်ဟု သုတေသီများက ဆက်လက်ပြောကြားခဲ့ကြောင်း သိရသည်။

အင်န်အိတ်ချ်ကေ

တရုတ်နိုင်ငံတောင်ပိုင်းတွင် ရေကြီးရေလျှံမှု ဖြစ်ပွား အနည်းဆုံး လူနှစ်ဦး သေဆုံး

ပေကျင်း စက်တင်ဘာ ၂
တရုတ်နိုင်ငံတောင်ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့သဖြင့် အနည်းဆုံးလူနှစ်ဦးသေဆုံးကာ ပြည်သူ ၈၅၀၀၀ ခန့်ကို ဘေးလွတ်ရာသို့ ပြောင်းရွှေ့ပေးခဲ့ရကြောင်း ယနေ့သတင်းများအရ သိရသည်။

သေဆုံးသူနှစ်ဦးမှာ တရုတ်နိုင်ငံတောင်ပိုင်း ဂွမ်ဒေါင်းစီရင်စုမှဖြစ်ကြောင်း သိရသည်။

တရုတ်နိုင်ငံ တောင်ပိုင်းဒေသတစ်ခုလုံးတွင် ဩဂုတ် ၂၉ ရက်မှစပြီး မိုးကြီးလေထန်မှုများ ဖြစ်ပေါ်ခဲ့သည်။

ပြည်သူ ၄၀၀၀ ကျော် ပိတ်မိနေ

ကယ်ဆယ်ရေးလုပ်သားများနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ပြည်သူ ၁၀၀၀၀ ကျော်ကို ကယ်ဆယ်နိုင်ခဲ့သော်လည်း ပြည်သူ ၄၀၀၀ ကျော်မှာ အဆောက်အအုံများအတွင်း ပိတ်မိလျက်ရှိကြောင်း သိရသည်။

ထုတ်လွှင့်ပြသ

နိုင်ငံတောင်ပိုင်းဒေသတစ်ခုလုံးတွင် ရေကြီးရေလျှံမှုများဖြစ်ပေါ်နေသဖြင့် ရွှံ့ညွှန်များ မြို့အနှံ့ရေစီးနှင့်အတူ မျောပါလျက်ရှိရာ ကယ်ဆယ်ရေးလုပ်သားများ၏ ကယ်ဆယ်မှုလုပ်ငန်းများ ခက်ခက်ခဲခဲ ဆောင်ရွက်လျက်ရှိသည့် ရုပ်သံဗီဒီယိုများကို ထုတ်လွှင့်ပြသခဲ့ကြောင်း သိရသည်။

မကြာမီအချိန်တွင် မိုးရွာသွန်းမှု လျော့နည်းသွားမည်ဖြစ်သော်လည်း ရေပြန်လည်ကျဆင်းသွားရန် အချိန်ယူ စောင့်ဆိုင်းရဦးမည်ဖြစ်ကြောင်း မိုးလေဝသမှတာဝန်ရှိသူများက ဆိုသည်။

အင်န်အိတ်ချ်ကေ

ကိုရီးယားနှစ်နိုင်ငံခေါင်းဆောင်များ၏ ထိပ်သီးဆွေးနွေးပွဲ ကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်မည်

ဆိုးလ် စက်တင်ဘာ ၂
ကိုရီးယားကျွန်းဆွယ်တွင် ထိပ်သီးဆွေးနွေးပွဲတစ်ရပ် ကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်နိုင်ရန် တောင်ကိုရီးယားအထက်တန်း တာဝန်ရှိသူအဆင့် ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့သည် မြောက်ကိုရီးယားနိုင်ငံသို့ သွားရောက်၍ ဆွေးနွေးမှုပြုလုပ်မည်ဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက စက်တင်ဘာ ၂ ရက်တွင် သတင်းထုတ်ပြန်သည်။

အမေရိကန် ပြည်ထောင်စုနှင့် မြောက်ကိုရီးယားနိုင်ငံအကြား ဆက်ဆံရေး ပြန်လည်တိုးတက်လာနေချိန်အတွင်း ကိုရီးယားနှစ်နိုင်ငံ၏ ထိပ်သီးဆွေးနွေးပွဲကို ကျင်းပမည်ဖြစ်သည်။

ကိုရီးယားကျွန်းဆွယ် ထိပ်သီးဆွေးနွေးပွဲ အကြိုကာလတွင် အဆိုပါ ထိပ်သီးဆွေးနွေးပွဲအတွက် အသေးစိတ် ကြိုတင်ပြင်ဆင်နိုင်ရေးအတွက် တောင်ကိုရီးယားသမ္မတ မွန်းဂျယ်အင်းက အမျိုးသားလုံခြုံရေး အကြံပေးပုဂ္ဂိုလ်အား မြောက်ကိုရီးယားဆိုင်ရာ အထူးသံတမန်အဖြစ် စက်တင်ဘာ ၂ ရက်တွင် ခန့်အပ်ခဲ့သည်။

မြောက်ကိုရီးယား အထူးသံတမန် ချန်အီယောင်သည် တောင်ကိုရီးယားသမ္မတ၏ အမျိုးသားလုံခြုံရေးရုံး အကြီးအကဲဖြစ်ပြီး အဖွဲ့ဝင်ငါးဦးပါ ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့ကို ဦးဆောင်လျက် မြောက်ကိုရီးယားနိုင်ငံ မြို့တော် ပြုံယမ်းသို့ စက်တင်ဘာ ၅ ရက်တွင် သွားရောက်မည်ဖြစ်သည်။

အဆိုပါကိုယ်စားလှယ်အဖွဲ့တွင် တောင်ကိုရီးယား ထောက်လှမ်းရေးဌာန အကြီးအကဲ ဆူဟွန်းလည်း ပါဝင်မည်ဖြစ်သည်။

ကိုရီးယားနှစ်နိုင်ငံခေါင်းဆောင်များသည် ပြုံယမ်း၌ တတိယအကြိမ် ထိပ်သီးဆွေးနွေးပွဲပြုလုပ်ရန် သဘောတူညီခဲ့ကြသည်။ သို့ရာတွင် စက်တင်ဘာလအတွင်း မည်သည့်နေ့ရက်တွင် ထိပ်သီးဆွေးနွေးပွဲ ပြုလုပ်မည်ကို အတိအကျ သတ်မှတ်ထားခြင်း မရှိသေးပေ။ **အေးအောင်ဖိုး**

မြန်မာ ယူ-၂၁ အသင်း လေးနိုင်ငံ ဖိတ်ခေါ်ပြိုင်ပွဲ ယှဉ်ပြိုင်ရန် တရုတ်နိုင်ငံသို့ ထွက်ခွာ

ရန်ကုန် စက်တင်ဘာ ၂

မြန်မာ ယူ-၂၁ အသင်းသည် စက်တင်ဘာ ၄ ရက်မှ ၈ ရက်အထိ တရုတ်နိုင်ငံ၌ ကျင်းပမည့် တရုတ် ဖိတ်ခေါ် ယူ-၂၁ လေးနိုင်ငံပြိုင်ပွဲယှဉ်ပြိုင်ရန် ယနေ့ နံနက်ပိုင်းက လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။ မြန်မာအသင်းသည် အုပ်စုပထမပွဲအဖြစ် စက်တင်ဘာ ၄ ရက်တွင် အိမ်ရှင်တရုတ်အသင်းနှင့် စတင်ကစားရမည်ဖြစ်သည်။

ယင်းပြိုင်ပွဲတွင် မြန်မာအသင်းနှင့်အတူ တရုတ်၊ တာဂျစ်ကစ္စတန်၊ ဥဇဘက်ကစ္စတန်အသင်းတို့ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး ပွဲစဉ်များကို တစ်နေ့လျှင် နှစ်ပွဲကျင်းပမည်ဖြစ်သည်။ အုပ်စုပွဲများအဖြစ် စက်တင်ဘာ ၄ ရက်တွင် မြန်မာနှင့် အိမ်ရှင်တရုတ်၊ ဥဇဘက်ကစ္စတန်နှင့် တာဂျစ်ကစ္စတန်၊ စက်တင်ဘာ ၆ ရက်တွင် မြန်မာနှင့် ဥဇဘက်ကစ္စတန်၊ တရုတ်နှင့် တာဂျစ်ကစ္စတန်၊ စက်တင်ဘာ ၈ ရက်တွင် မြန်မာနှင့် တာဂျစ်ကစ္စတန်၊ တရုတ်နှင့် ဥဇဘက်ကစ္စတန်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ တရုတ်ဘောလုံးအဖွဲ့ချုပ်သည် တရုတ် ယူ-၂၁ အသင်းအတွက် ယခုပြိုင်ပွဲကို ရည်ရွယ်ကျင်းပခြင်းဖြစ်ပြီး မြန်မာ ယူ-၂၁ အသင်းမှာလည်း ၂၀၁၉ ဆီးဂိမ်းပြိုင်ပွဲအတွက် ရည်ရွယ်ဖွဲ့စည်းထားသည့် (ခ) အသင်းမှ ကစားသမားများ အတွေ့အကြုံရစေရန် ရည်ရွယ်ယှဉ်ပြိုင်ခြင်းဖြစ်သည်။ မြန်မာ ယူ-၂၁ အသင်းတွင် အုပ်ချုပ်သူ ဦးထွန်းထွန်းအောင်၊ နည်းပြချုပ် ဦးကြည်လွင်၊ လက်ထောက်နည်းပြ ဦးချစ်နိုင်၊ ဦးကျော်လွင်၊ ဂိုးနည်းပြ ဦးမျိုးကျော်အောင်၊ ဂိုး စိုးအာကာ၊ အေဇင်မှူး၊ အောင်မျိုးထွေး၊ နောက်တန်း ကျော်မျိုးနိုင်၊ စိုးကိုကို၊ ကျော်သက်ဦး၊ ဟိန်းထက်စည်သူ၊ ဇင်ရဲနိုင်၊ ဇွဲခန့်မင်း၊ သက်ပိုင်ထွေး၊ ဇွဲထက်မင်း၊ အလယ်တန်း ဇော်ဝင်းမောင်၊ သက်အောင်၊ အောင်နိုင်ဝင်း၊ မင်းကိုကို၊ နန်းထိုက်ဇော်၊ ကျော်ဇေယျ၊ အာကာ၊ အောင်ဇော်မြင့်၊ ဇော်မွန်အောင်၊ ရွှေတန်း ချမ်းငြိမ်း၊ ထက်အာကာလင်းတို့ ပါဝင်ကြသည်။ **ရှိုင်းထက်ဇော်**

○ မြန်မာ့လက်ရွေးစင်မှ

နိုင်ငံတကာခြေစမ်းပွဲကို အိမ်ကွင်းတစ်ပွဲ၊ အဝေးကွင်းတစ်ပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်မှ အောက်တိုဘာလတွင် ခြေစမ်းပွဲကစားရန် သတ်မှတ်ထားသည့်ရက်များတွင် နိုင်ငံတကာခြေစမ်းပွဲကစားခြင်းဖြစ်သည်။

လက်ရှိတွင် မြန်မာ့လက်ရွေးစင်အသင်းကို ဖွဲ့စည်းရခြင်းမရှိသေးဘဲ စက်တင်ဘာလတွင်ကစားရန် စီစဉ်ထားသည့် နိုင်ငံတကာခြေစမ်းပွဲကစားရန် အဆင်မပြေပါက အောက်တိုဘာလဆန်းမှသာ စခန်းဝင်လေ့ကျင့်မှုစတင်ပြုလုပ်မည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းကို နည်းပြချုပ်အဖြစ် ဂျာမန်လူမျိုး အန်တွမ်နီဟေးက ကိုင်တွယ်မည်ဖြစ်ပြီး တရုတ်လက်ရွေးစင်အသင်းနှင့် ခြေစမ်းပွဲတစ်ပွဲသာ လက်ရွေးစင်အသင်းကို ကိုင်တွယ်ရသေးသည်။ မြန်မာ့လက်ရွေးစင်အသင်းသည် နိုဝင်ဘာလတွင် ယှဉ်ပြိုင်ကစားရမည့် ၂၀၁၈ အာဆီယံ ဆူဇူကီးဖလားပြိုင်ပွဲအတွက် တစ်လကျော်အချိန်ယူပြင်ဆင်မည်ဖြစ်ပြီး အင်ဒိုနီးရှား၊ အာဖဂန်နစ္စတန်အသင်းတို့နှင့် ခြေစမ်းပွဲကစားပြီးပါက ကာတာနိုင်ငံသို့ တစ်ပတ်ကျော်သွားရောက်လေ့ကျင့်ကာ ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် မေလနောက်ပိုင်း ခြေစမ်းပွဲပြန်လည်ကစားခြင်းဖြစ်ပြီး မေလတွင် အင်္ဂလန်လိဂ်ချန်ပီယံရှစ်ကလပ် လီဒ်ယူနိုက်တက်၊ အာရှအင်အားကြီး တရုတ်လက်ရွေးစင်အသင်းတို့နှင့် ခြေစမ်းပွဲယှဉ်ပြိုင်ကစားခဲ့သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ဆူဇူကီးဖလားပြိုင်ပွဲတွင် အောင်မြင်မှုရရန် ပြင်ဆင်သွားမည်ဖြစ်သည်။

သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-စိုးညွန့်



၂၀၁၈ ပြိုင်ပွဲခြေစစ်ပွဲတွင် မြန်မာနှင့် ဩစတြေးလျအသင်း ယှဉ်ပြိုင်နေစဉ်။

❋ ၂၀၂၀ အာရှ ယူ-၂၃ မှ

၂၀၁၆ ပြိုင်ပွဲနှင့် ၂၀၁၈ ပြိုင်ပွဲတွင် နှစ်ကြိမ်ဆက်တိုက် ခြေစစ်ပွဲအောင်မြင်ခဲ့ခြင်းမရှိဘဲ ခြေစစ်ပွဲအုပ်စုပွဲများကို သုံးကြိမ်မြောက် လက်ခံကျင်းပခွင့်ရခြင်းဖြစ်သည်။ နောက်ဆုံးကျင်းပသည့် ၂၀၁၈ ခြေစစ်ပွဲတွင် မြန်မာအသင်းသည် စင်ကာပူနှင့် ဘရူနိုင်းကို အနိုင်ရသော်လည်း နောက်ဆုံးပွဲတွင် ဩစတြေးလျကို သုံးဂိုးပြတ်ရှုံးနိမ့်သောကြောင့် အကောင်းဆုံး အုပ်စုဒုတိယနေရာ ငါးသင်းစာရင်းပင်မဝင်ဘဲ ခြေစစ်ပွဲအောင်ခွင့် ဆုံးရှုံးခဲ့သည်။ မြန်မာနိုင်ငံအနေဖြင့် ၂၀၁၄ နှင့် ၂၀၁၈ ခြေစစ်ပွဲများကို အိမ်ရှင်အဖြစ် လက်ခံကျင်းပပြီး ၂၀၂၀ ပြိုင်ပွဲတွင် တစ်ကျော့ပြန် ခြေစစ်ပွဲအောင်ရန် ပစ်မှတ်ထားလျက်ရှိသည်။

ယင်းခြေစစ်ပွဲကို ၂၀၁၉ ဆီးဂိမ်းပြိုင်ပွဲယှဉ်ပြိုင်မည့် မြန်မာ ယူ-၂၂ အသင်းဖြင့် ယှဉ်ပြိုင်မည်ဖြစ်ပြီး နည်းပြချုပ်အဖြစ် ဦးကြည်လွင်က ကိုင်တွယ်မည်ဖြစ်သည်။ မြန်မာ ယူ-၂၂ အသင်းသည် ၂၀၁၉ ခုနှစ်တွင် နိုင်ငံတကာပြိုင်ပွဲသုံးခု ယှဉ်ပြိုင်ရမည်ဖြစ်သည်။

သတင်း-ရှိုင်းထက်ဇော်
ဓာတ်ပုံ-စိုးညွန့်

တိုက်ပွဲရှောင်ပြည်သူ ၂၂၆ ဦး သီပေါမြို့သို့ လာရောက်နေထိုင်

သီပေါ စက်တင်ဘာ ၂

တိုက်ပွဲဖြစ်ပွားနေသည့် ရှမ်းပြည်နယ် (မြောက်ပိုင်း)နမ္မတူမြို့နယ် ပန်လုံရွာမှ အိမ်ထောင်စု ၇၇ စု၊ ကျောင်းသားကျောင်းသူ ၅၂ ဦးနှင့် ကိုယ်ဝန်ဆောင်သည် တစ်ဦးအပါအဝင် စုစုပေါင်း တိုက်ပွဲရှောင်ပြည်သူ ၂၂၆ဦးတို့သည် စက်တင်ဘာ ၁ ရက် ညပိုင်းနှင့် စက်တင်ဘာ ၂ ရက် နံနက်ပိုင်းက သီပေါမြို့ အောင်မင်္ဂလာဘိုးတော်ကျောင်းတိုက်သို့ ရောက်ရှိနေထိုင်ခဲ့ကြသည်။

တိုက်ပွဲကြောင့် ထိမှန်ဒဏ်ရာရရှိခဲ့သည့် ရွာသားနှစ်ဦးကို သီပေါမြို့ပြည်သူ့ဆေးရုံတွင် ဆေးဝါးကုသပေးလျက်ရှိသည်။ ပန်လုံရွာမှ တိုက်ပွဲရှောင်များနှင့် ဒဏ်ရာရရှိသူများကို သီပေါမြို့မှ လူမှုကူညီရေးပရဟိတအသင်း မော်တော်ယာဉ်များဖြင့် သွားရောက် သယ်ဆောင်ပေးခဲ့ကြသည်။ အဆိုပါ တိုက်ပွဲရှောင်ပြည်သူများအား လက်ခံစောင့်ရှောက်ပေးသည့် သီပေါမြို့ အောင်မင်္ဂလာဘိုးတော်ကျောင်းတိုက်သို့ စက်တင်ဘာ ၂ ရက် နံနက်က မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဇေယျနှင့် တာဝန်ရှိသူများ၊ ကျန်းမာရေးဌာန၊ မီးသတ်၊ ကြက်ခြေနီ၊ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်နှင့် စေတနာရှင်များက သွားရောက်အားပေးပြီး လိုအပ်သည့် အကူအညီများ ဆောင်ရွက်ပေးလျက် ရှိသည်။

သီပေါကိုလတ်

တကောင်းဒေသ ကြာညှပ်နှင့် တွင်းငယ်ကျေးရွာများ ၂၄ နာရီ မီးလင်းပြီ

တကောင်း စက်တင်ဘာ ၂

သပိတ်ကျင်းမြို့နယ် တကောင်းဒေသ ကြာညှပ်နှင့် တွင်းငယ်ကျေးရွာတို့၌ နိုင်ငံတော်ဓာတ်အားစနစ်က ဂျပန်နိုင်ငံ JICA ချေးငွေဖြင့် ဓာတ်အားခွဲရုံ သုံးရုံတည်ဆောက်ကာ မီးလင်းရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့ရာ ၂၄ နာရီ လျှပ်စစ်မီးရရှိပြီဖြစ်ကြောင်း သိရသည်။

ယခုအခါ မန္တလေးဓာတ်အားပေးရေးကော်ပိုရေးရှင်း မြို့နယ်လျှပ်စစ်မန်နေဂျာနှင့် ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှုတို့ဖြင့် တကောင်းမြို့တွင် ယခင်က မီးစက်ဖြင့် မီးလင်းခဲ့ရာမှ 33/11KV (5)MVA ခွဲရုံ တစ်ရုံတည်ဆောက်ပြီး သပိတ်ကျင်းမြို့နယ် ဇရပ်ကွင်း ဓာတ်အားခွဲရုံမှ 66KV လိုင်းဖြင့် ဓာတ်အားပို့လွှတ်၍ ကြာညှပ်ကျေးရွာနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများ သို့လည်းကောင်း၊ ကြာညှပ်ဓာတ်အားခွဲရုံမှ တွင်းငယ်ကျေးရွာသို့ 33KV ဓာတ်အားလိုင်းဖြင့် ဓာတ်အားပို့လွှတ်ပြီး 33/11KV (5) MVA တွင်းငယ်ဓာတ်အားခွဲရုံမှတစ်ဆင့် တွင်းငယ်ကျေးရွာနှင့် အနီးပတ်ဝန်းကျင် ကျေးရွာများသို့ မဟာ ဓာတ်အားလိုင်းစနစ်ဖြင့် ဓာတ်အားများ ဖြန့်ဖြူးပေးနိုင်ခဲ့ရာ တကောင်းဒေသ ကြာညှပ်နှင့် တွင်းငယ်ကျေးရွာနှင့် ယင်းဒေသရှိ အနီးပတ်ဝန်းကျင် ကျေးရွာများတွင် ယခုအခါ ၂၄ နာရီ မီးလင်းပြီဖြစ်၍ ကျေးရွာပြည်သူများ ပျော်ရွှင်နေကြပြီဖြစ်ကြောင်း သိရသည်။

ဝင်းမောင်(စဉ့်ကူး)

ရန်ကုန်ဘူတာကြီး၌ ရထားပို့ဆောင်ရေးလုပ်ငန်း ဥပဒေ အသိပညာပေး

ရန်ကုန် စက်တင်ဘာ ၂။ ရန်ကုန်ဘူတာကြီး အစည်းအဝေးခန်းမတွင် ဩဂုတ် ၂၉ ရက်က ဒု-ရထားရဲတပ်ဖွဲ့ခွဲမှူး ရဲမှူးဇော်မင်း ဦးစီးတပ်ဖွဲ့ဝင်များနှင့် ရန်ကုန်ဘူတာကြီး လက်မှတ်သိမ်းချုပ် ဦးဇော်သိန်းဝင်း ပါဝင်သော ရထားဝန်ထမ်းများက စျေးရောင်းကျော်စောသတင်းရှိသူ အမျိုးသား နှစ်ဦး၊ တရားမဝင် ကုန်ထမ်းကျော်စောသတင်းရရှိသူ (ဂမ်ဘား) ခုနစ်ဦးနှင့် အငှားယာဉ်မောင်းနှင်သူ ၁၀ ဦးတို့အား တွေ့ဆုံ၍ ရထားပို့ဆောင်ရေးလုပ်ငန်းဥပဒေကိုချပြပြီး သတ်မှတ်စည်းကမ်း၊ ဥပဒေပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်ရေး အသိပညာပေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကိုရဲ

သစ်တောနဲ့သစ်ပင်
ချစ်ခင်တဲ့ လူမျိုး
သစ်ပင်ကို နှစ်စဉ်စိုက်
ရှေ့တိုက်ကိုစိုး

၅၄ နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နေပြည်တော် ဥတ္တရသီရိမြို့နယ် ဘုရားကုန်းမြို့မရဲစခန်းမှူး ရဲမှူးတင်ဌေး ဦးစီးသော ရဲတပ်ဖွဲ့ဝင် ၂၀ နှင့် မိသားစု ၁၀ ဦး စုစုပေါင်း အင်အား ၃၀ တို့သည် စက်တင်ဘာ ၁ ရက် နံနက် ၇ နာရီမှ ၁၀ နာရီအထိ ဥတ္တရသီရိမြို့နယ် ဇဝနသိဒ္ဓိရပ်ကွက် မင်္ဂလာဇေယျသိဒ္ဓိဆုတောင်းပြည့် မိုယ်းကောင်းစေတီတော်၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။

ကျော်လှိုင်သင်း(နေပြည်တော်)

ကျေးလက်ကုန်ထုတ်လမ်း ဆောင်ရွက်မှုကြည့်ရှု

ဗန်းမော် စက်တင်ဘာ ၂

ကချင်ပြည်နယ် ဗန်းမော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ပထမခြောက်လတွင် ဆောင်ရွက်လျက်ရှိသော မအူပင်ကျေးရွာ ကုန်ထုတ်လမ်း သဲကျောက်ခင်းခြင်းလုပ်ငန်းကို ဗန်းမော်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသောင်းညွန့်နှင့် ဝန်ထမ်းများ ကွင်းဆင်းစစ်ဆေးရာ မြို့နယ်ကျေးလက်ဦးစီးမှူး ဦးတင်ဇော်လင်းက လမ်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ခရိုင်ဦးစီးမှူးက ယင်းလုပ်ငန်းအား ဘဏ္ဍာနှစ်မကုန်မီအပြီး ဆောင်ရွက်ရန်နှင့် သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၂

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ၂၀၁၈ ခုနှစ် စက်တင်ဘာ ၁ ရက်တွင် မန္တလေး-မူဆယ်ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၈၄၇ စီး၊ သွင်းကုန် ၅၉၃ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန်ရှစ်စီး၊ သွင်းကုန် ၂၃ စီးတို့ဖြင့် ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၁ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုလေးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀ ဒသမ ၄၀၈ သန်းခန့်)၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုငါးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၅ ဒသမ ၃၀၈ သန်းခန့်) စုစုပေါင်းတားဆီးမှုကိုးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၅ ဒသမ ၇၁၆ သန်းခန့်) သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် စက်တင်ဘာ ၁ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်စဉ် ခရီးသည်တင်ယာဉ် တစ်စီးနှင့် ISUZU GIGA ၁၂ဘီး ယာဉ်တစ်စီးတို့အား စစ်ဆေးခဲ့ရာ ယာဉ်များပေါ်တွင် တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် ပိတောက်ခွဲသား ၂ ဒသမ ၄၆၉၆ တန်နှင့် အဆိုပါပစ္စည်းများ သယ်ဆောင်သည့် ယာဉ်နှစ်စီး (စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀ ဒသမ ၄၀၈ သန်းခန့်) စစ်ဆေးတွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ချမ်းမြသာစည်မြို့နယ်တွင် ပလတ်ခံအပူလွန်ကဲရာမှ နေအိမ်ငါးလုံးမီးလောင်

မန္တလေး စက်တင်ဘာ ၂

မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် မြို့သစ်(၄)ရပ်ကွက် (၆၃) လမ်းနှင့် (၆၄)လမ်းကြား ကံ့ကော်လမ်းနှင့်သံလမ်းကြား ထပ်တရာလမ်းသွယ်ရှိ ဦးခင်မောင်သိန်း၏ နှစ်ထပ်အိမ်ရှိ မိန်းမီးပလတ်ခုံအပူ လွန်ကဲရာမှ စက်တင်ဘာ ၂ ရက် နံနက် ၄ နာရီက မီးစတင်လောင်ခဲ့ပြီး ကပ်လျက်ရှိနေအိမ်လေးအိမ်တို့အား ကူးစက်လောင်ကျွမ်းခဲ့သည်။

မီးလောင်မှုဖြစ်ပွားရာသို့ တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဦးသန်းဇော်ဦး၊ ခရိုင်မီးသတ်ဦးစီးမှူး ဦးထက်အောင် ဦးစီးသန္ဓေမီးသတ်တပ်ဖွဲ့ဝင် ၁၁၀၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၈၀၊ မီးငြိမ်းသတ်ယာဉ် ၄၂ စီးတို့ဖြင့် ငြိမ်းသတ်ရာ နံနက် ၄ နာရီ မိနစ်၂၀ တွင် မီးငြိမ်းသွားခဲ့သည်။ မီးလောင်မှုကြောင့် ခင်မောင်သိန်းအား အမှတ်(၁၁)နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

မောင်ပြည်သူ(မန္တလေး)

မိုင်းဆတ်မြို့၌ ဘိန်းစိမ်းများ သိမ်းဆည်းရမိ

မိုင်းဆတ် စက်တင်ဘာ ၂

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့နယ် မူးယစ်တပ်ဖွဲ့စု ၂၉ မိုင်းဆတ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ဌာနဆိုင်ရာပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၂ ရက် နံနက် ၁၀ နာရီ ၄၅ မိနစ်က ကျတီကျေးရွာအုပ်စု နားယန်း(ရွာသစ်)ကျေးရွာရှိ မောလယ်၏နေအိမ်အား မူးယစ်ဆေးဝါးသတင်းအရ ဝင်ရောက်ရှာဖွေရာ ၎င်းကို အိပ်ရာဘေးတွင် တွေ့ရှိပြီး ဆက်လက်ရှာဖွေရာ အလေးချိန် ၃၅ ဂရမ်ရှိ ဘိန်းစိမ်းများ သိမ်းဆည်းရမိသဖြင့် မောလယ် (၅၃)နှစ်အား မိုင်းဆတ်မြို့မရဲစခန်းက အရေးယူထားကြောင်း သိရသည်။

စိုင်းအောင်ဇော်လင်း(ပြန်/ဆက်)

မြန်မာ့ရုပ်မြင်သံကြား

၃-၉-၂၀၁၈ (တနင်္လာနေ့)

နံနက်ပိုင်း

၆း၀၀ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၀၀ Breakfast News
၇း၃၅ MRTV Travelogue
၈း၃၅ မြန်မာ့အသိုက်အဝန်းထဲမှ အမျိုးသမီးများ
၉း၁၀ "အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ ဩဘာသာဘိဝံသ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အတုလကာရီဆင်မင်းကျောင်း၊ ဒက္ခိဏာရာမဘုရားကြီးတိုက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီးထံမှ နဝင်္ဂဥပေါသထသီလခံယူဆောက်တည်ခြင်း"
၉း၃၀ BBC Click
၉း၄၅ ရတနာအလား ကမ္ဘာ့ယဉ်ကျေးမှု အမွေအနှစ်များ "Warm Heart" (Russia)
၁၀း၃၀ စားနပ်ရိက္ခာဖူလုံရေး သားစဉ်မြေးဆက်ပေး (ဧရာဝတီ-ပုသိမ်ကျေးရွာသစ်စီမံကိန်း)
၁၀း၅၀ လုံမမှတ်စု
၁၁း၁၅ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
၁၁း၃၅ မြန်မာ့ရုပ်မြင်သံကြား လူငယ်အစီအစဉ်
၁၂း၅၀ "တန်ဖိုး" (စိုးရွှေ၊ မြင့်မြင့်ခင်၊ ကိုကိုဦး၊ ရည်မွန်)(ဒါရိုက်တာ-ဇော်မင်းပိုက်(SM))
၁၃း၃၀ သုခုမရင်ခွင်အငြိမ့်သဘင် "ပန်းမြတ်တမာအငြိမ့်" (မင်းသမီး-ငြိမ်းချမ်းခိုင်၊ လူရွှင်တော်-တာလေး၊ ချစ်ဖူး၊ ချစ်ဆန်း)(ဒါရိုက်တာ-ဖုန်းမြင့်အောင်)
၁၄း၁၀ Tasty Trip
၁၄း၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ "အကယ်၍သာ"(အပိုင်း-၁၆)

ညပိုင်း

၁၆း၃၅ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ဒုတိယနှစ်(ဒဿနိကဗေဒ အထူးပြု)(ဒဿနိကဗေဒ)
၁၇း၀၅ This Week's Special Interest
၁၇း၃၀ Yes or No Talk Show
၁၈း၂၀ Football Magazine
၁၉း၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ "မဟာကာလီ" (အပိုင်း-၃၉)
၂၀း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၂၀း၃၅ **၂၀၁၈ ခုနှစ်၊ ကြားဖြတ်ရွေးကောက်ပွဲ၊ နိုင်ငံရေးပါတီများ၏ ဟောပြောချက်** "တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ" -နိုင်ငံခြားဇာတ်လမ်းတွဲ "ဘဝတစ်ခုအချစ်တစ်ခု" (အပိုင်း-၁၄) -အစီအစဉ်ပြီး၏။

ဘောလုံးပွဲလောင်းကစားပြုလုပ်သူများအား လောင်းကြေးငွေကျပ် ၃၉ သိန်းကျော်ဖြင့် ဖမ်းဆီးရမိ

ပြင်ဦးလွင် စက်တင်ဘာ ၂

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး (၁၂) ရေချမ်းအိုးမြောက်ရွာတွင် အွန်လိုင်းပေါ်မှတစ်ဆင့် ဘောလုံးပွဲ လောင်းကစားပြုလုပ်နေသူများအား စက်တင်ဘာ ၁ ရက် ညနေ ၃ နာရီခွဲက လောင်းကြေးငွေကျပ် ၃၉ သိန်းကျော်ဖြင့် ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အဆိုပါကျေးရွာနေ ညီညီလွင်(ခ)အောင်မြင့်မြတ်(ခ)စိန်ဒေါင်းလေး၏နေအိမ်အား သတင်းအရ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ မှုခင်းဌာနမှ တပ်ဖွဲ့ဝင်များ၊ ပြင်ဦးလွင်ခရိုင် ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များ ပူးပေါင်းအဖွဲ့က သက်သေများနှင့်အတူ ဝင်ရောက်ရှာဖွေဖမ်းဆီးခဲ့ရာ နေအိမ်၌ ညီညီလွင်(ခ)အောင်မြင့်မြတ်(ခ)စိန်ဒေါင်းလေးနှင့် တစ်ရွာတည်းနေ ပြည့်ဖြိုးဆက်၊ စောရန်ကျော်၊ သော်ဇင်အောင်၊ အောင်ကျော်ဦး၊ မင်းချစ်သူ၊ ငြိမ်းမင်းဇော်တို့ ခုနစ်ဦးအား အင်တာနက်မှတစ်ဆင့် အကောင့်နံပါတ်များ၊ ဘောလုံးပွဲအသင်းနာမည်များ ရေးသားထားသည့် စာအုပ် ၁၄ အုပ်၊ ဘောလုံးပွဲလောင်းကစားရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေကျပ် ၃၉၉၅၀၀၀ တို့နှင့်အတူ ဖမ်းဆီးရမိခဲ့သောကြောင့် ညီညီလွင်(ခ)အောင်မြင့်မြတ်(ခ)စိန်ဒေါင်းလေးပါ ခုနစ်ဦးအား ပြင်ဦးလွင်မြို့မရဲစခန်းက အရေးယူထားကြောင်း သိရသည်။

ကိုရဲ

အများပြည်သူသိရှိရန် အသိပေးနှိုးဆော်ချက်

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးဥပဒ်အန္တရာယ်ကင်းရှင်းကာ အကျိုးအာနိသင်ရှိသော ဆေးဝါးများကို အများပြည်သူတို့သုံးစွဲနိုင်ရန် စနစ်တကျစိစစ်ကွပ်ကဲကြပ်မတ်လျက်ရှိပါသည်။

၂။ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနအနေဖြင့် ဈေးကွက်အတွင်းရှိ ဆေးဝါးများကို စိစစ်ခဲ့ရာ အောက်ဖော်ပြပါဆေးဝါး ရှစ်မျိုးသည် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်းမရှိသော တရားမဝင်ဆေးဝါးများဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်-

စဉ်	ဆေးအမည်	ဆေးဘူး/ဆေးကတ်တွင်ဖော်ပြချက်
၁။	Regenta Eye/Ear Drops (Gentamicin Sulphate IP eq.to Gentamicin 0.3%w/v, Methyl-Paraben Sodium IP 0.1%w/v (as preservative), Sterile Aqueous Base IP q.s)	Regain Laboratories
၂။	Phenolphthalein Tablets (Phenolphthalein 50mg)	CS Pharmaceutical Co.,Ltd, China
၃။	Ninazol Tablets (Ketoconazole 200mg)	T.O.Pharma Co.,Ltd, Thailand
၄။	Piyenchin Solution (NaphazolineHCl Solution 1:1000)	YYJW Pharmaceutical (China) Co.,Ltd
၅။	Compound Miconazole Nitrate Cream (Miconazole Nitrate 20mg, Clobetasol Propionate 0.5mg/g)	Hubei KZ PharmaceuticalCo.,Ltd
၆။	Chlorpheniramine Tablets (Chlorpheniramine Maleate 4mg)	K.B.Pharmaceutical Co.,Ltd., Bangkok
၇။	Diclo-M Tablets (Diclofenac Sodium IP 50mg, Paracetamol IP 300mg, Magnesium Trisilicate IP 100mg)	VIP Pharmaceuticals Pvt.Ltd. Distt Solan-174101(H.P)
၈။	Oxytocin Injection (Oxytocin USP 10 IU/ ml)	Amros Pharmaceuticals, Pakistan

၃။ အများပြည်သူများသည် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်းမရှိသောဆေးဝါးများကို ဝယ်ယူသုံးစွဲခြင်းမပြုကြရန်နှင့် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ရရှိထားသောဆေးဝါးများကို ဆရာဝန်ညွှန်ကြားချက်ဖြင့် ဝယ်ယူသုံးစွဲပါရန် အသိပေးအပ်ပါသည်။ ထို့အပြင် ပြည်သူ့ကျန်းမာရေးအတွက် စောင့်ရှောက်မှုဆောင်ရွက်ပေးသူများအနေဖြင့် မိမိတို့သုံးစွဲနေသည့် ဆေးဝါးများနှင့်ပတ်သက်၍ သံသယဖြစ်ဖွယ်တစ်စုံတစ်ရာရှိပါက သတင်းပေးပို့အကြောင်းကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

၄။ ဆေးဝါးတင်သွင်းဖြန့်ဖြူးသည့်ကုမ္ပဏီ၊ ဆေးဝါးရောင်းချသည့်ဆေးဆိုင်များသည် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများ၊ ဆေးဝါးအတု၊ စံမညီဆေးဝါးများကို တင်သွင်းဖြန့်ဖြူးရောင်းချခြင်း (လက်လီ/လက်ကား) လုံးဝမပြုရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းက အမျိုးသားဆေးဝါးဥပဒေပုဒ်မ(၁၈)အရ တရားစွဲဆိုအရေးယူမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

ပုဗ္ဗသီရိမြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

နေပြည်တော် စက်တင်ဘာ ၂

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ်တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဩဂုတ် ၃၀ ရက် ညနေ ၅ နာရီက နေပြည်တော်ရဲတပ်ဖွဲ့ ဦးစီး(၁) ဌာနစိတ် နေပြည်တော် မူးယစ်အထူးအဖွဲ့နှင့် ပတ္တာနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်တို့သည် ပုဗ္ဗသီရိမြို့နယ် နေပြည်တော်ကောင်စီလမ်းနှင့် ရာဇဌာနီလမ်းထောင့်တွင် မူးယစ်ဆေးဝါးသတင်းအရ စောင့်ဆိုင်းရာ ၁၉ယ/ . . . ခဲနက်ရောင်ဆိုင်ကယ်နှင့်အတူ ရပ်နေသည့် ထွန်းထွန်းဝင်း(ခ)ကိုထွန်းအား စစ်ဆေးရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၈ ပြား (တန်ဖိုးတစ်ပြားလျှင် ငွေကျပ် ၃၀၀၀ နှုန်းဖြင့် ၁၄၄၀၀၀ ခန့်၊ အလေးချိန် ၄ ဒသမ ၈ ဂရမ်)ကို တွေ့ရှိရ၍ ပတ္တာနယ်မြေရဲစခန်းက အမှုဖွင့်၍ ထွန်းထွန်းဝင်းအား ဆက်လက်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

မင်းမင်းလတ်(ရှုပဗေဒ)

မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ်လူသစ် ဘဝသစ်

၁၉၄၇ ခုနှစ်က မြို့မတူရိယာအသင်းရွေးကောက်ပွဲ

ဆူးငှက်

ဒီကနေ့အထိ သက်ရှည်တည်တံ့ဆဲဖြစ်တဲ့ မြို့မတူရိယာအသင်းကြီးကို ၁၉၂၅ ခုနှစ်က စတင်ထူထောင်ခဲ့ပါတယ်။ စတင်တည်ထောင်ကြသူတွေက ကိုဘငြိမ်း (မြို့မငြိမ်း)၊ ကိုဘငွေ၊ ကိုမြအုန်း၊ ကိုရင်လေး၊ ကိုဘကြင်၊ ကိုလှဒင်၊ ကိုဘသက်၊ ကိုဘဒင်၊ ကိုမောင်မောင်(ခေါတန်းဦးသန့်) စသူတို့ဖြစ်ပါသတဲ့။ အသင်းဥက္ကဋ္ဌကတော့ ဆိုင်းတန်းရပ်က အပေါင်ဆိုင်ပိုင်ရှင် ဦးတော်လုံဖြစ်ပါတယ်။ သူက ဂီတသမားမဟုတ်ပေမယ့် ဝါသနာရှင် လူငယ်လေးတွေက ဂီတအသင်း စတင်ထူထောင်ကြတော့ ပစ္စည်းအား၊ ငွေကြေးအားဖြင့် အားပေးကူညီသူ ဖြစ်ပါတယ်။

အဓိကကျတဲ့ ရည်ရွယ်ချက်

အသင်းကို စတင်တည်ထောင်တော့ နေပြည်တော်၊ ရတနာပုံစတဲ့ နာမည်တွေပေးကြပေမယ့် ကိုဘငြိမ်း (မြို့မငြိမ်း)က နာမည်က ရိုးလွန်းတယ်ဆိုပြီး မြို့မ ဗုဒ္ဓဝေယျာဝစ္စတူရိယာအသင်းလို့ အမည်ပေးခဲ့တယ်။ ခေတ်ပညာတတ်ဝါသနာရှင်လူငယ်လေးများမို့ အမြော်အမြင်ရှိတယ်။ အမြင်ကျယ်တယ်။ ရေရှည်တည်တံ့မှုကို ရှေးရှုတယ်။ ဒါကြောင့် ၁၉၂၈ ခုနှစ်မှာ စည်းမျဉ်းဥပဒေရေးဆွဲပြီး အသင်းကို စနစ်တကျ ဖွဲ့စည်းခန့်ခွဲနိုင်ခဲ့တယ်။ အသင်းတစ်သင်းရဲ့ အဓိကကျတဲ့ ရည်ရွယ်ချက်ကိုလည်း စနစ်တကျ အတည်ပြုပြဋ္ဌာန်းနိုင်ခဲ့ပြီး တရားဝင်အမည်အဖြစ် မြို့မတူရိယာအသင်းလို့ ခေါ်တွင်စေပြီး အသင်းတံဆိပ်ကိုလည်း သတ်မှတ်ခဲ့တယ်။ အသင်းရဲ့ ရည်ရွယ်ချက်တွေက -

(က) မြန်မာသီချင်းကြီးများ ဆည်းပူးပြန့်ပွားရေး
(ခ) ကမ္ဘာသုံး တူရိယာများ လေ့လာသင်ကြား တတ်မြောက်ရေး
(ဂ) Music Note အမှတ်အသားပညာဖြင့် ရေးထားသော တူရိယာပညာကို ဆည်းပူးလေ့လာရန်
(ဃ) ကမ္ဘာ့ခေတ်မီ တူရိယာတီးဝိုင်းကြီး ဖြစ်မြောက်ရေး
(င) ရှေးမြန်မာသီချင်းကြီးများကို ကျွမ်းကျင်သူများနှင့် ညှိနှိုင်း၍ ကမ္ဘာသုံးဖြစ်သော Music Note ပညာဖြင့် ကူးပြောင်း ရေးသားလေ့လာရန်
(စ) မြန်မာနိုင်ငံတော်အတွင်း တူရိယာအသင်းများက ဆက်သွယ်လာပါလျှင် တတ်အားသမျှ အားပေးကူညီရန်ဆိုတဲ့ အချက်တွေဖြစ်တယ်။

ဒီအချက်တွေကို မျက်ခြည်မပြတ် ဦးထိပ်ထားပြီး စည်းမျဉ်းဥပဒေပါ လုပ်ထုံးလုပ်နည်းတွေအတိုင်း အသင်းသားအမှုဆောင်များ၊ ညီညီညွတ်ညွတ် ဆောင်ရွက်နိုင်ခဲ့ကြလို့ ဒုတိယကမ္ဘာစစ်ကြီးကြောင့် ထွက်ပြေးတိမ်းရှောင်၊ တစ်ကွဲတစ်ပြား ဖြစ်နေချိန်မှာပင် စစ်ကြီးအပြီး ပြည်တော်ဝင်နဲ့ ညီညီညွတ်ညွတ် မပျက်မစီးဖြစ်စေခဲ့တာ သမိုင်းသက်သေပဲ မဟုတ်ပါလား။

အမှုဆောင်အဖွဲ့ကို အသစ်ပြန်လည်ရွေးကောက်

စစ်ကြီးအပြီး အသင်းသားတွေ စုံစုံညီညီနဲ့ မန္တလေးကမိခင်အသင်းကို ပြန်လည်စုစည်းနိုင်တဲ့အချိန် ၁၉၄၅ ခုနှစ် ဒီဇင်ဘာ ၂၉ ရက်နေ့ မန္တလေးမြို့လယ် နေသူရိန်ဇာတ်ရုံကြီးမှာ အထက်ဗမာနိုင်ငံ ကိုယ်လက် ကျန်းမာရေးအသင်းကြီး၏ ကာယဗလပြပွဲ ကျင်းပတော့ ကိုဘငြိမ်းနဲ့ ကိုရင်လေးက ဦးဆောင်ပြီး မြို့မ တူရိယာအသင်းက ဦးဆောင်စီစဉ်နိုင်ခဲ့တယ်။ ဒီပွဲမှာ ကိုဘငြိမ်း (မြို့မငြိမ်း)က ကရဝိက်(သ) မျိုးဇစ်၊ အိုလံပစ်၊ ယဉ်တစ်ကိုယ်မယ်စတဲ့ နာမည်ကျော်သီချင်းသစ်တွေ ရေးစပ်သီဆိုတီးမှုတ်ခဲ့တယ်။

နောက် နှစ်နှစ်အကြာ ၁၉၄၇ ခု နှစ်ဆန်းတော့ အသင်းရဲ့ စည်းမျဉ်းဥပဒေအရ အမှုဆောင်အဖွဲ့ကို အသစ်ပြန်လည်ရွေးကောက်ဖို့ လိုအပ်လာပါပြီ။ စစ်ကြီးကြောင့် သင်းလုံးကျွတ်အစည်းအဝေးလည်း မခေါ်နိုင်၊ အမှုဆောင်သစ်လည်း မဖွဲ့နိုင်တော့ဘဲ စည်းမျဉ်းဥပဒေကို ဥပေက္ခာပြုသလိုဖြစ်နေပါပြီ။ ဒါကြောင့် သင်းလုံးကျွတ်

> ရှေးလူကြီးများက အမြော်အမြင်နှင့် မူဘောင်ချကာ
> အသင်းရဲ့ ဦးတည်ချက်မပျောက်ရေးကို
> မမိုတ်မသုန်စူးစိုက်ပြီး ကိုယ်ကျိုးစီးပွားဖယ်ခွာကာ
> ဆောင်ရွက်ကြမှုအပေါ်အတုကောင်း . . .

အစည်းအဝေးနဲ့ အမှုဆောင်သစ်ရွေးချယ်ပွဲကို ၁၉၄၇ ခု ဧပြီလ ၂၇ ရက် (၁၃၀၉ ခုနှစ် ကဆုန်လဆန်း ၈ရက်) ညနေ ၃ နာရီအချိန် ခေါတန်းရပ် အားကစားနှင့် ယဉ်ကျေးမှုအသင်းတိုက်မှာ ကျင်းပခဲ့ပါတယ်။

မြို့လုံးကျွတ် သိရှိနိုင်အောင်

ဒီအစည်းအဝေး ကျင်းပဖို့အတွက် မြို့မိမြို့ဖတွေ၊ အသင်းသူ အသင်းသားတွေ၊ မြို့မချစ်သူ ဂီတချစ်သူတွေအားလုံး သိရှိနိုင်၊ ပါဝင်တက်ရောက်နိုင်အောင် ဝင်းလိုက်ရုပ်ရှင်ရုံကနေ တစ်ပတ်ကျော် ကြိုတင်ပြီး ရုပ်ရှင်များမပြမီ ဆလိုက်ထိုး ကြော်ငြာခဲ့ပါသတဲ့။ စစ်ကြီးအပြီး ပြန်လည်ဖွဲ့စည်းမယ့် မြို့မအသင်းအတွက် မြို့လုံးကျွတ်သိရှိနိုင်အောင် ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ခဲ့ကြတာပါ။

လတ်တလော မြို့မကို ဒုဥက္ကဋ္ဌ ကိုဘသင်၊ အတွင်းရေးမှူး ကိုရင်လေးတို့က မပျက်မယွင်းအောင် ထိန်းထားခဲ့တာမို့ အသင်းရည်ရွယ်ချက်များ ဆက်လက်အကောင်အထည်ဖော်နိုင်ဖို့ မြို့မိမြို့ဖများရှေ့မှောက် ရှေ့လုပ်ငန်းစဉ်များ ချမှတ်ခြင်းနဲ့ အမှုဆောင်သစ်ကျယ်ပြန့်စွာ ဖွဲ့စည်းနိုင်ဖို့ ယာယီဥက္ကဋ္ဌအဖြစ် မန်းညွန့်ဦးမောင်ကလေး၊ အတွင်းရေးမှူး ဦးအောင်ကြီးတို့က ကိုဘသင်နဲ့ ကိုရင်လေးတို့ထံမှ ခေတ္တလွှဲယူပြီး နာယကအဖွဲ့နဲ့ အမှုဆောင်အသစ်ကို မြို့မိမြို့ဖများနဲ့ သတင်းစာဆရာများရှေ့မှာ စနစ်တကျ ဖွဲ့စည်းနိုင်ခဲ့ပါတယ်။

ဒါကြောင့် နာယကများအဖြစ် ခေါတန်းဦးသန့်၊ ဝင်းလိုက်ဦးကျော်ဝင်းနဲ့ ဦးမြင့်တို့က တာဝန်ယူပြီး ဥက္ကဋ္ဌ ဦးအေးမောင်(ရတနာပုံ)၊ ဒုဥက္ကဋ္ဌ ဝါးတန်း ဦးအေးမောင်နဲ့ ဦးဘဒင်၊ အတွင်းရေးမှူး ဦးရင်လေး၊ တွဲဖက်အတွင်းရေးမှူး ဦးအောင်ကြီး၊ စာရင်းစစ် ကိုဘကြင်၊ ကိုစော၊ အလုပ်အမှုဆောင်များအဖြစ် ကိုဘငြိမ်း(မြို့မငြိမ်း)၊ ကိုဘအေး၊ ကိုသန့်စင်၊ ကိုဘသိန်း၊ ကိုလှဒင်၊ ကိုအေးကျော်၊ ကိုမောင်ကို၊ ကိုစိန်ကြည်၊ ကိုဖူးအုံ့၊ ကိုဘငွေတို့ကို အများဆန္ဒနဲ့အညီ ရွေးကောက်ဖွဲ့စည်းခဲ့ကြပါတယ်။

အသင်းသားသစ်များအတွက် ဂီတသင်တန်းများ

ဒီအစည်းအဝေးကြီးမှာပဲ အသင်းသားအသစ်တွေကို အသင်းဝင်ကြေး ငါးကျပ်၊ လစဉ်ကြေး တစ်ကျပ်နဲ့ ဝင်ရောက်နိုင်လို့ အသင်းသား အသစ် ၃၀ ကျော် စာရင်းပေး ဝင်ရောက်ကြပါတယ်။ နာမည်ကျော် ဂီတမှူးတွေဖြစ်လာမယ့် ကိုဘိုခင်နဲ့ ကိုပေါတို့က ဒီအစည်းအဝေးမှာ အသင်းသားအသစ်အဖြစ် စတင်စာရင်းပေးဝင်ရောက်ခဲ့ကြတာပါ။ ဒီအစည်းအဝေးမှာ တက်ရောက်လာသူတွေကို ယူနီဗာဆယ် ကိတ်မုန့်တိုက်က ကိတ်မုန့်၊ လက်ဖက်ရည်၊ ငှက်ပျောသီး၊ သစ်ကျားသီးများနဲ့ ဧည့်ခံကူညီပြီး ဝင်းလိုက် ဦးကျော်ဝင်းကလည်း အသင်းကို ဒဗလယ်ဗေ့ကြီးတစ်လုံး လှူဒါန်းခဲ့ပါတယ်။

တစ်မြို့လုံးက အားတက်သရော တက်ရောက်ခဲ့ကြတဲ့ အစည်းအဝေးကြီးမှာ မန္တလေးသူတွေဖြစ်တဲ့ ဒေါ်စိန်ရင်(စာရေးဆရာမ မာလာ)၊ နဂါးဒေါ်ဦး၊ အမ်အေဒေါ်အုန်းတို့ကလည်း အမျိုးသမီးမြို့မအသင်းဖွဲ့စည်းဖို့ အဆိုပြုခဲ့ကြသေးပါတယ်။

အစည်းအဝေးကြီးက ဖွဲ့စည်းခဲ့တဲ့ နာယကများနဲ့ အမှုဆောင်အသစ်က ကိုဘငြိမ်း(မြို့မငြိမ်း)ကို ဂီတမှူးအဖြစ် တာဝန်ပေးပြီး အသင်းသားသစ်များအတွက် ဂီတသင်တန်းများ ပေးစေခဲ့ပါတယ်။ ဒါကြောင့် ကိုဘငြိမ်း(မြို့မငြိမ်း)က မေလ ၁၅ ရက်နေ့ကစတင်ပြီး ည ၇ နာရီမှ ၈ နာရီအထိ ဂီတသင်တန်းကို စတင်သင်ကြားပေးခဲ့တယ်။ ဒီသင်တန်းကနေ ဂီတမှူး ကိုဘိုခင်၊ ကိုပေါ စသူတို့ ထွက်ပေါ်ခဲ့တာပါပဲ။

ထူးခြားတဲ့ ဂုဏ်ပုဒ်

ဒီနှစ်ဆိုရင် မန္တလေးမြို့မ အပျော်တမ်းတူရိယာအသင်းကြီးက ၉၃နှစ် ပြည့်ပြီ။ ဝါသနာရှင်များနှင့်ပဲ ဖွဲ့စည်းထားတဲ့ တူရိယာအသင်းတစ်သင်းက နှစ် ၉၀ ကျော် သက်တမ်းအထိ တည်တံ့ရှင်သန်နေတယ်ဆိုတာ ရှားပါးထူးခြားလှပါတယ်။ ဘာလို့ ဒီလို ‘ဘိုးသက်ရှည်’ အသင်းကြီးအဖြစ် ခိုင်မာနေတာလဲ။

ဒီနေရာမှာ ဒေသစွဲကြီးတယ်လို့ဆိုစေကာမူ မန္တလေးမြို့က ရှင်သန်ပေါက်ဖွားခဲ့တဲ့ အသင်းကြီးတွေဟာ ထူးခြားတဲ့ဂုဏ်ပုဒ်အနေနှင့် ယနေ့ထက်တိုင် သက်တော်ရှည်ပြီး လူရိုသေရှင်ရိုသေဖြစ်ခဲ့ကြတယ်။

ယခုကောဇာ ၁၃၈၀ ပြည့်နှစ် (ခရစ် ၂၀၁၈) မှာ (၁) ကောဇာ ၁၂၅၈ ခုနှစ်က တည်ထောင်ခဲ့တဲ့ မလွန်ဈေးဆန်လှူအသင်းကြီးက ၁၂၂ နှစ်ပြည့်ပြီ။ (၂) ကောဇာ ၁၂၆၀ ပြည့်နှစ်က တည်ထောင်ခဲ့တဲ့ ပရိယတ္တိသာသနဟိတ အသင်းကြီးက နှစ်၁၂၀ ပြည့်ပြီ။ (၃) ကောဇာ ၁၂၇၇ခုနှစ်က တည်ထောင်ခဲ့တဲ့ မိတ္တအရဏ်တော်အသင်းကြီးက ၁၀၃ နှစ်ပြည့်ပြီ။ (၄) ကောဇာ ၁၂၈၂ ခုနှစ်က တည်ထောင်ခဲ့တဲ့ သူရဲတပ်အရဏ်တော်အသင်းကြီးက ၉၈နှစ်ပြည့်ပြီ။(၅) ကောဇာ ၁၂၈၅ ခုနှစ်က တည်ထောင်ခဲ့တဲ့ ရတနာပုံဗုဒ္ဓဘောဇနိယ ဥဿဟအသင်းကြီးက ၉၅ နှစ်ပြည့်ပြီ။ (၆) ခရစ်နှစ် ၁၉၂၅ခုနှစ်က တည်ထောင်ခဲ့တဲ့ မြို့မတူရိယာအသင်းကြီးက ၉၃ နှစ်ပြည့်ပြီ။ (၇) အလားတူ ခရစ်နှစ် ၁၉၃၀ က တည်ထောင်ခဲ့တဲ့ ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်းကြီးက ၈၈ နှစ်ပြည့်ပြီ။

အမြော်အမြင်နှင့် မူဘောင်ချကာ

စာရေးဆရာသတင်းစာဆရာမကြီး ဒေါ်ဒေါ် လူထုဒေါ်အမာက ဒီအသင်းကြီးတွေနှင့်ပတ်သက်ပြီး နှစ်ပေါင်းရာချီတိုင်တည်တံ့ရှင်သန်နေမှုအပေါ် ဂုဏ်ယူလေ့ရှိတယ်။ အထူးသဖြင့် မန္တလေးသူ မန္တလေးသားတွေရဲ့ ညီညွတ်မှုတသဘောထားကြီးမှုအပေါ် အသင်းကြီးများကို စံထားပြီး ဝမ်းမြောက်ပီတိစကားဆိုတာပါ။ စံနမူနာယူဖို့ လူငယ်တွေကို ညွှန်ပြတာပါ။ ပခုံးပြောင်းလက်ဆင့်ကမ်း အမွေယူဖို့ တိုက်တွန်းတာပါ။ အထူးသဖြင့် ရှေးလူကြီးများက အမြော်အမြင်နှင့် မူဘောင်ချကာ အသင်းရဲ့ ဦးတည်ချက်မပျောက်ရေးကို မမိုတ်မသုန်စူးစိုက်ပြီး ကိုယ်ကျိုးစီးပွားဖယ်ခွာကာ ဆောင်ရွက်ကြမှုအပေါ် အတုကောင်းယူကြဖို့ ဒေါ်ဒေါ်က တစိုက်မတ်မတ်ပြောဆိုရေးသားခဲ့တာပါ။ အသင်းကြီးတွေနှင့်ပတ်သက်ပြီး ချမှတ်ထားတဲ့ မူဘောင်က တိမ်းစောင်းနေတယ်လို့ယူဆရင်လည်း ရဲရဲဝံ့ဝံ့ စေတနာနှင့် ပြောဆိုရေးသားခဲ့တာပါ။

အထူးသဖြင့် အများနှင့် သက်ဆိုင်ပြီး မြို့ဂုဏ်ဆောင်သာမက နိုင်ငံ့ဂုဏ်ဆောင်ဖြစ်စေမယ့် သက်တော်ရှည် မြို့မတူရိယာအသင်းဟာ ဥပဒေစည်းမျဉ်းနှင့် အသင်းသားများ ပါဝင်ဖွဲ့စည်းထားတာမို့ အလုပ်အမှုဆောင်ဖွဲ့စည်းခြင်း၊ အလုပ်အမှုဆောင်များ တာဝန်ပေးခြင်း၊ တာဝန်ယူခြင်းများနှင့် ဘဏ္ဍာရေးကိစ္စများကို သာမန်မျှသဘောမထားဘဲ အသင်းက အဆက်ဆက်ချမှတ်ထားတဲ့ ဖွဲ့စည်းပုံ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ စနစ်တကျဆောင်ရွက်ကြဖို့ အထူးလိုအပ်နေပါပြီ။

ပညာရပ်ပိုင်းရော စီမံခန့်ခွဲမှုအပိုင်းပါ ကမ္ဘာကြည့်ကြည့်ဖို့

၁၉၂၅ ခုနှစ်မှာ စတင်ဖွဲ့စည်းပြီး ၁၉၂၈ခုနှစ်မှာ ပထမဦးဆုံး အတည်ပြုပြဋ္ဌာန်းကာ ခေတ်အဆက်ဆက် စတုတ္ထအကြိမ်အထိ ၁၉၉၄ခုနှစ်မှာ နောက်ဆုံးပြဋ္ဌာန်းခဲ့တဲ့ဖွဲ့စည်းပုံ စည်းမျဉ်းစည်းကမ်းကို လိုက်နာကျင့်သုံးပြီး ပညာရပ်ပိုင်းရော စီမံခန့်ခွဲမှုအပိုင်းပါ ကမ္ဘာကြည့်ကြည့်ဖို့ လိုအပ်နေပါပြီ။ မြို့မတူရိယာအသင်းကြီးဟာ ရှေးကတည်းက အသင်းရည်ရွယ်ချက်များကို ဦးထိပ်ထားပြီး အစဉ်အလာဂါရဝနဲ့ စည်းမျဉ်းစည်းကမ်းအပေါ် အစဉ်အဆက် လိုက်နာကျင့်သုံးခဲ့ကြလို့ အခုထိ သက်တော်ရှည်ခြင်းပါပဲ။

ဒီအစဉ်အလာကို လိုက်နာကျင့်ကြံခြင်း မရှိဘူးဆိုရင် အစဉ်အလာရှိသူများနဲ့ ပညာရှင်တွေ ဘေးရောက်ကုန်ပြီး အသင်းသားအချင်းချင်း ပွင့်လင်းမြင်သာမှုဖြည်းဖြည်းချင်းသော်လည်းကောင်း၊ ရုတ်ခြည်းသော်လည်းကောင်း နည်းပါးသွားပြီး တစ်ဦးနှင့်တစ်ဦး အမြင်မကြည်လင်မှုတွေ၊ သံသယတွေ၊ အထင်လွဲမှုတွေ ဖြစ်ပါမယ်။ အုပ်စုဖွဲ့ ဂိုဏ်းဖွဲ့ကြပါမယ်။ ဒါဆိုရင် မငြိမ်းချမ်းတော့ပါဘူး။ မငြိမ်းချမ်းတာနှင့် မညီညွတ်တော့ပါဘူး။ မညီညွတ်မှုတော့ နောက်ဆုံးရလဒ်က အသင်းဆုတ်ယုတ်သွားစေတာပဲ မဟုတ်ပါလား။ ။

ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင် မြို့တွင်းအဓိကလမ်းများ တိုးချဲ့ဆောင်ရွက်နိုင်ရေး ကြည့်ရှုစစ်ဆေး

မြစ်ကြီးနား စက်တင်ဘာ ၂
ကချင်ပြည်နယ် မြစ်ကြီးနားမြို့ မြို့တွင်းအဓိကကျသည့်လမ်းမကြီးများ တိုးချဲ့ဆောင်ရွက်ရာတွင် အများပြည်သူ ယာဉ်အန္တရာယ်ကင်းရှင်းစွာသွားလာနိုင်ရေးနှင့် စနစ်တကျရှိစေရေးတို့အတွက် စက်တင်ဘာ ၁ ရက် နံနက်ပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်သည် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့ကြသည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ခရိုင်အားကစားနှင့် ကာယပညာဦးစီးဌာနပိုင်ယခင် ကားကြီးကွင်းဟောင်းနေရာ၌ ရေကူးကန်အပါအဝင် ခေတ်မီအားကစားကွင်းတည်ဆောက်နိုင်ရေးအတွက် တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ကြပြီး ရုံးကြီးလမ်းတိုးချဲ့ဆောင်ရွက်နိုင်ရေးအတွက် ပြည်သူ့ကျန်းမာရေးဦးစီးဌာနရုံးနှင့် ဝန်ထမ်းအိမ်ရာ အုတ်တံတိုင်း ပြင်ဆင်ဆောင်ရွက်နေမှုနှင့် ပြည်သူ့ဆေးရုံကြီး အဝင်လမ်း ပြောင်းရွှေ့ဆောင်ရွက်နိုင်ရေးအတွက် ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ထို့မှတစ်ဆင့် မြန်မာ့စီးပွားရေးဘဏ်လမ်းတိုးချဲ့ခင်းကျင်းဆောင်ရွက်နေသည့်အတွက် လမ်းထောင့်ရှိ ထရန်စဖော်မာအား ပြောင်းရွှေ့တပ်ဆင်ဆောင်ရွက်နေမှု၊ ဆမားလမ်းနှင့် ဆွမ်ပရာဘွမ်လမ်းဆုံနေရာ၌ ဆောင်ရွက်လျက်ရှိသည့် တြိဂံတုံးနေရာသို့ သွားရောက်ကြည့်ရှုစစ်ဆေးကြပြီး အမှတ်(၉) အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းသား၊ ကျောင်းသူများ၏ စက်တင်ဘာ ၁၃ ရက်တွင် ကျရောက်မည့် ဆဋ္ဌမအကြိမ်မြောက် မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံး၊ ကာတွန်း၊ ပန်းချီ၊ ပိုစတာပြိုင်ပွဲ ကျင်းပနေမှုကို ကြည့်ရှုအားပေးခဲ့ကြသည်။

ယင်းနောက် ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ နာရီစင်အဝိုင်းပတ် လမ်းဆုံနေရာ၌ လမ်းတိုးချဲ့ဆောင်ရွက်မှုနှင့် မီးပွိုင့်များ စနစ်တကျတပ်ဆင်ရေး ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ သံလမ်းကူးလမ်းကျဉ်းနေရာအား တိုးချဲ့ဆောင်ရွက်နိုင်ရေးနှင့် လမ်းမကြီးနှင့် သခင်နက်ဖေလမ်းဆုံ မီးပွိုင့်နေရာ၌ ခြောက်လမ်းသွား တိုးချဲ့ဆောင်ရွက်နိုင်ရေး ကြည့်ရှုစစ်ဆေးခဲ့ကြကာ လမ်းများတိုးချဲ့ဆောင်ရွက်ရာတွင် လမ်းဘေးပလက်ဖောင်းနှင့်ရေမြောင်းများ စနစ်တကျဆောင်ရွက်သွားရေး၊ လမ်းနယ်မလွတ်သည့် မီးတိုင်နှင့်ဖုန်းတိုင်များအား စနစ်တကျ ပြောင်းရွှေ့စိုက်ထူနိုင်ရေးနှင့် မြေပြင်အခြေအနေကို စနစ်တကျ ကွင်းဆင်းတိုင်းတာစစ်ဆေး၍

ဆောင်ရွက်သွားကြရန်နှင့် အဓိကကျသည့် လမ်းမကြီးများဖြစ်သည့်အတွက် အများပြည်သူ ယာဉ်အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေး အထူးအလေးထားဆောင်ရွက်သွားကြရန် တာဝန်ရှိသူများအား မှာကြားခဲ့သည်။
ပြည်နယ်ပြန်/ဆက်

ရေဘေးသင့်ပြည်သူများအတွက် အလှူငွေများ လှူဒါန်း

တောင်ငူ စက်တင်ဘာ ၂
တောင်ငူမြို့ ခပေါင်းခန်းမတွင်ဖွင့်လှစ်ထားသော တောင်ငူခရိုင် ကယ်ဆယ်ရေးကွပ်ကဲမှုရုံး၌ တောင်ငူခရိုင်အတွင်းရှိ ရေဘေးသင့် ပြည်သူများအတွက် အလှူငွေပေးအပ်လှူဒါန်းခြင်း အခမ်းအနားကို စက်တင်ဘာ ၂ ရက် နံနက် ၈ နာရီခွဲက ကျင်းပသည်။

တောင်ငူခရိုင်အတွင်းရှိ ရေဘေးသင့်ပြည်သူများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ထူးလင်းကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာဦးထူးအောင်က အလှူငွေကျပ်သိန်း ၅၀ အား ပေးအပ်လှူဒါန်းရာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးဝင်းသိန်းက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

ထို့အတူ စက်တင်ဘာ ၁ ရက် မွန်းတည့် ၁၂ နာရီက ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး ဝန်ကြီးချုပ်ရုံးခန်းနှင့် အတွင်းရေးမှူးရုံးခန်းသို့ တောင်ငူခရိုင်အတွင်းရှိ ရေဘေးသင့်ပြည်သူများအတွက် စိန်နန်းစံကုမ္ပဏီမိသားစုမှ အလှူငွေကျပ်သိန်း ၅၀၊ အဝေးရောက် ကရင်တိုင်းရင်းသားများကိုယ်စား တိုင်းဒေသကြီး ကရင်တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီး နော်ပွယ်စေးက အလှူ ငွေကျပ် ၂၅ သိန်းပေးအပ်လှူဒါန်းရာ ဝန်ကြီးချုပ်နှင့်အတွင်းရေးမှူးတို့က ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။
တင်စိုး(ပဲခူး)

လယ်ယာစိုက်ပျိုးရေးကဏ္ဍ ပြန်လည်ထူထောင်ရေးလုပ်ငန်း ဆောင်ရွက်မှုများအား ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့် ကွင်းဆင်းကြည့်ရှု

ဘားအံ စက်တင်ဘာ ၂
ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစောမြင့်ဦးနှင့် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများသည် စက်တင်ဘာ ၁ ရက် နံနက်ပိုင်းက ကရင်ပြည်နယ်အတွင်း ရေကြီးရေလျှံမှုများကြောင့် ရေလွှမ်းထိခိုက်၊ ပျက်စီးသည့် မိုးစပါးစိုက်ခင်းများ ပြန်လည်ထူထောင်ရေးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေများကို လိုက်လံကြည့်ရှုခဲ့သည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် လေ့ကျင့်ရေးနှင့် သုတေသနခြံ (ကမော့ကပို)သို့ ရောက်ရှိပြီး တစ်ဆက်တစ်စပ်တည်း ဆင်းသုခ ၂၅ ဧက RS မျိုးစေ့ထုတ်စိုက်ခင်း၏ အောင်မြင်ဖြစ်ထွန်းနေမှုများနှင့် ကရင်ပြည်နယ်အစိုးရအဖွဲ့နှင့် ဂျပန်နိုင်ငံ မဲခေါင်ဖွံ့ဖြိုးရေး JMSAEDC တို့ MoU လက်မှတ်ရေးထိုး၍ တောင်သူအသိပညာပေးစင်တာ တည်ဆောက်ပြီးစီးမှုကို ကြည့်ရှုသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဇာသပြင်ကျေးရွာအုပ်စု ရေကြီးနစ်မြုပ် မိုးစပါး ပျက်စီးလယ်မြေများ ပြန်လည်ဖာထေးစိုက်ပျိုးခြင်းနှင့် စုပေါင်းပျိုးထောင်ပွဲသို့ တက်ရောက်ပြီး တောင်သူကြီးများနှင့် တွေ့ဆုံကာ လိုအပ်သည့် အခက်အခဲများကို မေးမြန်း၍ ရေကြီးနစ်မြုပ်စပါးခင်းများ အချိန်မီစိုက်ပျိုးနိုင်ရန် ခေတ်မီပျိုးထောင်နည်းစနစ် Dapog နည်းစနစ်ဖြင့် (ဖျာလိပ်ပျိုးခင်း) လက်တွေ့ပျိုးထောင်နေမှုများကို ကြည့်ရှုသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ကော့ကရိတ်မြို့နယ် ငါးတိုင်ကျေးရွာ ကွင်းအမှတ် ၈၈ တောင်သူဦးအခုံး၏ ဆင်းသုခ RS.CS မျိုးစေ့ထုတ်စံပြစိုက်ခင်း ငါးဧကတွင် ပိုးမွှားကင်းထောက်ခြင်း ကွင်းလက်တွေ့ ပြသပွဲနှင့် မှတ်တမ်းရယူနေမှုတို့ကို ကြည့်ရှုပြီး စိုက်ပျိုးရေးဦးစီးဌာနမှ ပညာရှင်များ၏ တွေ့ရှိလမ်းညွှန်မှုများကို တိတိကျကျ လိုက်နာဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။
စောမျိုးမင်းသိန်း(ပြန်/ဆက်)

ရပ်ရွာအခြေပြု မူးယစ်ဆေးဖြတ်ကုသရေးနှင့် ပြန်လည်ထူထောင်ရေးသင်တန်း ဟုမ္မလင်းမြို့၌ ဖွင့်လှစ်

ဟုမ္မလင်း စက်တင်ဘာ ၂
မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး(ဗဟို) ပြန်လည်ထူထောင်ရေးအဖွဲ့က ကြီးမှူးပြီး စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ရပ်ရွာအခြေပြု မူးယစ်ဆေးဖြတ်ကုသရေးနှင့် ပြန်လည်ထူထောင်ရေးသင်တန်းကို စက်တင်ဘာ ၁ရက် နံနက် ၁၀ နာရီက ဟုမ္မလင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပသည်။

တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာဇော်ဝင်းက “ဒေသခံပြည်သူလူထုအတွက် ငြိမ်းချမ်းတဲ့ရပ်ရွာပတ်ဝန်းကျင်ကောင်းအဖြစ် ပြုပြင်ဖန်တီးပေးနိုင်ဖို့နှင့် နိုင်ငံတော်ရဲ့ လူသားစွမ်းအင်များ မဆုံးရှုံးစေဖို့တို့အတွက် အဓိကအလေးအနက်ထားပါတယ်” ဟု ပြောကြားပြီး ပြန်လည်ထူထောင်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးဝင်းနိုင်ထွန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးညွန့်တို့က သင်တန်းဖွင့်လှစ်ပေးရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ခန္တီးခရိုင် လူမှုရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ခင်ဌေးက “ယခင်နှစ်က တိုင်းဒေသကြီးအတွင်းရှိ ဗန်းမောက်နှင့် ရွှေဘိုမြို့နယ်တွေမှာ ဖွင့်လှစ်သင်ကြားပေးခဲ့ပြီး ဟုမ္မလင်းမြို့မှာ ယခုသင်တန်းကို တတိယအကြိမ်အဖြစ် ဖွင့်လှစ်ပေးခြင်းဖြစ်ပါတယ်။ ကလေးမြို့နဲ့ တမူးမြို့နယ်တွေမှာ ထပ်မံ၍ စေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်သင်တန်းကို ဖွင့်လှစ်ပေးသွားမှာဖြစ်ပါတယ်” ဟု ပြောကြားသည်။

အဆိုပါ သင်တန်းသို့ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာဇော်ဝင်း၊ ပြန်လည်ထူထောင်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးဝင်းနိုင်ထွန်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးညွန့်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စေတနာ့ဝန်ထမ်းများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ရပ်မိရပ်ဖများ၊ မူးယစ်ဆေးဖြတ်သည့် သင်တန်းသား ၃၇ ဦး စုစုပေါင်းအင်အား ၁၀၀ ကျော် တက်ရောက်ခဲ့ကြသည်။
ထွန်းကိုကို(ယင်းမာပင်)

ပြည်သူ့ရေးရာစီမံခန့်ခွဲမှုမဟာဘွဲ့ (MPA) သင်တန်းဖွင့်

မန္တလေး စက်တင်ဘာ ၂
မန္တလေးတက္ကသိုလ်နှင့် မိတ္ထီလာစီးပွားရေးတက္ကသိုလ်တို့ ပူးပေါင်း၍ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုမဟာဘွဲ့ (MPA) သင်တန်းအမှတ်စဉ် (၄) ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၁ ရက် နံနက် ၉ နာရီက မန္တလေးတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်ဒေါက်တာဇော်မြင့်မောင် တက်ရောက်အဖွင့်အမှာစကားပြောကြားပြီး မန္တလေးတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာသီတာဝင်းနှင့် မိတ္ထီလာစီးပွားရေးတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာတင်ဝင်းတို့က ပြည်သူ့ရေးရာစီမံခန့်ခွဲမှုမဟာဘွဲ့သင်တန်းများ ဖွင့်လှစ်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ပြည်သူ့ရေးရာစီမံခန့်ခွဲမှုမဟာဘွဲ့သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၆၅ ဦး တက်ရောက်လျက်ရှိပြီး သင်တန်းကာလမှာ နှစ်နှစ်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။
မောင်ပြည်သူ(မန္တလေး)

မော့စလင်းရေတံခွန်သို့စိတ်ဝင်တစားသွားရောက်လည်ပတ်သူများပြား

မြို့သစ် စက်တင်ဘာ ၂

စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင် မြို့သစ်မြို့ သနန်ကျေးရွာအနီး ဆားချောင်းပေါ်တွင် သဘာဝ ကျောက်ဆိုင်ကျောက်တုံးများပေါ်မှ တောင်ကျ ချောင်းရေ စီးဆင်းနေသည့် မော့စလင်း ရေတံခွန်သို့ စိတ်ဝင်စားသူများက သွားရောက် လည်ပတ်ပြီး ရေဆော့ကစားလျက်ရှိကြောင်း သိရ သည်။

ယင်းရေတံခွန်သည် မိုးရာသီနှင့် ဆောင်းရာသီ တို့တွင် တောင်ကျချောင်းရေဖြင့် ရေတံခွန်ဖြစ်ပေါ် နေခြင်းဖြစ်ပြီး နွေရာသီရောက်မှသာ ရေအနည်း ငယ်လျော့နည်းသွားကြောင်း သိရသည်။

အဆိုပါရေတံခွန်သည် မြို့သစ်မြို့ သနန်ကျေးရွာ သနန်ဆည်၏ အထက်ဘက် ငါးဖာလုံခန့်အကွာ ဆားချောင်းပေါ်တွင်တည်ရှိပြီး ယင်းရေတံခွန်၏ အထက်ဘက် သုံးဖာလုံခန့်အကွာတွင် စဉ့်အိုးကဲ့သို့ သော အိုးပုံသဏ္ဌာန်ရှိသည့် ရေကျသည့်နေရာရှိ ကြောင်း၊ ယင်းကိုအစွဲပြု၍ (မော့-အိုး၊ စလင်း- အဝကျဉ်း-အောက်သို့ကိုယ်ထည်ကြီးသောအိုး) မော့စလင်းရေတံခွန်ဟု ခေါ်ကြခြင်းဖြစ်ကြောင်း သနန်ကျေးရွာနေဒေသခံတစ်ဦးဖြစ်သူ ကိုအေး ဖေက ပြောသည်။

"မော့စလင်းရေတံခွန်ကိုသွားရတာ နည်းနည်းပဲ ပင်ပန်းပါတယ်၊ ဒါပေမယ့် ရေတံခွန်ကိုရောက်ပြီ ဆိုရင်တော့ ပင်ပန်းတာတွေအားလုံးပြေပျောက် သွားပါတယ်" ဟု အဆိုပါရေတံခွန်သို့ သွားရောက် ခဲ့သူတစ်ဦးက ပြောသည်။

"သနန်-တုံဟဲလမ်းမှာရှိတဲ့ ကျောက်စက်ရေ တံခွန်နဲ့ ဝေလုံပတ်လမ်းမှာလည်း ရှုမျှော်ခင်းတွေ ကြည့်ရှုအပန်းဖြေနိုင်ဖို့ သင့်တော်တဲ့နေရာမှာ စားသောက်ဆိုင်တွေ ဖွင့်ထားမယ်ဆိုရင် သဘာဝ ပတ်ဝန်းကျင် သစ်ပင်မျိုးစိတ်တွေ လေ့လာနိုင်မယ်၊ သဘာဝစိမ့်စမ်းရေချိုးရင်း ကျေးငှက်သာရကာ အသံနားဆင်ပြီး စိတ်အပန်းဖြေနိုင်မယ်" ဟု ပြည်သူတစ်ဦးက သုံးသပ်ပြောဆိုသည်။

"ဒီရေတံခွန်ကိုသွားမယ်ဆိုရင် မိုးများတဲ့နေ့ဆို ချောင်းရေကြီးတဲ့အတွက် ရာသီဥတုကောင်းမှ သွားလာစေလိုပါတယ်၊ တောင်ကျရေများရင် အန္တရာယ်ရှိပါတယ်၊ အရင်လမ်းဟောင်းလည်းရှိ တဲ့အတွက် လမ်းဖောက်မယ်ဆိုရင် အဆင်ပြေပါ တယ်"ဟု သနန်ကျေးရွာနေ ဒေသခံကိုအေးဖေ က ပြောသည်။

ထွန်းမင်းအောင်(ကဘော်မြေ)

ကလေးမြို့မှ ရိဒ်ခေါဒါရ်သို့ ခရီးသည်ဝင်ရောက်မှုနည်းသော်လည်း လိုင်းကားများ ပုံမှန်ပြေးဆွဲပေး

ကလေး စက်တင်ဘာ ၂

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့မှ ချင်းပြည်နယ် အမှတ်(၂) အိန္ဒိယ-မြန်မာ နယ်စပ်ကုန်သွယ်ရေးစခန်း ရိဒ်ခေါဒါရ်မြို့သို့ ပြေးဆွဲနေသည့် ကားကွင်းမှ ကားများအနေဖြင့် မိုးရာသီကာလတွင် ခရီးသည်ဝင်ရောက်မှု နည်းသော်လည်း ခရီးသွားပြည်သူတို့ အဆင်ပြေစေရေးအတွက် ပုံမှန်ပြေးဆွဲပေးလျက်ရှိသည်။

"မိုးရာသီကာလဆိုတော့ ခရီးသည်ကလည်း အဝင်နည်းပါတယ်၊ တစ်နေ့ကို ကားဂိတ်တစ်ခုက ကားထွက်မယ်ဆို ကားတစ်စီး ဆယ်ယောက် ဆယ့်နှစ် ယောက်ဆံ့ပေမယ့် ခရီးသည်က သုံးလေးယောက်ပဲ ဝင်ပါတယ်၊ ဒါကြောင့် အိန္ဒိယ မီဇိုရန်ဘက်ကို ပို့မယ့်ကုန်တွေကိုပဲ အဓိကအားကိုးပြီး ကားပြေးဆွဲနေ ရတာပါ၊ ကားခအနေနဲ့ကတော့ လူတစ်ယောက်ကို ရိဒ်အထိ ကျပ် ၁၃၀၀၀ ယူပါတယ်၊ ကလေး-ရိဒ်ကားကွင်းမှာ ပြေးဆွဲနေတဲ့ ကားဂိတ်ပေါင်း ၁၃ ခုရှိပြီး ကလေးမှရိဒ်သို့ နေ့စဉ် နံနက် ၈ နာရီမှာစထွက်ပါတယ်၊ ရိဒ်ကနေ ဆိုရင်တော့ ကလေးမြို့ကို ၁၀ နာရီမှာစထွက်ခွာပါတယ်၊ ရောက်တဲ့အချိန် တွေကတော့ ရာသီဥတုအခြေအနေနဲ့ လမ်းအခြေအနေပေါ် မူတည်ပါတယ်၊ ခရီးသည်အဝင်အနေနဲ့က နိုဝင်ဘာ၊ ဒီဇင်ဘာလတွေဆိုရင်တော့ အဝင်များပါ တယ်" ဟု ပြည့်အားမာန်ဂိတ်မှူး ဦးစောက ပြောပြသည်။

ကလေး -ရိဒ် ပြေးဆွဲနေသော ကားများသည် စားသောက်ကုန်များကိုသာ အဓိကတင်ပို့ကြပြီး တရုတ်ပြည်မှလာသော ပစ္စည်းများ၊ မုန့်ပဲသရေစာများကို တင်ပို့ရကြရသည်။ အိန္ဒိယဘက်သို့တင်ပို့မည့် ကုန်ပစ္စည်းများကို ရိဒ်တွင် အခြေစိုက်လာယူကြပြီး အခွန်စနစ်ကို နယ်စပ်ကုန်သွယ်ရေးဂိတ်မှ စီစဉ် ဆောင်ရွက်ပေးသည်။ ကလေး-ရိဒ်လမ်းသည် ပွင့်လင်းရာသီတွင် လမ်းအခြေ အနေက ကောင်းမွန်သော်လည်း မိုးရာသီကာလများတွင် ကလေးမှ တီးတိန် အထိသာ လမ်းကောင်းမွန်ကြောင်းသိရပြီး တီးတိန်နှင့် ရိဒ်လမ်းပိုင်းသည် လမ်းဆိုးနေသေးကြောင်း သိရသည်။

သျှင်နေမင်း

ကလေးစာပေပွဲတော် (အင်းစိန်) စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

အင်းစိန် စက်တင်ဘာ ၂

အင်းစိန်မြို့နယ် ကလေးစာပေပွဲတော် အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အင်းစိန် လူထုအခြေပြုဇဟိုဌာနခန်းမ၌ ဩဂုတ် ၃၁ ရက် မွန်းလွဲပိုင်းက ကျင်းပသည်။

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ကလေး စာပေပွဲတော် အောင်မြင်စွာကျင်းပရေးဆပ်ကော်မတီ အဖွဲ့ဝင်များ၊ ရန်ကုန်မြောက်ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေး အေးခိုင်၊ ဌာနဆိုင်ရာများနှင့် အလှူရှင်များ တက်ရောက် ခဲ့ကြသည်။

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် ကလေး စာပေပွဲတော်ကို စက်တင်ဘာ ၆ ရက်နှင့် ၇ ရက်တို့တွင် နံနက် ၉ နာရီမှ ညနေ ၅ နာရီထိ အမှတ်(၁) အခြေခံ ပညာအထက်တန်းကျောင်း၌ စည်ကားသိုက်မြိုက် စွာ ကျင်းပသွားမည်ဖြစ်သည်။

ကလေးစာပေပွဲတော်တွင် ပြိုင်ပွဲများ၊ ပြခန်းများ၊ စာရေးဆရာများ၏ အသိပညာပေး စာပေဟောပြော ပွဲများ ပါဝင်မည်ဖြစ်ပြီး ပြိုင်ပွဲများအနေဖြင့် ပုံပြင်ပြော၊ ကျပန်းစကားပြော၊ ဆေးရောင်ခြယ်၊ ပန်းချီ၊ ကဗျာရွတ် ပြိုင်ပွဲများနှင့် အခြားစိတ်ဝင်စားဖွယ် ဂိမ်းကစားနည်း များ၊ ကလေးစာဖတ်ခန်းများ၊ စာအုပ်ပြခန်းများ၊ စာအုပ် စျေးရောင်းပွဲတော် ပြခန်းများ၊ ကလေးသူငယ်ဆိုင်ရာ ပြခန်းများ ခင်းကျင်းပြသခြင်းနှင့် စတုဒိသာများ ကျွေး မွေးခြင်း၊ ကလေးများအား လက်ဆောင်ပစ္စည်းများ ဝေငှခြင်းများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွား မည်ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

လယ်ယာသုံးစက်ကိရိယာများအား အခမဲ့ပြုပြင်ပေး

ရေတာရှည် စက်တင်ဘာ ၂

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်တွင် ဆွာချောင်းဆည်တမံ ပင်မရေပိုလွှဲကျိုးပေါက်မှုကြောင့် ရေကြီးရေလျှံမှုဖြစ်ပွားခဲ့ရာ ရေနစ်မြုပ်မှုတွင်ပါဝင်သွားခဲ့သည့် တောင်သူများ၏ လယ်ယာသုံး စက်ကိရိယာများအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အစီအစဉ်ဖြင့် စက်တင်ဘာ ၁ ရက်မှ ရေနစ်မြုပ်မှုတွင်ပါဝင်သွားခဲ့သော ကျေးရွာများ၌ စတင်ကာ ကွင်းဆင်းဆောင်ရွက်ပေး လျက်ရှိကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ပျဉ်းမနားမြို့ စက်မှုလယ်ယာဦးစီးဌာန အမှတ်(၁)အလတ်စားစက်ပြင် အလုပ်ရုံ၊ ရန်ကုန်မြို့ အမှတ်(၁)ပင်မစက်ပြင်အလုပ်ရုံ၊ မကွေးမြို့ အမှတ်(၃) အလတ်စားစက်ပြင် အလုပ်ရုံနှင့် ရေတာရှည်မြို့ စက်မှုလယ်ယာဦးစီးဌာနတို့မှ ပူးပေါင်း၍ ကျေးရွာများအရောက် ကွင်းဆင်းကာ ရေနစ်မြုပ်သွားသည့် ဒေသခံတောင်သူများနှင့်ဆက်သွယ်၍ စက်ပစ္စည်းစာရင်း များကောက်ယူခြင်း၊ ပြုပြင်ပေးခြင်းတို့ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **ကိုလွင် (ဆွာ)**

(၅၄)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆို ဂုဏ်ပြုသောအားဖြင့် အမှတ်(၂)လုံခြုံရေး ရဲကွပ်ကဲမှုအဖွဲ့မှူးရုံးနှင့် လုံခြုံရေးရဲတပ်ဖွဲ့ခွဲများ စုပေါင်းသွေးလှူဒါန်းပွဲကို ဩဂုတ် ၃၁ ရက်က ရန်ကုန်မြို့ ပြည်သူ့ဆေးရုံကြီး၌ ကျင်းပရာ အမှတ်(၇)လုံခြုံရေး ရဲတပ်ဖွဲ့ခွဲမှ ခေတ္တ တပ်ဖွဲ့ခွဲမှူး ရဲမှူး သျှင်မင်းသူရ ဦးစီး၍ တပ်ဖွဲ့ဝင်များ သွေးလှူဒါန်းစဉ်။

နိုးတူး(ကျောက်တန်း)

တိုတိုထွာထွာဖတ်စရာ

ငမြှောင်တောင်ပိုးဖျက်ဆီးမှုကြောင့် ပြောင်းခင်း ၃၁ ဧကပျက်စီး

ဆီဆိုင်

ရှမ်းပြည်နယ်(တောင်ပိုင်း) ဆီဆိုင်မြို့နယ်တွင် ငမြှောင်တောင်ပိုးများ ဝင်ရောက် ဖျက်ဆီးမှုကြောင့် ဆီဆိုင်မြို့နယ်အတွင်းတွင် ပြောင်းစိုက်ခင်း ၃၁ ဧက ပျက်စီး ဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးကျော်ကြွင်ထံမှ သိရသည်။

ဆီဆိုင်မြို့နယ်အတွင်း ငမြှောင်တောင်ပိုးကျရောက်မှုကို ကာကွယ်နှိမ်နင်း ရန်အတွက် ဆေးဖျန်းပုံးငါးပုံး၊ ကွန်ပေါင်းမြေဩဇာ ၁၀ အိတ်၊ ပိုးသတ်ဆေး ၂၀ လီတာနှင့် နေကြာမျိုးစေ့နှစ်အိတ်တို့ကို AWBA Co.,Ltd. နှင့် စိုက်ပျိုးရေးဦးစီး ဌာနတို့က ပံ့ပိုးပေးအပ်ခဲ့ကြောင်း သိရသည်။

ခွန်ရဲထွေး

ပင်လယ်ကမ်းစပ်ကျေးရွာသို့ကွင်းဆင်းပညာပေး

အမာ

ဧရာဝတီတိုင်းဒေသကြီး အမာမြို့ ဘဝသစ်ကျေးရွာအုပ်စု ဂေါ်ဒူကျေးရွာ၌ စက်တင်ဘာ ၁ ရက် မွန်းတည့် ၁၂ နာရီတွင် ဖျာပုံခရိုင် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီသီချို၊ ဖျာပုံမြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး၊ ဘဝသစ်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက သဘာဝဘေးပညာပေးလုပ်ငန်းများ လုပ်ဆောင်ခဲ့ကြကြောင်း သိရသည်။

ဂေါ်ဒူကျေးရွာသည် ပင်လယ်ကမ်းစပ်တွင် ရွာတည်ထား၍ အိမ်ထောင်စု အိမ်ခြေ ၂၀၀ ကျော်၊ လူဦးရေ ၃၀၀၀ ကျော်ရှိပြီး သဘာဝဘေးဖြစ်လာပါက အရင်ဆုံး ထိတွေ့ခံစားရသည့်ရွာဖြစ်ခြင်း၊ ပျက်စီးဆုံးရှုံးမှုများခြင်းတို့ကြောင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာများ ကြွယ်ဝနေရန်အထူးလိုအပ် ကြောင်း ဒေါ်သီသီချိုက ပြောသည်။

အမာမြို့(ပြန်/ဆက်)

ရင်ခွင်မဲ့ကလေးများလျှော့ချရေးနှင့်ကာကွယ်ရေးအသင်းဖွဲ့စည်း

ကံမ

ရင်ခွင်မဲ့ကလေးငယ်များ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်း ဖွဲ့စည်းနိုင်ရေးအတွက် အမှုဆောင်ရွေးချယ်ပွဲကို စက်တင်ဘာ ၁ ရက်က မကွေးတိုင်းဒေသကြီး ကံမမြို့ မြို့နယ်ခန်းမတွင် ကျင်းပရာ မြို့နယ်အတွင်း ပရဟိတအသင်းများမှ လူငယ်မောင်မယ်များ၊ စိတ်ပါဝင်စားသူများ တက်ရောက် ခဲ့ကြသည်။

အဆိုပါရွေးချယ်ပွဲသို့ တိုင်းဒေသကြီး ရင်ခွင်မဲ့ကလေးငယ်များလျှော့ချ ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်းမှ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ က အသင်း၏ရည်ရွယ်ချက်နှင့်လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားခဲ့ကြ သည်။

မြို့နယ် (ပြန်/ဆက်)

မြို့နယ် အား/ကာဖလား U-21 လူငယ်အမျိုးသားဘောလုံးပြိုင်ပွဲဖွင့်

မော်လူး

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးမြို့ ပြည်သူ့အားကစားကွင်း တွင် စက်တင်ဘာ ၁ ရက် ညနေ ၃ နာရီက အားကစားနှင့် ကာယပညာကော်မတီ ဖလား U- 21အမျိုးသားဘောလုံးပြိုင်ပွဲဖွင့်ပွဲ ပြုလုပ်ခဲ့ပြီး မော်လူးဒေသအသီးသီး မှ အသင်း ၁၃ သင်း ယှဉ်ပြိုင်ကစားကြသည်။

နီတိုး(မိုးညှင်း)

မှုခင်းရေးရာအဖြာဖြာ

နေပြည်တော်တွင် လိုင်စင်မဲ့ယာဉ် ဖမ်းဆီးရမိ

နေပြည်တော်

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရသီရိမြို့နယ် ပိန္နဲပေါက်စစ်ဆေးရေး ဂိတ်တွင် တာဝန်ရှိသူများက ယာဉ်စစ်ဆေးဆောင်ရွက်စဉ် ဩဂုတ် ၃၁ ရက် ည ၁၀ နာရီ ၁၅ မိနစ်က တောင်ညိုဘက်မှ ပျဉ်းမနားဘက်သို့ မောင်းနှင်လာသည့် ယာဉ် အမှတ် 4D/××× HONDA Fit ခဲရောင်ယာဉ်အားစစ်ဆေးရာ စစ်ဆေးမခံဘဲ ထွက်ပြေးမောင်းနှင်သွားသဖြင့် လိုက်လံဖမ်းဆီးခဲ့ရာ ကျွဲရှင်းကျေးရွာအနီး ပျဉ်းမနား-တောင်ညိုကားလမ်းမပေါ်တွင် ဖမ်းဆီးရမိခဲ့သည်။

ယာဉ်မောင်းနှင်သူ ထွန်းထွန်းနိုင် ကျောင်းစုကျေးရွာ ဥတ္တရသီရိမြို့နယ်နေသူ အား စစ်ဆေးမေးမြန်းရာ လိုင်စင်မဲ့ယာဉ်ဖြစ်ကြောင်း သိရသဖြင့် စစ်ဆေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မင်းမင်းလတ် (ရှုပဗေဒ)

ကျွန်းသစ်စားပွဲဝိုင်း ပုံကြမ်းပစ္စည်းများ သိမ်းဆည်းရမိ

ကျောက်ထု

မကွေးတိုင်းဒေသကြီး ကျောက်ထုမြို့ သရက်ချဉ်ကျေးရွာ ဂန့်ဂေါ- ကျောက်ထု - ပေါက်ကားလမ်း မိုင်တိုင်အမှတ် (၇၅/၆) အနီးတွင် ဩဂုတ် ၃၁ ရက် နံနက် ၉ နာရီတွင် တရားမဝင်သယ်ဆောင်လာသည့် ကျွန်းသစ်စားပွဲဝိုင်း ပုံကြမ်း ပစ္စည်းများကို သိမ်းဆည်းရမိသည်။

ကျောက်ထုမြို့နယ်မြေရဲစခန်းမှ ဒုရဲအုပ်တင်အောင်ယု၊ သစ်တောဦးစီးဌာန တောအုပ်ဝင်းထွဋ်တို့ပါဝင်သည့် ပူးပေါင်းအဖွဲ့သည် သတင်းအရ စောင့်ဆိုင်း စစ်ဆေးရာ ယာဉ်မောင်းဇော်ထွန်းမင်း မောင်းနှင်လာသည့် ယာဉ်အမှတ် ၄ဃ/ ×××× ခြောက်ဘီးယာဉ်ပေါ်၌ ကျွန်းသစ်စားပွဲဝိုင်း ပုံကြမ်းအချင်းသုံးပေခန့်ရှိ စားပွဲဝိုင်း ၇၂ လုံးနှင့် လေးထောင့်စားပွဲတစ်လုံးတို့ကို သိမ်းဆည်းခဲ့ပြီး အရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။

၄၆၅

သထုံမြို့မဈေးအဆင့်မြှင့်တင်ရေး ဈေးသူဈေးသားများနှင့် လွှတ်တော်ကိုယ်စားလှယ်များတွေ့ဆုံ

သထုံ စက်တင်ဘာ ၂

သထုံမြို့မဈေး အဆင့်မြှင့်တင်ခြင်းနှင့်ပတ်သက်ပြီး မွန်ပြည်နယ် အစိုးရအဖွဲ့က နိုင်ငံပိုင်သတင်းစာများမှ အဆိုပြုလွှာများခေါ်ယူသည့် ကြေညာချက်ပါ အချက်အလက်များကြောင့် ကန့်ကွက်နေသော ဈေးသူ ဈေးသားများနှင့် လွှတ်တော်ကိုယ်စားလှယ်များတွေ့ဆုံပွဲကို သထုံမြို့ ဗူးဘုရားစေတီဓမ္မာရုံ၌ စက်တင်ဘာ ၂ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။

ရှေးဦးစွာ မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီးဦးတင်ကိုကိုက "ယခု ဖိတ်ခေါ်ထားတဲ့ အစိုးရအဖွဲ့တက်လာပြီး ကာလအတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းများတွင် ဈေးများမြှင့်တင်ရေးလုပ်ငန်းများပါဝင်ပါတယ်။ ဘတ်ဂျက်နဲ့ဆိုရင် အဆင်မပြေနိုင်လို့ လုပ်ကိုင်လိုတဲ့ လုပ်ငန်းရှင်တွေကို ဖိတ်ခေါ်တာပါ။ အခုခေါ်တာကလည်း စိတ်ဝင်စားသူတွေကို အဆိုပြုခိုင်းတာပါ။ အစီအစဉ်တွေအားလုံး တင်ပြပြီးတော့မှ ပြည်နယ်အစိုးရက ဆုံးဖြတ်ချက်ချရမှာဖြစ်ပါတယ်"ဟု ပြောသည်။

ဆက်လက်ပြီး ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်မာမာခိုင်က သထုံမြို့မဈေးသူ ဈေးသားများက ကန့်ကွက်လွှာတွင် လက်မှတ်ရေးထိုးကြခြင်းနှင့်ပတ်သက်၍ အများဆန္ဒကို မေးမြန်းရာ ဈေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးအောင်ကျော်မြင့်က အများဆန္ဒ၏ သဘောထားဖြစ်ပြီး နယ်မြေဒေသအခြေအနေအရ အဆင့်မြှင့်ဈေး တည်ဆောက်ရန် မလိုအပ်သေးဘဲ လက်ရှိဈေးအခြေအနေသည် ဈေးတွင်းမှာ အရောင်းအဝယ်မရှိဘဲ အပြင်ဘက်တွင်သာ အရောင်းအဝယ်ဖြစ်နေကြသည်ကိုတွေ့ရှိရကြောင်း၊ ဈေးမြှင့်တင်ခြင်းကြောင့် အရောင်းအဝယ်များ ရပ်တန့်သွားမည်ဖြစ်၍ ကန့်ကွက်ရခြင်းဖြစ်ကြောင်း ရှင်းပြသည်။

ယင်းနောက် လွှတ်တော်ကိုယ်စားလှယ်အသီးသီးက လိုအပ်ချက်များဖြည့်စွက်ဆွေးနွေးပြီး အသေးစိတ်ကို ပြည်နယ်အစိုးရအဖွဲ့သို့ တင်ပြသွားမည်ဖြစ်ကြောင်းနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခိုင်ခိုင်လဲ့ကလည်း လာမည့် ပြည်နယ်လွှတ်တော်အစည်းအဝေးတွင်လည်း ကြယ်ပွင့်ပြမေးခွန်းဖြင့် မေးမြန်းတင်ပြသွားမည်ဖြစ်ကြောင်း တက်ရောက်လာသူများအား ရှင်းလင်းပြောကြားသည်။

လှိုင်ထွန်းအောင်

ကမ်းပါးနှင့် မြစ်ချောင်းထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများဆောင်ရွက်ရန် တိုက်ရိုက်ကာကွယ်နည်းစနစ်နှင့် သွယ်ဝိုက်ကာကွယ်နည်းစနစ် အသုံးပြုဆောင်ရွက်

ရန်ကုန် စက်တင်ဘာ ၂

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ သဘာဝဘေးအန္တရာယ်ကြောင့် ဖြစ်ပေါ်နေသော ကမ်းပါးပြိုမှု ထိန်းသိမ်းပြုပြင်ခြင်းနှင့် မြစ်ချောင်းထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် တိုက်ရိုက်ကာကွယ်နည်းစနစ်နှင့် သွယ်ဝိုက်ကာကွယ်နည်းစနစ်ကို အသုံးပြုကာ ပြုပြင်ဆောင်ရွက်လျက်ရှိကြောင်း တိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

ရန်ကုန်တိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးအောင်ကျော်မှူးက "ကမ်းပြိုမှုထိန်းသိမ်းဆောင်ရွက်တဲ့အခါမှာ တိုက်ရိုက်ကာကွယ်နည်းစနစ်ကတော့ မြို့ပြအင်္ဂါရပ်နဲ့ ညီညွတ်ပြီး သွယ်ဝိုက်ကာကွယ်နည်းစနစ်ကတော့ အမြင်အရ မတင့်တယ်ပေမယ့် လုပ်ငန်းအနှစ်သာရအပိုင်းကျတော့ လုပ်ကိုင်ရာမှာ အဆင်ပြေလွယ်ကူပါတယ်"ဟု ရှင်းပြသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း မြစ်ကြီးနှင့် ချောင်းအကြီးစားပမာဏရှိမှုမှာ မိုင်ပေါင်း ၄၀၀ ကျော်ရှိပြီး ချောင်းအသေးအပါအဝင် မိုင်ထောင်ချီရှိကြောင်း၊ ရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းမှာ နိုင်ငံတော်အတွက် အဓိကအခန်းကဏ္ဍတွင်ပါဝင်ပြီး ကုန်စည်စီးဆင်းမှု ပိုမိုမြန်ဆန်စေရန်၊ ရေလမ်းကြောင်းကောင်းမွန်စေရန်နှင့် ကမ်းပြို၊ ကမ်းစားကို ပြုပြင်ကာကွယ်ထိန်းသိမ်းနိုင်ရန်အတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဘတ်ဂျက်အရ ငွေကျပ်စုစုပေါင်း ၄၇ ဘီလီယံကို အသုံးပြုခဲ့ပြီး မဖြစ်မနေလုပ်ဆောင်ရမည့်အရာများကို ပထမဦးစားပေးအဆင့်အနေဖြင့်ဆောင်ရွက်ခဲ့ကာ ပိုမိုဆိုးရွားလာနိုင်သည့်နေရာများကို ထိန်းကျောင်းသည့်အနေဖြင့် ကြိုတင်ကာကွယ်မှုများပြုလုပ်ရန် ဆောင်ရွက်ခဲ့ကြောင်း တိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

ပွင့်သစ္စာ

မြိတ်မြို့တွင် ရပ်ကွက်ချင်းဆက်တံတားနှစ်စင်း ပြန်လည်ပြုပြင်တည်ဆောက်နေ

မြိတ် စက်တင်ဘာ ၂

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့တွင် ကြံ့ခိုင်မှုအားနည်းနေသော တံတားနှစ်စင်းကို ဒေသခံပြည်သူများ နေ့စဉ်အန္တရာယ်ကင်းစွာဖြတ်သန်းသွားလာနိုင်စေရေး တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေဖြင့် တည်ဆောက်ပြုပြင်နေပြီဖြစ်ကြောင်း သိရသည်။

ဘုရားကိုင်ချောင်းကူးတံတားကို မူလတံတားအရှည်ပေ ၄၀၊ အကျယ် ၁၆ ပေအစား အရှည်ပေ ၄၀၊ အကျယ် ၃၂ ပေခန့်အထိ မော်တော်ယာဉ်နှစ်စီး အလွယ်တကူ ဖြတ်သန်းသွားလာနိုင်စေရေးအတွက် ချဲ့ထွင်တည်ဆောက်နေကြောင်း မြိတ်မြို့နယ် လမ်းဦးစီးဌာနမှ တာဝန်ခံအင်ဂျင်နီယာ ဦးသိန်းအောင် (ဦးစီးအရာရှိ-မြို့ပြ) ၏ ပြောကြားချက်အရ သိရသည်။

ဘုရားကိုင်ချောင်းကူးတံတား (မြို့သစ်တံတား)ကို မူလတံတား အရှည်ပေ ၉၀၊ အကျယ်ပေ ၂၀ အစား အရှည်ပေ ၉၀၊ အကျယ်ပေ ၄၀ အဖြစ် တိုးချဲ့တည်ဆောက်လျက်ရှိသည်။

အဆိုပါတံတားနှစ်စင်းမှာ မြိတ်မြို့နေ ဒေသခံများ နေ့စဉ်ဖြတ်သန်းသွားလာနေရသော တံတားများဖြစ်သောကြောင့် တံတားပြီးစီးသွားပါက ဒေသခံများအတွက် များစွာအကျိုးရှိမည်ဖြစ်ကြောင်း သိရသည်။

ဇော်မိုးနိုင်(ပြန်/ဆက်)

ရွေးကောက်ပွဲဆိုင်ရာစုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခွင့်ညွှန်ကြားချက်(၁/၂၀၁၄) ရှင်းလင်း

မန္တလေး စက်တင်ဘာ ၂

ပြည်ကြီးတံခွန်မြို့နယ် ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီ၏ ရွေးကောက်ပွဲဆိုင်ရာ စုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခွင့်ညွှန်ကြားချက် (၁/၂၀၁၄) ရှင်းလင်းပွဲကို ပြည်ကြီးတံခွန်မြို့နယ်ရှိ မန္တလေးခရိုင် လူထုအခြေပြုဗဟိုဌာန သင်တန်းခန်းမတွင် ဩဂုတ် ၃၁ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကျော်သန်းက ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီ ဖွဲ့စည်းပြီးစီးမှုအခြေအနေကို ရှင်းလင်းပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ဦးတင်မောင်ကြည်က နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများအတွက် ကျင့်ဝတ်ကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးမင်းစိုးနိုင်က ရွေးကောက်ပွဲဆိုင်ရာ စုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခွင့် ညွှန်ကြားချက် (၁/၂၀၁၄) ကို ရှင်းလင်းပြောကြားသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

တနင်္သာရီတိုင်းဒေသကြီးစည်ပင်သာယာရေးနယ်မြေအတွင်းရှိမြို့နယ်အသီးသီးသို့ပေးအပ်ရန် ကိုရီးယားနိုင်ငံလုပ် မြေတူးစက်ရှစ်စီးနှင့် မြေသယ်ယာဉ် ၁၀ စီး ထားဝယ်မြို့သို့ရောက်ရှိလာရာ ထားဝယ်မြို့သဘော်ဆိပ်ရပ် ဆိပ်ကမ်းသာပန်းခြံတွင် ရပ်နားထားသည်ကို ဩဂုတ် ၃၁ ရက်က တွေ့ရစဉ်။

ဖိုးရွှေသွန်း(ထားဝယ်)

တိုတိုထွာထွာဖတ်စရာ

နတ်မောက်၌ ရှေးဟောင်းစေတီတော် (၁၁) ဆူအား ထီးတော်တင်

နတ်မောက်

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ရွာမွန်ကျေးရွာရှိ ပြိုကျပျက်စီးနေသော ရှေးဟောင်းစေတီတော် ၁၁ ဆူအား ထီးတော်တင်ခြင်းနှင့် ဌာပနာတော်သွင်းခြင်းကို စက်တင်ဘာ ၁ ရက် နံနက် ၇ နာရီခွဲက ရွာမွန်ကျေးရွာဘုန်းတော်ကြီးကျောင်းအတွင်းရှိ ဓမ္မာရုံ၌ ကျင်းပသည်။

တပ်မှူးဗိုလ်မှူးကြီးနိုင်ဝင်းဇော်နှင့် ဇနီးဒေါ်ခင်မိမိခိုင်မိသားစုတို့က ဧည့်ပရိသတ်များအား ရွှေတိဂုံဘုရား ပန်းပေါင်းစုံရုပ်ပွားဆင်းတုတော် ၃၀၆ ဆူကို ကုသိုလ်ပြုခဲ့ကြောင်း သိရသည်။

လှဝင်း(နတ်မောက်)

စမ်းချောင်းမြို့နယ်တွင် လျှပ်စစ်အသိပညာပေးဟောပြော

ရန်ကုန်

ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမတွင် စက်တင်ဘာ ၁ ရက် မွန်းလွဲ ၂ နာရီက လျှပ်စစ်အသိပညာပေးဟောပြောပွဲကို ကျင်းပရာ မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးတင်အောင်မြင့်က လျှပ်စစ်အသိပညာပေးပွဲ ပြုလုပ်ရခြင်း၏ရည်ရွယ်ချက်ကို ပြောကြားပြီး မန္တလေးလျှပ်စစ်ကော်ပိုရေးရှင်းမှ ဒုတိယအထွေထွေမန်နေဂျာ ဦးစိန်ဝင်းမြင့်က လျှပ်စစ်အကျိုးပြုပုံနှင့် ဆိုးကျိုးများအကြောင်းကို ဟောပြောခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ခရမ်းမြို့အတွင်း LED မီးလုံးများ စတင်တပ်ဆင်

ရန်ကုန်

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ် ခရမ်းမြို့အတွင်း ၂၀၁၈-၂၀၁၉ Mini Budget ဖြင့် မြို့အတွင်း သာယာလှပစေရေးအတွက် အဓိကလမ်းများအတွင်း LED မီးလုံးများ စတင်တပ်ဆင်ခြင်းကို စက်တင်ဘာ ၁ ရက် နံနက် ၈ နာရီက ခရမ်းမြို့တွင် စတင်ခဲ့သည်။

"ခရမ်းမြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးလှတိုး၊ ဦးသိန်းဇော်လတ်တို့က အားပေးကြည့်ရှုစစ်ဆေးခဲ့ကြပြီး ခရမ်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကိုကိုနောင်နှင့် တာဝန်ခံအင်ဂျင်နီယာများက မြို့နယ်အတွင်း အဓိကကျသည့်လမ်းများတွင် LED မီးလုံးများကို စတင်တပ်ဆင်ပေးခဲ့ကြကြောင်း သိရသည်။

ကိုမင်း(ခရမ်း)

ဘောလုံးပြိုင်ပွဲဗိုလ်လုပွဲနှင့်ဆုပေးပွဲအခမ်းအနားကျင်းပ

ပေါင်းတည်

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့တွင် ရပ်ကွက်၊ ကျေးရွာအုပ်စုပေါင်းစုံ မိုးရာသီအကြို အမျိုးသားဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဩဂုတ် ၂၈ ရက် ညနေ ၄ နာရီက မြို့နယ်အားကစားဘောလုံးကွင်း၌ ကျင်းပသည်။

ပထမဆုရ မှတ်တိုင်ကျေးရွာအုပ်စု ဘောလုံးအသင်း၊ ဒုတိယဆုရ အုပ်ဖို (၁)၊ (၂) အသင်းနှင့် အကောင်းဆုံးအားကစားသမားဆုရရှိသူများအား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေလင်းနိုင်နှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

တင်ဝင်းဇော်(မင်းသားကြီး)

ကျောင်းသား ကျောင်းသူများအား အခွန်ဆိုင်ရာ အသိပညာပေး

မော်လမြိုင်

မွန်ပြည်နယ် မော်လမြိုင်မြို့နယ် အခွန်ဦးစီးဌာနမှ အမှတ်(၆) နှင့် အမှတ် (၉) အခြေခံပညာအထက်တန်းကျောင်းရှိ ကျောင်းသား ကျောင်းသူများအား ဩဂုတ် ၃၁ ရက်က အခွန်ဆိုင်ရာ အသိပညာပေးရှင်းလင်းခဲ့သည်။

ရှင်းလင်းပွဲတွင် မြို့နယ်အခွန်ဦးစီးမှူးက ဦးဆောင်ရှင်းလင်းခဲ့ပြီး အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၈၀၀ ကျော် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ကိုယ်ပွား(မလမ)

ဟင်္သာတတက္ကသိုလ် နှစ်(၄၀)ပြည့် ပတ္တမြားရတုကျင်းပမည်

ဟင်္သာတ

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတတက္ကသိုလ် နှစ် (၄၀) ပြည့် ပတ္တမြားရတုအခမ်းအနားကို ကျင်းပမည်ဖြစ်ရာ ဒေသကောလိပ်၊ ကောလိပ်၊ ဒီကရီကောလိပ်နှင့် တက္ကသိုလ်ကာလအထိ ပညာသင်ကြားခဲ့ကြသော ကျောင်းသား ကျောင်းသူများစုစည်း၍ အထိမ်းအမှတ်သုတေသနစာတမ်းဖတ်ခြင်း၊ ညစာစားပွဲနှင့် ပဒေသာကပွဲတို့ကို တက္ကသိုလ်ပရဝုဏ်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ရွှေဝင်း

မိုးနဲ၌ လျှပ်စစ်အန္တရာယ်ကင်းဝေးရေး ဟောပြော

မိုးနဲ

- Desirable to have Relevant Exp & Perferably within the finance Industry, Eng Fluently

Sales & Marketing Manager - Banking & Finance - 1,500,000Ks M(2)
- 7yr Experience In Sales & Marketing field, High level Business English Procifiency

Supply Chain Manager - USD 2000 M/F(1)
- 5yrs Experience On Supply Chain & Procurement, Fluent In English

Operation Manager - Logistics - Germany Co - 2,000,000Ks M/F(1)
- Any Grad, 5yrs Exp in Warehouse Operation Management, English Skills

BDD Manager - Logistics - Germany Co - 2,000,000Ks M/F(1)
- Degree In BA, Engineering, Eco, 5yrs Exp in Supply Chain, Logistics

Warehouse Manager - Korea Logistics Co - 2,000,000Ks M(1)
- Any Grad, 5yrs Exp On Logistics Field as Warehouse Manager, English 4 Skills,

Sr Procurement Executive - SG Co - FMCG - 1,500,000/-Ks M/F(1)
- 8yrs Exp On Relevant Field, (Prefer Exp In Food), Fluent In English

Warehouse Coordinator - Steel Factory - Garment - 1,000,000Ks M/F(2)
- Any Grad, 5yrs Exp in Manufacturing Field, Fluent In English Writing & Speaking

E-mail ဖြင့် အလုပ်လျှောက်နိုင်သည် ။ CVကို MicroSoft Word File ဖြင့်ပို့ပါ။
များပြားသောအလုပ်အကိုင်အခွင့်အလမ်းများ ⟹ Like VAC Jobsearch
No.118, 6th Floor, 23rd St, Latha Tsp, Yangon. E-mail: cv@vacjobsearch.com
Ph: 01-395921, 01-395922, 09-73022727, 09-5102094

မြန်မာနိုင်ငံမီးသတ်ဦးစီးဌာန၏ အရည်အသွေးပြည့်မီကြောင်းထောက်ခံချက်ရရှိထားသည်

နေရာတိုင်းဆောင်ထား
Since 2001
အရောက်ပို့
တပ်ဆင်
ရှင်းပြ
Rain Flower
5 Year Warranty

ကြည့်မြင်တိုင်
ဖုန်း - ၀၉-၇၃၁၀၀၈၉၀
- ၀၉-၇၃၁၀၀၈၉၁
- ၀၉-၄၅၁၇၃၀၀၀၅
- ၀၉-၄၅၁၇၃၀၀၀၆
မြောက်ဥက္ကလာပ
ဖုန်း - ၀၉-၇၃၁၅၄၆၇၀
- ၀၉-၄၅၁၇၃၀၀၀၈
ပင်လုံလမ်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)
ဖုန်း - ၀၉-၄၅၁၇၃၀၀၀၂
- ၀၉-၇၈၃၉၇၈၈၈၃
၉-မိုင်၊ ပြည်လမ်း
ဖုန်း - ၀၉-၄၃၀၄၉၃၅၆
ပေါက်တောဝ၊ အင်းစိန်
ဖုန်း - ၀၉-၇၃၀၂၆၀၅၇
- ၀၉-၃၁၄၇၁၆၅၄
နေပြည်တော်
ဖုန်း - ၀၉-၄၉၂၀၈၈၈၀
- ၀၉-၃၁၁၃၆၂၆၁
မန္တလေး
ဖုန်း - ၀၉-၄၂၁၀၈၈၄၂၂
- ၀၉-၄၂၆၅၀၀၄၁၃

"ဝ" တဲ့သူတွေ စိတ်ညစ်နေရတဲ့ တင်းကျပ်တဲ့ အင်္ကျီတွေလျော့အောင် ကိုယ်ပေါ်က အဆီပိုတွေကို အမြန်ဆုံးထိရောက်ပြီး ဘေးအကင်းဆုံး ဖယ်ရှားပေးနိုင်တာ...
7-Days
Pepper
Ginger

FDA မှ ထောက်ခံချက်အမှတ် - 1309 PC 0021
Apple Production Co., Ltd. - 09 4293 16408, 09 4286 18081

တနင်္သာရီတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တနင်္သာရီတိုင်းဒေသကြီး၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်ရန်ပုံငွေဖြင့် ဆောင်ရွက်မည့်ကျေးလက်လမ်း၊ တံတားလုပ်ငန်းများအား ဆောက်လုပ်ရန် တိုင်းရင်းသားလုပ်ငန်းရှင်/ကုမ္ပဏီများအား ဖိတ်ကြားအပ်ပါသည်။

တင်ဒါလျှောက်လွှာရောင်းချမည့်ရက်	- ၁၅-၉-၂၀၁၈ရက်
တင်ဒါလျှောက်လွှာပိတ်သိမ်းမည့်ရက်/အချိန်	- ၁-၁၀-၂၀၁၈ရက် ညနေ(၁၆း၀၀)နာရီ
တင်ဒါဖွင့်ပွဲကျင်းပမည့်ရက်	- ၃-၁၀-၂၀၁၈ရက် နံနက်(၉း၀၀)နာရီ
တင်ဒါဖွင့်ပွဲကျင်းပမည့်နေရာ	- ညွှန်ကြားရေးမှူးရုံး၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ပဒုမ္မာလမ်း၊ ဆန်းချိုတိုးချဲ့ရပ်၊ ထားဝယ်မြို့။

၂။ တင်ဒါလျှောက်လွှာပုံစံများ၊ လုပ်ငန်းအသေးစိတ်စာရင်းများကို အောက်ဖော်ပြပါဌာနတွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တနင်္သာရီတိုင်းဒေသကြီး၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန
ထားဝယ်မြို့
ဖုန်း-၀၅၉၂၀၂၁၂၀၀၊ ၀၉-၇၆၈၆၄၃၂၄၄၊ ၀၉-၂၆၀၃၆၄၄၂၄

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန မြန်မာ့သစ်လုပ်ငန်း၊ သစ်အခြေခံစက်မှုလုပ်ငန်းဌာန ၀၁/၂၀၁၈ ကြိမ်မြောက် (ပြည်တွင်း) အိတ်ဖွင့်လေလံကြော်ငြာခြင်း

၁။ မြန်မာ့သစ်လုပ်ငန်း၊ သစ်အခြေခံစက်မှုလုပ်ငန်းဌာနမှ ကျွန်းခွဲသား အရွယ်စုံ (၈၂. ၅၄၉၅)တန်၊ ကျွန်းလျှာထိုး(ပကာ) (၁. ၆၁၅၄)တန်၊ ကျွန်းလျှာထိုး (၁. ၀၂၈၆)တန်၊ ကျွန်းကြမ်းခင်းတုံး (၃၁. ၉၂၉၂)တန်နှင့် သစ်မာခွဲသား မျိုးစုံ (၃၉. ၁၂၇၈)တန်တို့အား မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်လေလံကို အောက်ဖော်ပြပါအတိုင်း ရောင်းချသွားမည်ဖြစ်ပါ၍ ပြည်ထောင်စုမြန်မာနိုင်ငံသား မည်သူမဆို ဝင်ရောက်ဈေး ယှဉ်ပြိုင်ဝယ်ယူနိုင်ပါသည်။

(က) ရောင်းချမည့်ရက်နှင့်အချိန် - ၂၀-၉-၂၀၁၈ရက် နံနက်(၁၀း၀၀)နာရီ
(ခ) ရောင်းချမည့်နေရာ - သစ်အခြေခံစက်မှုလုပ်ငန်းဌာန(ရုံးချုပ်) ရွှေတိဂုံဘုရားလမ်း၊ ရန်ကုန်မြို့။

၂။ အိတ်ဖွင့်လေလံနှင့် ပတ်သက်သည့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက မြန်မာ့သစ်လုပ်ငန်း၊ သစ်အခြေခံစက်မှုလုပ်ငန်းဌာန(ရုံးချုပ်)တွင်လည်းကောင်း၊ ဖုန်းနံပါတ် ၀၁-၃၇၂၄၄၅၊ ၀၁-၃၇၇၂၉၆ များတွင်လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

အိတ်ဖွင့်လေလံကျင်းပရေးကော်မတီ
သစ်အခြေခံစက်မှုလုပ်ငန်းဌာန(ရုံးချုပ်)

SEVEN စံ
မြေကွက်များရောင်း/ဝယ်ရေး
ဒဂုံဆိပ်ကမ်း၊ အရှေ့ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်း၊
(ရွှေပေါက်ကံမြို့သစ်) အိမ်အရောက် ငွေပေးချေသည်။ ပွဲခ မယူပါ။
09 - 33 333 511, 09 - 33 333 514, 09 - 33 333 644

တစ်ဦးတည်းဖြစ်ပါကြောင်း

စိုက်ပျိုးရေးဦးစီးဌာန၊ ဘက်စုံစိုက်ပျိုးမွေးမြူရေးစခန်း (လေးထောင့်ကန်)မှ အကြီးတန်းစာရေး ဒေါ်သီတာမြင့် [၁၂/မဂဒ(နိုင်)၀၁၈၆၉၃] (ဘဦးသိန်းအောင်)နှင့် ဒေါ်ခင်သီတာမြင့်သည် တစ်ဦးတည်းဖြစ်ပါသည်။

အိမ်ပိုင်ရှင်များအမြန်ဆက်သွယ်ပါ
ပေါင်းရန်ကင်း နှင့် ဗဟိုမြို့နယ်ရှိ
လူကြီးမင်းတို့ ပိုင်ဆိုင်သောအဆောင်
မြေပြင်ထပ်ပြီးကွန်ဒို နှင့် လုံးချင်း
များအားအမြန် ငှားလိုသောနိုင်ငံ
ခြားသားများရှိပါသည်။
Golden Land Real Estate
09-73008848, 09-964008848

လူပျောက်ကြေညာ

ကျွန်တော်ဦးမောင်မောင်ဝင်း၏ဇနီးဖြစ်သူ မနေခြည်ပွင့်(ခ)မနေခြည်(ခ)မမေဇွန်ပန်း (ဘ) ဦးအေးမြင့် [၁၄/လပတ(နိုင်) ၁၂၅၉၀၃]ကိုင်ဆောင်သူမှာ ၁၀-၅-၂၀၁၈ရက်တွင် နေအိမ်မှထွက်သွားရာ ယနေ့အချိန်အထိ ပြန်မလာ၍ ပျောက်ဆုံးနေပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန် သွေးဆောင်ဖြားယောင်းထားရှိသူများအား ဥပဒေအရ ထိရောက်စွာ အရေးယူမည်ဖြစ်ပါကြောင်း တွေ့ရှိသူအား ကျေးဇူးဆပ်ပါမည်။

ဆက်သွယ်ရန်
ဦးမောင်မောင်ဝင်း[၁၂/ကမရ(နိုင်)၀၄၂၅၆၇]
ဖုန်း-၀၉-၂၆၁၄၁၄၁၃၇၊ ၀၉-၇၉၆၇၄၁၃၅၉

ခရီးသွားလုပ်ငန်းအတွေ့အကြုံ အနှစ် (၂၀) ကျော်ရှိ ဒေါ်ခိုင်ဝင်းသူ ဦးစီးသော

မာတလိ ဗုဒ္ဓဂယာ ဘုရားဖူးအဖွဲ့

၂၀၁၈ - ၁၉ ဘုရားဖူးခရီးစဉ်များ ကြိုတင်စာရင်းသွင်းနိုင်ပါပြီ... ပခ-၀၂၉၂

(၁၅)ရက်ခရီးစဉ် USD 750+ (စရံ) 200000 ကျပ် (15 Oct , 23 Nov, 22 Feb, 18 Mar)
(၈)ရက်ခရီးစဉ် USD 600+ (စရံ) 200000 ကျပ် (01 Oct, 03 Nov)

1. သံဃာတော်များ/သီလရှင်များအတွက် 50000/-Ks လျှော့ပါမည်။
2. ပင်စင်ကဒ်ရှိသူ နှင့် စည်သည်အဟောင်းများအတွက် 20000 Ks လျှော့ပါမည်။
3. 6 PAX လျှင် 10% လျှော့ပြီး 10 PAX လျှင် 30% လျှော့ပါသည်။
4. (15+1) PAX လျှင် တစ်ယောက်စာအခမဲ့, လိုက်ပါလိုသူများ (၂)လ ကြိုတင်စာရင်းပေးသွင်းကြပါရန်။

လစဉ်လတိုင်း ခရီးစဉ်ရှိပါသည်။

ဆက်သွယ်ရန်-09 5063164, 09 43158929, 09 450046188, 01 552365

အထူးဝမ်းနည်းကြေကွဲခြင်း
ဦးရွှေထွန်း
အသက်(၉၁)နှစ်

နှလုံးနှင့်သွေးကြောခွဲစိတ်ကုပညာဌာန ပါမောက္ခ/ဌာနမှူး ဒေါက်တာဦးခင်မောင်လွင်-ဒေါက်တာ ဒေါ်ရင်ရင်စိန်တို့၏ဖခင်ဖြစ်သူ ဦးရွှေထွန်း အသက်(၉၁)နှစ်သည် ၂၉-၈-၂၀၁၈ ရက်နေ့တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

နှလုံးနှင့်သွေးကြောခွဲစိတ်ကုသဆောင်နှင့်ခွဲစိတ်ခန်း
မိသားစုများ
ရန်ကုန်ပြည်သူ့ဆေးရုံကြီး

ဖခင်အမည်မှန်

ဖြူးမြို့၊အထက(၁)ဖြူးမှ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် ပညာသင်ကြားနေသော မဇင်မာမိုး ဒသမတန်း(F)၏ ဖခင်အမည်မှန်မှာ ဦးထွန်းထွန်း ဖြစ်ပါသည်။

ဦးထွန်းထွန်း

ဖခင်အမည်မှန်

ကနီမြို့နယ်၊ လက်ပံစု၊ အထက(ခွဲ)၊နဝမတန်းတွင် ပညာသင်ကြားနေသော မောင်ဝေဖြိုးနိုင်၏ ဖခင်အမည်မှန်မှာ ဦးမောင်နိုင်[၅/ကနန(နိုင်)၀၃၀၃၅၀]ဖြစ်ပါကြောင်း။ **ဦးမောင်နိုင်**

ပျောက်ဆုံးကြောင်း

ကလေးမြို့၊ ပင်လုံရပ်ကွက်၊ နယ်မြေ(၅)နေ မောင်စိုးမင်းနိုင်[၅/ကလထ(နိုင်)၁၆၅၇၈၇]၏ နိုင်ငံကူးလက်မှတ်(မမှတ်မိ)မှာ ခရီးသွားလာရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

မောင်စိုးမင်းနိုင် ဖုန်း-၀၉-၉၆၃၅၅၈၈၂၅

ဖခင်အမည်မှန်

မုံရွာမြို့ အထက(၃)၊ ဒသမတန်း ဝိဇ္ဇာ(B)တွင် ပညာသင်ကြားနေသော မအိသူ၏ ဖခင်အမည်မှန်မှာ ဦးစိုးသူ [၅/အရတ(နိုင်)၀၆၇၇၀၀] ဖြစ်ပါကြောင်း။

ဦးစိုးသူ

ငွေချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ပြည်မြို့နယ်တရားရုံးတော်၌
၂၀၁၈ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၁

Asto Nova Internation Co.,Ltd (ကုမ္ပဏီကိုယ်စားဆောင်ရွက်သူ ဦးဖြိုးဇာနည်ထွန်း) နှင့် ဦးတင်ဝင်း

တရားလို **တရားပြိုင်**

ကြို့ပင်ကောက်မြို့၊ ဈေးချိုမြောက်ရပ်ကွက်၊ ရုံးလမ်းနေ ဦးတင်ဝင်း(ကောင်းသစ်ဆိုင်) (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို Asto Nova Internation Co.,Ltd (ကုမ္ပဏီကိုယ်စားဆောင်ရွက်သူ ဦးဖြိုးဇာနည်ထွန်း)က ဆိုင်ကယ်ဖိုးကျန်ငွေ-၃၈၂၅၅၀၀/-(ကျပ်သုံးဆယ့်ရှစ်သိန်းနှစ်သောင်းငါးထောင့်ငါးရာတိတိ)ရလိုမှု လျှောက်ထားခြင်းဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၁၈ခုနှစ်၊ စက်တင်ဘာလ ၂၄ရက်၊ (၁၃၈၀ ခုနှစ်၊ တော်သလင်းလပြည့်နေ့)၊ မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငွေချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည်များနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၈ခုနှစ်၊ ဩဂုတ်လ ၂၁ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

(စန္ဒာထွေး)
တွဲဖက်မြို့နယ်တရားသူကြီး(၂)
ပြည်မြို့နယ်တရားရုံး

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ အမှတ်(၁၀)ရပ်ကွက်၊ ဘယသကြံနီလမ်း၊ တိုက်အမှတ်-၆၉၃(က) (ဘယသကြံနီလမ်းနှင့် အသက လမ်းထောင့်တွင်တည်ရှိသောတိုက်)၏ မြေညီထပ်ထပ်ခိုးအပါအဝင် (အလျား ၅၂ ပေ×အနံ ၂၃ပေ×အမြင့် ၁၇ ပေ)ရှိ တိုက်ခန်းနှင့် ဆက်နွယ်သည့် အကျိုးခံစားခွင့်အရပ်ရပ်ကို အရောင်းအဝယ်ပြုလုပ်ခြင်းကိစ္စ။

အထက်ဖော်ပြပါ အရောင်းအဝယ်ပြုလုပ်သည့်တိုက်ခန်းကို ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသူ **ကန်ထရိုက်တာ ဦးစိုးမင်းဦး(အိမ်မင်္ဂလာတော်)** [၁၂/မရက(နိုင်)၀၂၄၇၇၆]မှ ရောင်းချလိုကြောင်း ကမ်းလှမ်းလာပါသဖြင့် ကျွန်ုပ်တို့မှ စရန်ငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ပိုင်ရေးဆိုင်ခွင့်ရှိသူတို့အနေဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ဖုန်းဖြင့်သော်လည်းကောင်း၊ လူကိုယ်တိုင်လာရောက်၍သော်လည်းကောင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို အပြီးတိုင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြော်ငြာအပ်ပါသည်။

ဦးဇော်ထင်အောင်
[၁၂/မဘန(နိုင်)၀၁၃၉၆၈]
ဖုန်း-၀၉-၇၉၅၉၆၀၅၈၀

ဒေါ်ကြူကြူ
[၉/လဝန(နိုင်)၀၀၇၃၄၆]
ဖုန်း-၀၉-၇၇၉၀၉၃၉၂၃၊ ၀၉-၂၅၀၆၈၃၆၆၇

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

သင့်
သွေးဖြင့်
အသက်ကယ်ပါ

ပြောင်းလဲခေါ်ပါရန်

မုံရွာမြို့၊ အထက(၃)၊ ဒသမတန်း၊ ဝိဇ္ဇာ(B)တွင် ပညာသင်ကြားနေသော ဦးမောင်သန်း[၅/အရတ(နိုင်)၀၁၉၇၇၅]၏ သားဖြစ်သူ မောင်ဇင်မျိုးအား မောင်ဇင်မျိုးထွန်းဟု ပြောင်းလဲခေါ်ပါရန်။

မောင်ဇင်မျိုးထွန်း

ဖခင်အမည်မှန်

ဘုတလင်မြို့၊ အထက၊ ဒသမတန်း SB_1မှ မောင်အောင်အောင်ဦး၏ ဖခင်အမည်မှန်မှာ ဦးမင်းစန်း[၅/ဘတလ(နိုင်)၀၈၆၉၉၀]ဖြစ်ပါသည်။

ဖခင်အမည်မှန်

ဘုတလင်မြို့၊ အထက၊ ဒသမတန်း SE_1 မှ မောင်ဇော်မင်းသိန်း၏ ဖခင်အမည်မှန်မှာ ဦးမြမင်း [၅/အရတ(နိုင်)၀၇၀၄၇၄]ဖြစ်ပါသည်။

ဖခင်အမည်မှန်

ကြံခင်းမြို့နယ်၊ ချင်းမြောင်အထက၊ ဒသမတန်း(A)မှ မယွန်းကလျာသင်း၏ ဖခင်အမည်မှန်မှာ ဦးဇော်မျိုး[၁၄/ကခန(နိုင်)၀၇၆၀၆၅]ဖြစ်ပါသည်။ **ဦးဇော်မျိုး**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်သန်းမြင့်
အသက်(၈၇)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ ကျော်သူ(၂၅)လမ်း၊ အမှတ်(၉)နေ (ဦးဘရှင်-ဒေါ်စုစု)၊ (ဦးအုန်းမြင့်-ဒေါ်သန်းတင်)တို့၏ သမီး၊ (ဦးချန်ညာဏ်)၏ ဇနီး၊ (ဦးကျော်ဝင်း-ရာဇဂဏီ)၊ (ဒေါ်သင်းသင်းအေး)တို့၏ အစ်မ၊ ဦးဝေမြူ-ဒေါ်ငွေငွေဝင်း၊ ဦးစိုးညွန့်-ဒေါ်နှင်းဆီ၊ ဦးသန်းလင်းအောင်-ဒေါ်ခင်ခင်ဝင်း၊ (ဦးကျော်ထွန်းလင်း)-ဒေါ်ထားထားဝင်း၊ ဦးယဉ်ထွေး (Top Global Engineering & Trading Pte Ltd.)-ဒေါ်မင်းမင်းထွဋ် (စင်ကာပူ)၊ (ဦးမောင်မောင်မြင့်)၊ (ဒေါ်ဆွေဆွေဝင်း)၊ ဦးအောင်ကျော်မိုး-ဒေါ်နီလာထွေး (ပညာပန်းတိုင် ဘာသာရပ်သင်ကိုယ်ပိုင်သင်တန်း)တို့၏မိခင်ကြီးသည် ၂-၉-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၀၀း၀၅ နာရီတွင် ရွှေလမင်းဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၄-၉-၂၀၁၈ (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ နံနက် ၁၁း၁၅ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၈-၉-၂၀၁၈ (စနေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဒေါ်ခင်စိန် (နမ္မတူ)
အသက်(၇၉)နှစ်

နမ္မတူမြို့၊ သ-တ-လ (၂)ရပ်ကွက်နေ (ဦးလှဘူး-ဒေါ်တင်မေ)တို့၏ သမီးကြီး၊ (ဦးလှမြင့်)၏ ဇနီး၊ ချောက်မြို့၊ အရာတော်နေ ဦးလှအောင်-ဒေါ်တင်လှ၊ မူဆယ်မြို့နေ (ဦးကိုကြီး)-ဒေါ်ခင်ကြူလှ၊ နမ္မတူမြို့နေ ဦးခင်မောင်လှ၊ (ဦးမောင်မောင်ရွှေ)-ဒေါ်ခင်လေးငယ်၊ ဦးအောင်နိုင်-ဒေါ်ခင်သန်းမြင့်တို့၏အစ်မ၊ (ဦးသန့်ဇင်)-ဒေါ်တင်မျိုးဇော်၊ ရန်ကုန်မြို့နေ ဦးဝင်းဇော်-ဒေါ်ညွန့်ညွန့်ဆင့်(သယ်န်းကျွန်းစံပြဆေးရုံ)၊ နမ္မတူမြို့နေ ဦးမင်းမင်းဇော် (မြေစာရင်းဌာန)-ဒေါ်ဥမ္မာငြိမ်း(၃၂-မိုင်စက်ရုံ)၊ နေပြည်တော်နေ ဦးထွန်းထွန်းဇော်(မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း)-ဒေါ်ခင်ခင်သက်၊ နမ္မတူမြို့နေ ဦးသိန်းထွန်းမြင့်-ဒေါ်ဝါဝါဇော်တို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မြေး ၁၂ ယောက်၊ မြစ်သုံးယောက်တို့၏အဘွားသည် ၁-၉-၂၀၁၈ (စနေနေ့) မွန်းလွဲ ၁၂း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၉-၂၀၁၈ (တနင်္လာနေ့) မွန်းလွဲ ၂ နာရီတွင် ဘာသာပေါင်းစုံသုသာန်၌ သဂြိုဟ်ပါမည်။ [ကွယ်လွန်သူအားရည်စူး၍ ၅-၉-၂၀၁၈ (ဗုဒ္ဓဟူးနေ့) နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ နမ္မတူမြို့၊ သ-တ-လ (၂)ရပ်ကွက် ဦးသိန်းထွန်းမြင့်-ဒေါ်ဝါဝါဇော်တို့၏ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း
ဦးစိုးကြွယ်(ဒု-ဥက္ကဋ္ဌ)၊ ဝါဏိဇ္ဇဘွဲ့ရများအသင်း(မြန်မာနိုင်ငံ)
B.Com BA DMA RL
အသက်(၈၄)နှစ်

ဝါဏိဇ္ဇဘွဲ့ရများအသင်း(မြန်မာနိုင်ငံ)၏ ဒု-ဥက္ကဋ္ဌ ဦးစိုးကြွယ် အသက်(၈၄)နှစ်သည် ၁-၉-၂၀၁၈ ရက်(စနေနေ့)တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

အလုပ်အမှုဆောင်အဖွဲ့
ဝါဏိဇ္ဇဘွဲ့ရများအသင်း(မြန်မာနိုင်ငံ)

အထူးဝမ်းနည်းကြေကွဲခြင်း
ဦးအောင်ထက်မြင့်
အသက်(၄၈)နှစ်
ဦးစီးအရာရှိ(မြို့ပြ)၊ တည်ဆောက်ရေး(၁)၊ ဆည်မြောင်း

တောင်ငူမြို့ (၈/၆၂)၊ ခရေလမ်းနှင့် ရန်ကုန်မြို့၊ လမ်းသစ်လမ်း၊ လမ်းမတော်မြို့နယ်နေ ဦးသိန်းမြင့် (ဒု-ညွှန်မှူး-ငြိမ်း၊ စာရင်းစစ်ချုပ်ရုံး)-ဒေါ်ကြည်လှိုင်(ခ)ဒေါ်တိုးတိုးတို့၏သားကြီး၊ ဒေါ်နီမေမြင့်၏ ချစ်လှစွာသောခင်ပွန်း၊ ရေတာရှည်မြို့နေ (ဦးစိုးမြင့်-ဒေါ်ကြည်ကြည်စိုး)တို့၏ သားသမက်သည် ၂-၉-၂၀၁၈ (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

လ/ထ ညွှန်ကြားရေးမှူး(၄)
တည်ဆောက်ရေး-၁
ဆည်/ရေ ဦးစီးဌာန
ဖြူးမြို့

ဘဝနတ်ထံပျံလွန်တော်မူခြင်း
တွံတေးမြို့နယ်၊ ဘုရားကြီးစံပြကျေးရွာ၊ မင်္ဂလာလူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာ(မင်္ဂလာတိုက်ကျောင်း) ဦးစီးပဓာန နာယကဆရာတော်

ဘဒ္ဒန္တ စန္ဒိမာ
သိက္ခာတော် (၅၂)ဝါ၊ သက်တော် (၇၃)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်၊ ဘုရားကြီးစံပြကျေးရွာ၊ မင်္ဂလာလူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာ(မင်္ဂလာတိုက်ကျောင်း) ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တ စန္ဒိမာ ဆရာတော် မထေရ်မြတ်သည် (၁၃၈၀ ပြည့်နှစ်၊ ဝါခေါင်လဆန်း ၁၀ ရက်) ၂၁-၈-၂၀၁၈ (အင်္ဂါနေ့) နံနက် ၇း၃၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်အား (၁၃၈၀ ပြည့်နှစ်၊ တော်သလင်းလပြည့်ကျော် ၆ ရက်) ၃၀-၉-၂၀၁၈ (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် အန္တိမအဂ္ဂိစျာပန သာဓုကီဠနသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်နီး/ရပ်ဝေးမှ တပည့်သံဃာ၊ ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား ဖိတ်ကြားအပ်ပါသည်။

စျာပနကျင်းပရေးကော်မတီ

ဒေါ်ခင်မျိုးရီ (ဘုတ်ဘုတ်)
အသက် (၆၀)
အထက(၂) ရန်ကင်း၊
စိန်မိုက်ကယ်ကျောင်းသူဟောင်း

ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ အမှတ်(၁၇၀)၊ သစ္စာလမ်း၊ (၃၇) ရပ်ကွက်နေ (ဦးမျိုးဆက်-ဒေါ်ခင်ကြည်)တို့၏သမီးလတ်၊ (ဦးအုံးကြည်-ဒေါ်သန်းမြ)၊ (ဦးသန်းစိန်)-ဒေါ်ရင်ရွှေ၊ ဦးထွန်းလွင်-(ဒေါ်ခင်ညွန့်ဝေ)တို့၏ တူမ၊ ဦးခင်ဇော်ရှိန်-ဒေါ်ခင်ထားရီ၊ ဦးစန်းမောင်-ဒေါ်ခင်ထားနီ၊ ဦးမျိုးအောင်-ဒေါ်ခင်မျိုးကြည်တို့၏ညီမ၊ (ဦးသိန်းစိုး)၊ ဦးကျော်သူရ-(ဒေါ်ခင်မျိုးစီ)၊ ဒေါက်တာအေးသွယ်-ဒေါ်ခင်ထားဖြူ ဦးနိုင်နိုင်စိုး၊ ဦးလွင်စိုး၊ ဦးအောင်မင်းမင်းကို၊ ဦးမျိုးမင်းမင်းကို-ဒေါ်ခင်အိအိဘော်၊ ဦးအောင်ကျော်စိုး-ဒေါ်အေးအေးခိုင်၊ ဦးထွန်းနိုင်စိုး-ဒေါ်ဇာနည်ထွန်း၊ ဦးလှထွန်း-ဒေါ်ဆွေဇင်စိုးတို့၏အစ်မ၊ မောင်တင်သက်ပိုင်မှူး-မသင်းသိမ့်သူ၊ မောင်ဝေဖြိုးအောင်တို့၏အဒေါ်သည် ၁-၉-၂၀၁၈ (စနေနေ့) နံနက် ၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၉-၂၀၁၈ (တနင်္လာနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည် ဖြစ်ပါကြောင်း။ (အထက်ပါနေအိမ်မှ ကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၇-၉-၂၀၁၈ (သောကြာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဖခင်အမည်မှန်

မှော်ဘီမြို့၊ အထက(၁)ဒသမတန်း(A)မှ မယမင်းအိ၏ ဖခင်အမည်မှန်မှာ ဦးဆုမောင်မောင်ထွေး[၁၂/မဘန(နိုင်)၀၁၃၅၇၀]ဖြစ်ပါကြောင်း။

ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

နေပြည်တော်၊ ဒက္ခိဏသီရိမြို့၊ ရွှေအင်ကြင်း(၂)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂/ရွှေအင်ကြင်းအနောက်ရပ်)၊ မြေကွက်အမှတ် (ဒ-၄၃၂၅)၊ ဧရိယာ(၀. ၀၈၂)ဧကရှိ ဒေါ်ခင်မြင့်(ဘ)ဦးကိုကြီး အမည်ပေါက် ပါမစ်မြေကွက်အား ဒေါ်ခင်မြင့်(ကွယ်လွန်)သဖြင့် သမီးဖြစ်သူ ဒေါ်စုစုခိုင်(ဘ)ဦးမှန်း[၉/လဝန(နိုင်)၂၂၇၃၄၆]မှ မေတ္တာဖြင့် ပေးကမ်းခြင်းကတိစာချုပ်၊ လက်ဝယ်ထားရှိပိုင်ဆိုင်ကြောင်း တရားရုံးကျမ်းကျိန်လွှာများတင်ပြ၍ မြေပေးမိန့်လျှောက်ထားလာခြင်းအား ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ဤကြော်ငြာပါသည့်ရက်မှစ၍(၁၅)ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ အဆိုပါမြေပေးမိန့်ကို ဒေါ်စုစုခိုင်အား ထုတ်ပေးသွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ဘုရား၊ ရဟန်း၊ တန်ဆောင်း ဒါယိကာမကြီး
ဒေါ်တင်မြ(ခနေဖြူ)
အသက်(၉၅)နှစ်

ခနေဖြူမြို့နယ်၊ နန်းတော်ကုန်းအုပ်စု၊ မြင်းစုကျေးရွာနေ (ဦးဘချစ်-ဒေါ်ဖွားမှို)တို့၏ သမီး၊ (ဦးဖိုးစီ-ဒေါ်ထိတော)တို့၏ သမီးချွေးမ၊ (ဦးထွန်းရွှေ)၏ ဇနီး၊ (ဦးနေဝင်း)-ဒေါ်စိန်စိန်၊ ဦးကျော်ခင်-ဒေါ်မြင့်ကြည်၊ ဦးသန်းအေး-ဒေါ်ခင်ဝင်း၊ (ဦးစိုးဝင်း)-ဒေါ်မြင့်ငွေ၊ ဦးဒေဝ(MPT)-ဒေါ်စုစုဝင်းတို့၏ မွေးသမိခင်၊ မြေး ၃၀ ယောက်၊ မြစ် ၄၂ ယောက်၊ တီငါးယောက်တို့၏အဘွားသည် ၁-၉-၂၀၁၈ (စနေနေ့) ည ၁၀း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၉-၂၀၁၈ (တနင်္လာနေ့) နံနက် ၁၀နာရီတွင် ကျိုစုသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၇-၉-၂၀၁၈ (သောကြာနေ့) နံနက် ၇ နာရီမှ မွန်းတည့် ၁၂နာရီအထိ အမှတ်(၄၁၃)၊ ရှုခင်းသာမြို့ပတ်လမ်း၊ ၇/အရှေ့ရပ်ကွက်၊ သာကေတမြို့နယ် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဦးတန်ဟုတ်စိန်
အသက် (၉၀)

ရန်ကုန်မြို့၊ လသာမြို့နယ်၊ (၁၇)လမ်း၊ အမှတ်(၆၅)နှင့် ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၁၃)လမ်း၊ အမှတ်(၂၄-B)၊ ငါးလွှာနေ ဒေါ်စုမေ၏ ခင်ပွန်း၊ ဒေါ်တန်ထွမ်လိမ်း၊ ဒေါ်တန်ထွမ်ခိန်(ခ)သန်းသန်းအေး-ဦးစောငြိမ်း (U.S.A)၊ ဦးတန်ထွမ်ကွန်း၊ ဦးတန်ထွမ်ဟောင်း၊ ဒေါ်တန်ထွမ်အိုင်၊ ဒေါ်တန်ထွမ်လျန်း(ခ)တင်မေလှိုင်-ဦးကျော်လင်း(AUS)တို့၏ဖခင်၊ မောင်အောင်ခိုင်စိုး၏ အဘိုးသည် ၃၀-၈-၂၀၁၈ ရက် မွန်းလွဲ ၂း၃၀ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၃-၉-၂၀၁၈ ရက် နံနက် ၁၁ နာရီတွင် ရေဝေးတရုတ်သုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ (၁၃-လမ်းနေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်သန်းမြင့်
အသက်(၈၇)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ ကျော်သူ(၂၅)လမ်း၊ အမှတ်(၉)နေ (ဦးဘရှင်-ဒေါ်စုစု)၊ [ဦးအုန်းမြင့် (ဒို့ရှမ်းပြည်)-ဒေါ်သန်းတင်]တို့၏ သမီး၊ (ဦးချန်ညာဏ်)၏ ဇနီး၊ (ဦးကျော်ဝင်း-ရာဇဂဏီ)၊ (ဒေါ်သင်းသင်းအေး)တို့၏အစ်မ၊ ကိုကျော်ကျော်မိုး-မအိရွှေစင်၊ ကိုစိုးမင်းထွဋ်-မဘေဘီမိုး (America)၊ ကိုသော်သော်မိုး-မမော်မော်လွင်၊ ကိုဖြိုးဝေမိုး-မခင်လေးခိုင်၊ မစုမွန်စိုးညွန့် (ခေတ္တ-စင်ကာပူ)၊ မောင်ရဲကျော်သူ၊ ဒေါက်တာစိုးထက်အောင် (ထွန်းလင်းတောက် စာသင်စာကျက်ဝိုင်း)၊ ဒေါက်တာပွင့်ပွင့်ဖြူ (လက်ထောက်ဆရာဝန်၊ မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီး)၊ ကိုဝင့်အာကာမောင် (စင်ကာပူ)၊ ကိုလဝန်းထက်အောင်(စင်ကာပူ)၊ ကိုတင်ဇော်မြင့်(ခေတ္တ-Dubai)၊ ကိုရန်အောင်မြင့်၊ ကိုအောင်ပြည့်စုံ၊ မခိုင်နှင်းဝတ်ရည်၊ မောင်အောင်ကောင်းမြတ်တို့၏အဘွားသည် ၂-၉-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၀၀း၀၅ နာရီတွင် ရွှေလမင်းဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၄-၉-၂၀၁၈ (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁း၁၅ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၈-၉-၂၀၁၈ (စနေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဦးနိုင်အေး (ကပစ-၁၊ ငြိမ်း)
အသက် (၅၈) နှစ်
(၉၂) ကြိမ်မြောက်သွေးလှူရှင်
အထွေထွေမန်နေဂျာ(ဘဏ္ဍာ)၊
အမြင့်မြတ်ဆုံးအင်အားသယ်ယူပို့ဆောင်ရေးအုပ်စု

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၈)ရပ်ကွက်၊ ခရေလမ်း၊ အမှတ်(၁၁၄၀)နေ [ဗိုလ်ကြီးဖုန်းရင် (ငြိမ်း၊ ကပစ-၈)-ဒေါ်စန်း (ငြိမ်း၊ ကစလ)]တို့၏ သား၊ ဒုအရာခံဗိုလ်စိန်မောင် (ငြိမ်း၊ ကပစ-၁)-(ဒေါ်ကြည်)တို့၏သားသမက်၊ ဒေါ်ကြည်ကြည်စိန်၏ခင်ပွန်း၊ ဒုအရာခံဗိုလ်တင်သန်း(ငြိမ်း၊ ကပစ-၉)-ဒေါ်မိမိအေး၊ အရာခံဗိုလ်မြင့်အောင်(ငြိမ်း၊ ကပစ-၉)-ဒေါ်သီတာအေးတို့၏မောင်၊ ဦးသိုက်အေး(2/E J.S.M CO.,LTD)၊ ဦးဇော်အေး-ဒေါ်သင်းသင်းရီတို့၏အစ်ကို၊ ဦးမျိုးမြင့်အောင်-ဒေါ်ဇာခြည်သန်း၊ ကိုပြည့်ဖြိုးအောင်၊ (ကိုဖြိုးဝေဇော်)၊ မရွှေရည်ဝင်းထက်တို့၏ဦးလေး၊ မသက်မှူးဟန်၊ မရွှေဇင်ထက်တို့၏အဘိုး ဦးနိုင်အေးသည် ၁-၉-၂၀၁၈ရက် နံနက် ၁နာရီတွင် ကွယ်လွန် သွားပါသဖြင့် ၃-၉-၂၀၁၈ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၇-၉-၂၀၁၈ (သောကြာနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဦးခင်မောင်တိုး (ခင်မောင်တိုး-မိုးမိတ်)
ဥက္ကဋ္ဌ၊ မိုးမိတ်မြို့နယ်အသင်း
အသက် (၈၂) နှစ်

မိုးမိတ်ခရိုင်၊ မိုးမိတ်မြို့နေ (ဦးသာဗျော-ဒေါ်မှုံ)တို့၏သား၊ အမှတ်(၁၈၃)၊ ဒု-ထပ်၊ အနောက်မြင်းပြိုင်ကွင်းလမ်း၊ ကျိုက္ကဆံရပ်ကွက်၊ ဗဟန်းမြို့နယ်နေ (ဒေါ်အေးရီ)၏ခင်ပွန်း၊ ဦးခင်ဇော်စံ-ဒေါ်ခင်သက်နှင်းအေး (ESPN Sports Journal)၊ ဦးခွန်ပြည်အေး(ပြည်အေးမိသားစုပုံနှိပ်တိုက်)-ဒေါ်နန်းထွေး၊ ဦးစိုင်းဆုမြတ်-ဒေါ်မေသူအောင်၊ ဦးထွန်းအောင်ဝင်း-ဒေါ်နန်းဇင်ထွေးတို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ မြေး သုံးယောက်တို့၏အဘိုး ဦးခင်မောင်တိုး(ခင်မောင်တိုး-မိုးမိတ်)သည် ၁-၉-၂၀၁၈ (စနေနေ့) နံနက် ၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၉-၂၀၁၈ (တနင်္လာနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၁၅ နာရီနှင့် ဗိုလ်ချုပ်လမ်း၊ ဝဇီရာရုပ်ရှင်ရုံရှေ့မှကားများ မွန်းလွဲ ၁ နာရီတို့တွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၇-၉-၂၀၁၈ (သောကြာနေ့) နံနက် ၇နာရီတွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဦးကျော်ရင်
ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးအထက်တန်းကျောင်း(ငြိမ်း)
အသက်(၇၂)နှစ်

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ နောင်ချိုမြို့နယ်၊ ရွှေမုန့်တောရွာနေ (ဦးမှတ်-ဒေါ်အေးလုံ)တို့၏ သား၊ ရန်ကုန်မြို့နေ (ဦးမောင်ညွန့်-ဒေါ်သန်းစိန်)တို့၏ သားသမက်၊ မယုလဲ့သွင် (T.T.C)၊ မောင်နေထွန်းကျော်၊ မောင်အောင်ဟိန်းကျော်-မအေးအေးခိုင်တို့၏ဖခင်၊ မောင်ဒီပါကျော်၊ မောင်ပြည့်သုတတို့၏ အဘိုး၊ ဒေါ်ခင်အေးမြင့်၏ခင်ပွန်းသည် ၃၁-၈-၂၀၁၈ (သောကြာနေ့) မွန်းတည့် ၁၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၆-၉-၂၀၁၈ (ကြာသပတေးနေ့)တွင် လှိုင်မြို့နယ်၊ (၁၃)ရပ်ကွက်၊ အုတ်ကျင်းဘူတာရုံလမ်း၊ အမှတ်(၁၁၇)၊ တိုက်(B-C3)နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း
ဗိုလ်မှူးကြီးခင်မောင်အေး(ငြိမ်း)
အသက်(၈၈)နှစ်

သတင်းနှင့်စာနယ်ဇင်းကော်ပိုရေးရှင်း ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း)၊ အမှတ်(၇၇)၊ ခြေမြန်တပ်မနည်းဗျူဟာမှူးကြီး(ယခင်)၊ စာရေးဆရာခင်မောင်အေး(မန္တလေး)၊ ဗိုလ်မှူးကြီးခင်မောင်အေး(ငြိမ်း) သည် ၂၁-၈-၂၀၁၈ ရက်နေ့တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးအောင်ဘ(မိုင်းကိုင်)

ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်မှုမှ ကြိုတင်ကာကွယ်ရေး သတိပေးနှိုးဆော်ချက်

နိုင်ငံတော် စားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်ပတင်ပို့ခြင်းဖြင့် နိုင်ငံခြားဝင်ငွေရရှိရေးအတွက် နိုင်ငံအနှံ့အပြားတွင် ငါးမွေးမြူရေးကန်များဖြင့် မွေးမြူဆောင်ရွက်လျက်ရှိရာ မိုးအလွန်အကျွံရွာသွန်းခြင်းနှင့် မြစ်ရေကြီးခြင်းများကြောင့် ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်ခြင်းမှ ကြိုတင်ကာကွယ်ရန်နှင့် ဆုံးရှုံးမှုလျော့နည်းစေရေးအတွက် အောက်ဖော်ပြပါအချက်များကို ငါး၊ ပုစွန်မွေးမြူရေးကန်များ၌ လိုက်နာဆောင်ရွက်ကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်-

၁။ မွေးမြူရေးကန်များ၏ ကန်ပေါင်များခိုင်ခံ့ရန်အတွက် ကန်ပေါင်ပါးသော၊ နိမ့်သောနေရာများတွင် သဲအိတ်များဖို့၍ ကန်ပေါင်ခိုင်ခံ့အောင် ပြုလုပ်ထားရန်၊

၂။ အကယ်၍ ရေကြီးရေလျှံလာပါက ငါးများလွတ်ထွက်မှု မရှိစေရေးအတွက် ဇာပြာပိုက်များဖြင့် ကာရံထားရန်၊

၃။ ရေစီးကြောင်းနှင့်နီးသော ငါးကန်များတွင် ရေတိုက်စားမှု ကာကွယ်ရန်အတွက် တုတ်ရိုက်ပြီး ဝါးထရံများဖြင့် ကာရံ၍ သဲအိတ်များဖို့ထားရန်၊

၄။ လိုအပ်ပါက ငါးများရွှေ့ပြောင်းနိုင်ရန်အတွက် ငါးဖမ်းပိုက်များ၊ စက်လှေများနှင့် စက်ပစ္စည်းများအား ကြိုတင်ပြင်ဆင်ထားရန်နှင့် အထူးသဖြင့် မျိုးငါးကြီးများအား ဦးစားပေးရွှေ့ပြောင်းကြရန်၊

၅။ သိုလှောင်ထားသော ငါးအစာနှင့် လုပ်ငန်းသုံးပစ္စည်းများအား ရေလွတ်သောနေရာသို့ ရွှေ့ပြောင်းထားရန်၊

၆။ ပုံမှန်အစာကျွေးခြင်းဖြင့် ငါးများလွတ်ထွက်မသွားစေရေး ဆောင်ရွက်ထားရန်၊

၇။ မွေးမြူရေးကန်၏ ရေထွက်၊ ရေလျှံပေါက်များ၊ ရေကျော်မည့်နေရာများအား အစဉ်ဂရုတစိုက်စစ်ဆေးနေရန်၊

၈။ ထူးခြားသည့်အခြေအနေများ အချိန်နှင့် တစ်ပြေးညီ သိရှိနိုင်ရန်အတွက် ဆက်သွယ်သတင်းပေးနိုင်မည့် နည်းလမ်းများအား ကြိုတင်ပြင်ဆင်ထားရန်၊

၉။ အစိုးရပိုင်ရေဒီယို၊ အသံလွှင့်ဌာနများမှ ထုတ်လွှင့်လျက်ရှိသော အရေးပေါ်မိုးလေဝသသတိပေးချက်များနှင့်ပတ်သက်သည့်သတင်းများကို အမြဲဂရုတစိုက်နား ထောင်ရန်နှင့် ပြည်တွင်းထုတ်နေ့စဉ်သတင်းစာများတွင်ပါရှိသည့် မိုးလေဝသနှင့်ပတ်သက်သည့် သတင်း၊ ဆောင်းပါးများအား အမြဲမပြတ်ဖတ်ရှုသတိပြုပြီး ငါးမွေးမြူသူအချင်းချင်း သတင်းအချက်အလက် ဖလှယ်ကြရန်၊

၁၀။ ရေကြီးနစ်မြုပ်မှုအတွက် အရေးပေါ်အခြေအနေများ ဖြစ်ပေါ်ပါက နီးစပ်ရာငါးလုပ်ငန်းဦးစီးဌာနများနှင့် ဆက်သွယ်အကူအညီ တောင်းခံကြရန်၊

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
ငါးလုပ်ငန်းဦးစီးဌာန

ဒေါ်နှင်းအေး
အသက်(၈၅)နှစ်
(နောင်လုံ)ဘားအံ

(ဦးဘသွင်-ဒေါ်အေးမျှင်)တို့၏ သမီး၊ (ဦးဖိုးဘ-ဒေါ်သဲယုံ)တို့၏ သမီးချွေးမ၊ ဦးဘိုစီ၏အစ်မ၊ ရန်ကုန်မြို့၊ ဒဂုံဆိပ်ကမ်း၊ ယုဇနဥယျာဉ်မြို့တော်၊ (၉၄)ရပ်ကွက်၊ (A/11)လမ်း၊ တိုက်(၅)၊ အခန်း(၄၀၃)နေ ဦးစံမြ (ရွှေပန်းထိမ်)၏ ဇနီး၊ ဒေါ်ချိုချိုလွင် (ကြေးမုံသတင်းစာတိုက်)၊ ဒေါ်သီတာလွင် (ခရိုင်လူမှုဝန်ထမ်းရုံး-မြောင်းမြ)၊ ဦးတင်နိုင်စိုး-ဒေါ်စန္ဒာသင်းတို့၏ မွေးသမိခင်၊ မောင်လျှမ်းထက်အောင်(အထက-၂၊ လှိုင်)၏ အဘွားသည် ၁-၉-၂၀၁၈(စနေနေ့) ည ၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၉-၂၀၁၈(တနင်္လာနေ့) နံနက် ၁၁ နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၇-၉-၂၀၁၈ (သောကြာနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဒေါ်တင်အုန်းတင့်(ခ)ဒေါ်လေးလေးမြင့်
အသက်(၇၇)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ တိုက်(၃)၊ အခန်း(၃)၊ စံပြ ဖ-ဆ-ပ-လ ရပ်ကွက်နေ (ဦးတင်စိန်)၏ ဇနီး၊ ဦးလှမျိုးသန်း-ဒေါ်တင်မာလင်းစိန်၊ ဦးတင်ဇော်လတ်-ဒေါ်စန်းစန်းအေး၊ ဦးတင်ဇော်မြတ်၊ (ဦးတင်ဇော်မျိုးအောင်)တို့၏မွေးသမိခင်၊ ဦးတင်ဇော်မျိုးကို-ဒေါ်အိချိုလွင်၊ ရတနာဇော်လတ်၊ ချောစုလင်းဖြူသန့်တို့၏အဘွား၊ ထက်သဇ္ဇာကို၏ဘွားဘွားသည် ၁-၉-၂၀၁၈ (စနေနေ့) ည ၁၁း၂၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၉-၂၀၁၈ (တနင်္လာနေ့) ညနေ ၆ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဒေါ်မြင့်မြင့်သန်း(စစ်ကိုင်း/အင်းစိန်)
အလုပ်ရုံ ခွဲမှူး(ငြိမ်း)၊ စက်မှု/အထည်
အသက်(၇၄)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ တောင်သူကုန်းရပ်ကွက်၊ အမှတ်(၁၉၁)၊ အမက(၄၉)၊ ကျောင်းလမ်းနေ [ဦးရီစွတ်(ခ)ဦးရီစိန်-ဒေါ်ရီ]တို့၏ သမီး၊ (ဦးသောင်း-ဒေါ်စောမြ)တို့၏ သမီးချွေးမ၊ ဦးထွန်းမြင့် (စက်ရုံမှူး၊ စက်မှု/အထည်-ငြိမ်း)၏ ဇနီး၊ ဦးမင်းထွန်း (C/E My Connect Company)၊ ဦးစိုးထွန်း-ဒေါ်ခင်အုန်းသွယ်၊ ဗိုလ်မှူးဟန်ထွန်း(ငြိမ်း)မြန်မာစီးပွားရေးကော်ပိုရေးရှင်း-ဒေါ်စန္ဒာဝင်း၊ ဒေါ်နွဲ့ရီထွန်း(စက်မှုဝန်ကြီးဌာန)၊ (ဦးကြည်ထွန်း)-ဒေါ်မြင့်မြင့်သွယ်၊ ဦးအောင်ခိုင်စိုး (C/O Moon Soon Co., Ltd.)- ဒေါ်နှင်းအေးထွန်းတို့၏မိခင်၊ မြေးငါးယောက်တို့၏အဘွားသည် ၂-၉-၂၀၁၈ (တနင်္ဂနွေနေ့) မွန်းလွဲ ၂း၂၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၉-၂၀၁၈ (အင်္ဂါနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၈-၉-၂၀၁၈ (စနေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဦးအောင်ထက်မြင့်
အသက်(၄၈)နှစ်
ဦးစီးအရာရှိ (တည်ဆောက်ရေး-၁)
(ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေး ဦးစီးဌာန)

တောင်ငူမြို့၊ (၈/၆၂)၊ ခရေလမ်းနှင့် ရန်ကုန်မြို့၊ လမ်းသစ်လမ်း၊ လမ်းမတော်မြို့နယ်နေ ဦးသိန်းမြင့် (ဒု-ညွှန်မှူး-ငြိမ်း၊ စာရင်းစစ်ချုပ်ရုံး)-ဒေါ်ကြည်လှိုင်(ခ)ဒေါ်တိုးတိုးတို့၏ သားကြီး၊ ရေတာရှည်မြို့နယ်နေ (ဦးစိုးမြင့်-ဒေါ်ကြည်ကြည်စိုး)တို့၏ သားသမက်၊ ဒေါ်နီမေမြင့်၏ ချစ်လှစွာသောခင်ပွန်း၊ ဦးကျော်စွာမြင့်-ဒေါ်မင်းမင်းအေး၊ ဦးအောင်သိန်းထွန်း-ဒေါ်နွယ်နီမြင့်၊ ဒေါ်သိင်္ဂီမြင့်၊ ဦးနေထက်-ဒေါ်ဥမ္မာစိုးတို့၏အစ်ကိုကြီး ဦးအောင်ထက်မြင့်သည် ၂-၉-၂၀၁၈(တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၉-၂၀၁၈ (တနင်္လာနေ့) ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဆရာကြီးဦးလှမောင်
(ဆေးနှင့် မှတ်ပုံတင်ရေးမှူး၊ တိုင်းရင်းဆေး-ငြိမ်း)
(ခရမ်းကိုင်းကုန်း၊ ပါဠိတက္ကသိုလ်ကျောင်းသားဟောင်း) (ခရမ်းမြို့)
အသက်(၈၀)

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၇/အရှေ့ရပ်ကွက်၊ ပိတောက်ရွှေဝါလမ်း၊ အမှတ်(၈၂)နေ (ဦးရွှေဘ-ဒေါ်ကုလားမ) ရွှေညောင်ပင်ကျေးရွာ၊ ခရမ်းမြို့တို့၏သား၊ (ဒေါ်တင်စိန်)၏ ခင်ပွန်း၊ ဦးထွန်းလှ-ဒေါ်မာမာရီတို့၏ ဦးလေး၊ ဒေါ်သီသီငြိမ်း(တိုင်းရင်းဆေး)၊ ဒေါ်ရီရီလှ (တိုင်းရင်းဆေးမှူး၊ ရန်ကုန်တိုင်းရင်းဆေးရုံကြီး)၊ ဒေါက်တာဒေါ်သီသီတင် (လ/ထ ကထိက၊ မြန်မာစာ၊ ရန်ကုန်တက္ကသိုလ်)၊ ဦးထူးလွင်-ဒေါ်စန်းစန်းထွေး(ခ)မချော (ပြည်ကျော်ဝင်းတိုင်းရင်းဆေးဆိုင်)၊ ဦးအောင်ဇော်ဝင်း-မနုရည်အောင်တို့၏ဖခင်၊ မြေးလေးယောက်တို့၏ အဘိုးသည် ၂-၉-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၄နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၉-၂၀၁၈ (အင်္ဂါနေ့) ညနေ ၃ နာရီတွင် ကျီစုအအေးတိုက်မှ ကျီစုသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၈-၉-၂၀၁၈ (စနေနေ့) နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း
Pa Laang Khan Pau
Haiciin, Thawmte
Director, KZMP Co., Ltd.
ဒု-ပြည်နယ်
လျှပ်စစ်အင်ဂျင်နီယာမှူး
ချင်းပြည်နယ်(ငြိမ်း)
အသက် (၆၄)နှစ်

ချင်းပြည်နယ်၊ တွန်းဇံမြို့နယ်၊ ဟိုင်ကျင်းရွာနေ (Pu Go Za Dal- Pi Goih Za Cing)တို့၏ ဒုတိယမြောက်သား၊ Pa Cin Khua Lian-Nu Cing Ngaih Lun တို့၏ ညီ၊ Nu Cing Go Niang-Pa Vungh Khan Pau တို့၏မောင်၊ Pa Kham Go Thang-Nu Baby Nwe, Pa Thang Khan Kap-Nu Cing Ngaih Dim, Pa Pau Suan Kham-Nu Cing Lam Niang, Nu Niang Go Man-Rev.Pau Khan Khai, Pa Kham Suan Lian-Nu Man Lam Dim တို့၏အစ်ကို၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နေ Nu Man Deih Lian (Annie)၏ ချစ်လှစွာသောခင်ပွန်း၊ Dr. Cing Zeel Niang-Dr.Sian Nun Siam, Tg.Dal Lam Mung, Dr.Thang Khua Khai တို့၏ဖခင်၊ Lia Niang Kop Zo ၏ အဘိုး Pa Laang Khan Pau သည် ၁-၉-၂၀၁၈(စနေနေ့)တွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၃-၉-၂၀၁၈ ရက် ညနေ ၃ နာရီတွင် ကလေးမြို့ ခရစ်ယာန်သုသာန်၌ ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

အနိစ္စ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်ခင်ကြည်(မော်လမြိုင်)
အသက်(၈၇)နှစ်

ရန်ကုန်မြို့၊အလုံမြို့နယ်၊ သစ်တောရပ်ကွက်၊ တိုက် (၃)၊ အခန်း (၇၀၂)၊ အောင်ဇေယျ Complex အိမ်ရာနေ (ဦးစံလင်း-ဒေါ်မြစိန်)တို့၏ သမီး၊ (ဦးဘတင့်)၏ ဇနီး၊ ဒေါ်မြမြအေး၏ အစ်မ၊ ဦးလှသွင်-ဒေါ်တင်တင်ထွေး၊ ဦးလှမျိုးမင်း-ဒေါ်ငွေငွေမြင့်၊ ဦးစန်းချို-ဒေါ်မြင့်မြင့်ခိုင်၊ (ဦးစန်းလွင်)၊ ဦးကျော်ဝင်းဒင်-ဒေါ်စန်းမြင့်သန်း၊ ဦးထွန်းထွန်းလွင်-ဒေါ်ခင်လေးမွန်၊ ဦးမိုးကျော်စိုး-ဒေါ်ဟန်ဇာဇာဝင်း၊ ဦးတင့်ဇော်-ဒေါ်စုနန္ဒာထွေး၊ (ဒေါ်နွယ်နွယ်သန်း)၊ ဒေါ်ဥမ္မာလွင်တို့၏ ချစ်လှစွာသောကျေးဇူးရှင်မိခင်ကြီး၊ မြေး ၁၆ ယောက်၊ မြစ်ကိုးယောက်တို့၏ ချစ်လှစွာသော အဘွားသည် ၁-၉-၂၀၁၈ (စနေနေ့) ည ၁၀း၀၅ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၅-၉-၂၀၁၈ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၇-၉-၂၀၁၈ (သောကြာနေ့) နံနက် ၇ နာရီမှ ၉ နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ရဟန်း ဒါယကာကြီး
ဦးစိန်သန်း
အသက်(၈၁)နှစ်
လုပ်ငန်းခွဲမန်နေဂျာ(ငြိမ်း)၊
ကုန်သွယ်ရေး

မန္တလေးမြို့နေ (ဦးကျန်-ဒေါ်ကြည်)တို့၏သား၊ သထုံမြို့နေ (ဦးဘလုံး-ဒေါ်အုန်းရှင်)တို့၏သားသမက်၊ ဒေါ်စန်းရှင်၏ချစ်လှစွာသောခင်ပွန်း၊ [ဦးမောင်မောင်(ခ)ဦးညွန့်လွင်]-ဒေါ်တင်တင်ဦး၊ (ဦးစိန်ငွေး)-ဒေါ်ညွန့်ညွန့်ရီ၊ (ဦးမောင်မောင်)-ဒေါ်ခင်စိန်၊ (ဦးစိန်ဝင်း-ဒေါ်ရင်မေ)တို့၏ ညီ/မောင်၊ ဒုတိယဗိုလ်မှူးကြီးကျော်သီဟ(ငြိမ်း)-ဒေါ်နွယ်နီအောင်၊ ဦးညီညီအောင် (Director L.R.C)၊ ဒေါ်သိင်္ဂီသန်း (Myanmar V.B Company Ltd.)၊ ဒေါ်ကြန္ဒီသန်း (M.K.S-1, Living English Classes)၊ ဦးကျော်ဇေယျ၊ အရှင်ဗုဒ္ဓပိယ(ဦးကျော်ဟံသ)၊ ဒေါ်အိပိုပိုသန်း (H.I.S Myanmar Travels)တို့၏မွေးသဖခင်၊ မောင်စွမ်းဆောင်နိုင်၊ မသဒ္ဒါကြည်စင်တို့၏အဘိုးသည် ၂-၉-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၂း၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၉-၂၀၁၈ (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၈-၉-၂၀၁၈ (စနေနေ့) နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီထိ အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ ဗိုလ်တေဇလမ်း၊ အမှတ်(၇၄၁)၊ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဒေါ်မာလာ
အသက်(၆၀)

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ထီးတန်းဆက်မြေရပ်ကွက်၊ ထီးတန်း(၃)လမ်း၊ အမှတ်(၇)၊ မြေညီနေ (ဦးမြသိန်း-ဒေါ်အမာ)တို့၏ သမီးကြီး၊ (ဦးသန့်စင်)၏ ဇနီး၊ ဦးသက်ဝေ၊ (ဦးသက်ဇင်)၊ (ဒေါ်နှင်းဆီ)တို့၏ ညီမ/အစ်မ၊ ကိုရှိန်းထက်(ခ)လင်းလင်း-မမေမျိုးသူ၊ မအိဖြူစင်တို့၏မိခင်၊ မလင်းဝတ်ရည်မေမျိုး၊ မောင်ခန့်ဆက်ရှိန်းထက်တို့၏ ချစ်လှစွာသောအဘွား ဒေါ်မာလာသည် ၂-၉-၂၀၁၈(တနင်္ဂနွေနေ့) နံနက် ၁း၄၀ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၄-၉-၂၀၁၈ (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း
သင်္ဃန်းကျွန်းမြို့နယ်၊ သုမင်္ဂလာရာမလယ်တီဝိပဿနာကျောင်းတိုက်
ပဓာနနာယက
ဘဒ္ဒန္တအာသဘ (သဒ္ဓမ္မဇောတိကဓဇ)
တိုင်းသံဃာ့ဝန်ဆောင်
(ကျိုက်လတ်)
သိက္ခာတော်(၄၈)ဝါ၊ သက်တော်(၆၉)နှစ်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ (ဆ/က)ရပ်ကွက်၊ သုမင်္ဂလာရာမလယ်တီဝိပဿနာကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရှမ်းတဲကြီးကျေးရွာ၊ အာသဘာရာမလယ်တီဝိပဿနာကျောင်းတိုက်ကြီး၏ ပဓာနနာယက၊ ကျောက်တန်းမြို့နယ်၊ ဥယျာဉ်ကျေးရွာ၊ မြတ်ရွှေဂူကျောင်းတိုက်၏ ဩဝါဒါစရိယ၊ သဒ္ဓမ္မဇောတိကဓဇ၊ တိုင်းသံဃာ့ဝန်ဆောင်ဆရာတော် ဘဒ္ဒန္တအာသဘ အရှင်သူမြတ်သည် (၁၃၈၀ ပြည့်နှစ်၊ ဝါခေါင်လပြည့်ကျော် ၆ ရက်)၊ ၁-၉-၂၀၁၈ (စနေနေ့) နံနက် ၁၀း၁၀ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် (၁၃၈၀ ပြည့်နှစ်၊ တော်သလင်းလဆန်း ၂ ရက်)၊ ၁၁-၉-၂၀၁၈ (အင်္ဂါနေ့)တွင် အန္တိမအဂ္ဂိစျာပန သာဓုကီဠနပူဇာကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ ဈာပနအခမ်းအနားအား ကျောင်းတိုက်၌ မွန်းလွဲ ၁၂း၃၀ နာရီမှ စတင်ပြီး ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (၇-၉-၂၀၁၈)မှ (၉-၉-၂၀၁၈)ရက်ထိ (၃)ရက်တိုင်တိုင် ညစဉ်တရားပွဲများ ကျင်းပပါမည်။

ဈာပနကျင်းပရေးကော်မတီ
သုမင်္ဂလာရာမလယ်တီဝိပဿနာကျောင်းတိုက်

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
နိုင်းမွမ်ဆိုင်ခို(နောင်လှိုင်)
အသက်(၁၁၁)နှစ်

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ တန့်ယန်းမြို့နယ်၊ နောင်လှိုင်ကျေးရွာနေ (ပူလွယ်ဆိုင်ဟိန်း-နိုင်းမွန်းဦး)တို့၏သမီး၊ (နန်းစွန်)၊ (နန်းဆာ)၊ (စိုင်းဆန်ထွန်း)၊ (နန်းခမ်းဆွေ)၊ (စိုင်းဆန်ဆွဲ)၊ (နန်းအေးနန်း)၊ နန်းအေးစိန်(နောင်လှိုင်)တို့၏ မိခင်၊ မြေး ၂၁ယောက်၊ မြစ် ၄၈ယောက်၊ တီကိုးယောက်တို့၏ အဘွားသည် ၁-၉-၂၀၁၈ (စနေနေ့) ည ၁၁း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၉-၂၀၁၈ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၇-၉-၂၀၁၈ (သောကြာနေ့) နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ နွယ်သာကီလမ်း၊ အမှတ်(၄/၂၅)နေ ဦးလှမောင်-ဒေါ်နန်းအေးညွန့်တို့၏ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
ဒေါ်စိန်မြိုင် (သိမ်ချောင်း)
အသက်(၉၈)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်း၊ ကျားကွက်သစ်လမ်းနေ (ဦးပါ)၏ ဇနီး၊ ဦးကျော်ဝင်း (ကျောက်မျက်-ငြိမ်း)-(ဒေါ်အေးအေး)၊ ဒေါ်တင်တင်အိ၊ ဦးသိန်းဇံ(က-က-ငွေ၊ ငြိမ်း)-ဒေါ်သင်းသင်းနွယ်၊ ဦးမောင်ညို (သတ္တုတွင်း-ငြိမ်း)-ဒေါ်အေးမီ၊ ဦးထွန်းလှအောင်-(ဒေါ်ခင်သီ)၊ ဦးထွန်းလှသိန်း-ဒေါ်သန်းသန်းဆွေ၊ ဦးကျော်စိုး-ဒေါ်တင်စန္ဒာထွန်း၊ ဦးအောင်သာထွေး-ဒေါ်ခင်သီတာဦးတို့၏ မိခင်ကြီး၊ မြေး ၁၅ ယောက်၊ မြစ်ငါးယောက်တို့၏ အဘွားသည် ၁-၉-၂၀၁၈ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၃-၉-၂၀၁၈ ရက် နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဦးညွန့်လှိုင်
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်(ရုံးချုပ်)၊ ကွန်ပျူတာဌာနခွဲ၊ ရွှေတိဂုံစေတီတော် သောကြာအသင်း
အသက်(၈၄)နှစ်

ရန်ကုန်မြို့၊ အရှေ့ပိုင်းခရိုင်၊ ဒေါပုံမြို့နယ်၊ ဝါဆိုရပ်ကွက်၊ ကျောင်းတော်ရာလမ်း၊ အမှတ်(၁၆/က)နေ ဒေါ်မြကြည်၏ခင်ပွန်း၊ (ဦးစံဖေ-ဒေါ်တင့်)တို့၏ သား၊ (ဦးစံငြိမ်း-ဒေါ်သန်းရှင်)တို့၏ သားသမက်၊ ကိုဝင်းမြင့် (မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း IT Billing ဌာန)-မသန္တာညွန့်(မြန်မာ့စာတိုက်လုပ်ငန်း-ရုံးချုပ်)၊ မတင် တင်မြင့်၊ မခင်မြရင် (သုတစံကုမ္ပဏီလီမိတက်)၊ မောင်ညွန့်ဝင်း (You & Me Agency)-မလင်းသူခိုင် (ဘိုကလေးမြို့နယ် အလက၊ ပျားရေစုကျောင်းအုပ်)၊ မောင်လှငွေး-မခင်နန်းမြင့်(MAI SHA Co., Ltd.)၊ မောင်ဝေယံဖြိုး၊ မမေသက်ပန်ဦးတို့၏မွေးသဖခင်ကျေးဇူးရှင်၊ မောင်ဆန်းသူရိန်ဝင်း၊ မောင်ဟိန်းထက်ဇော်၊ မောင်ကောင်းမြတ်သူတို့၏အဘိုး၊ မြစ်တစ်ယောက်တို့၏ ဘိုးဘိုးကြီးသည် ၂-၉-၂၀၁၈(တနင်္ဂနွေနေ့) မွန်းလွဲ ၁း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၉-၂၀၁၈ (အင်္ဂါနေ့) နံနက် ၁၁ နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်စိမ်းရင်(ဟင်္သာတ)
အသက်(၉၅)နှစ်

ဟင်္သာတမြို့နေ (ဦးအောင်လှ-ဒေါ်ရွှေခ)တို့၏ သမီး၊ ရန်ကုန်မြို့၊ ရေကျော်လမ်းမ၊ အမှတ်(၁၁)၊ မြေညီထပ်နေ [ဦးလွင် (ရေကြောင်းပို့ဆောင်ရေး တိုင်းမန်နေဂျာ-ငြိမ်း)]၏ ဇနီး၊ ဒေါ်မြမြလွင်၊ ဦးခင်ဇော်-ဒေါ်ညွန့်ညွန့်ဝေ၊ ဦးလှမြင့်-ဒေါ်သန်းသန်းလွင်၊ ဦးသန်းထွန်း-Dr.ခင်ခင်လတ်၊ ဒေါ်မြမြခင် (မိဘမေတ္တာဆန်ရောင်းဝယ်ရေး)၊ ဦးမောင်မောင်စိုး-ဒေါ်သျှက်ဖဲဖဲစိမ်းတို့၏ ကျေးဇူးရှင်မိခင်၊ မြေး ၁၀ ယောက်၊ မြစ်နှစ်ယောက်တို့၏ အဘွားသည် ၂-၉-၂၀၁၈ ရက် ညနေ ၃း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၉-၂၀၁၈ ရက် နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၈-၉-၂၀၁၈ရက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
ဒေါက်တာဦးဇော်ဝင်း(ခ)
လင်အင်စွန်း (ပုသိမ်)
M.B.B.S(Ygn)
အသက်(၆၀)

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ ကုန်သည်လမ်းနေ (ဦးလင်းစိန်-ဒေါ်ကြင်မြင့်) (ဝမ်းဘဲ ဖိနပ်ဆိုင်)တို့၏ သား၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကွင်းမြို့၊ ဘူတာလမ်းနေ (ဦးအော်ထီး-ဒေါ်လှရွှေ)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တောင်မြင်းပြိုင်ကွင်းလမ်း၊ တောင်မြင်းပြိုင်ကွင်းကွန်ဒို၊ အခန်းအမှတ်(၅/က)နေ Dr.ဒေါ်နှင်းနှင်းနွယ်၏ခင်ပွန်း၊ Dr.ထက်နိုင်ဝင်း၊ Dr.မျိုးထင်ဇော်၊ မထက်မိုးနွယ်ဝင်း (Master's Deg. Candidate, Cambridge University)တို့၏ဖခင် Dr. ဦးဇော်ဝင်းသည် ၂-၉-၂၀၁၈ ရက် ညနေ ၃နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၉-၂၀၁၈ ရက် နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၈-၉-၂၀၁၈ (စနေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

MNL ယူ-၂၁ အမှတ်ပေးပြိုင်ပွဲ အား/ကာသိပ္ပံ(က)အသင်း ဗိုလ်စွဲ

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော် ပထမဆုရ အား/ကာသိပ္ပံ(က)အသင်းအား ချန်ပီယံဆုဖလား ပေးအပ်ချီးမြှင့်စဉ်။

ရန်ကုန် စက်တင်ဘာ ၂

၂၀၁၈ ရာသီ MNL ယူ-၂၁ အမှတ်ပေးပြိုင်ပွဲ နောက်ဆုံးနေ့နှင့် ဆုပေးပွဲအခမ်းအနားကို ယနေ့ညနေပိုင်းက ပဒုမ္မာကွင်းနှင့် စလင်းကွင်း၌ ဆက်လက်ကျင်းပရာ အား/ကာသိပ္ပံ(က)အသင်း ဗိုလ်စွဲပြီး ရှမ်းယူနိုက်တက်အသင်း ဒုတိယဆု ရခဲ့သည်။

နောက်ဆုံးနေ့တွင် ပဒုမ္မာကွင်း၌ ကျင်းပသည့်ပွဲတွင် အား/ကာသိပ္ပံ(က) အသင်းက ရတနာပုံအသင်းကို သုံးဂိုး-တစ်ဂိုး၊ စလင်းကွင်း၌ ကျင်းပသည့်ပွဲတွင် စစ်ကိုင်းအသင်းက MFF Youth အသင်းကို လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ ရတနာပုံအသင်းသည် အား/ကာသိပ္ပံ(က)အသင်းကို ရှုံးနိမ့်ခဲ့သောကြောင့် ဒုတိယနေရာရယူနိုင်ခွင့်ဆုံးရှုံးခဲ့ပြီး တတိယနေရာဖြင့်သာ ကျေနပ်ခဲ့ရသည်။ အား/ကာသိပ္ပံ(က)အသင်း၏နိုင်ပွဲကြောင့် ရှမ်းယူနိုက်တက်အသင်းသည် ဒုတိယဆုရယူနိုင်ခဲ့သည်။ အား/ကာသိပ္ပံ(က)အသင်းနှင့် ရတနာပုံအသင်းပွဲမှာ အပြန်အလှန်ရှိခဲ့ပြီး ပထမပိုင်းတွင် တစ်ဂိုးစီသရေကျနေကာ ဒုတိယပိုင်းမှ အား/ကာသိပ္ပံ(က)အသင်းက အနိုင်ဂိုးများ သွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။

အား/ကာသိပ္ပံ(က)အသင်းနှင့် ရတနာပုံအသင်းပွဲအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနား ဆက်လက်ကျင်းပရာ ပထမဆုရ အား/ကာသိပ္ပံ(က)အသင်းအား တစ်ဦးချင်းဆုတံဆိပ်၊ ဆုကြေးကျပ်သိန်း ၁၃၀ နှင့် ချန်ပီယံဆုဖလား၊ ဒုတိယဆုရ ရှမ်းယူနိုက်တက်အသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ဆုကြေးကျပ်သိန်း ၁၀၀၊ တတိယဆုရ ရတနာပုံအသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ဆုကြေးကျပ်သိန်း ၅၀ တို့ကို ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်သည်။

ပြိုင်ပွဲအပြီးတွင် အား/ကာသိပ္ပံ(က)အသင်းက ၆၃ မှတ်ဖြင့် ပထမ၊ ရှမ်းယူနိုက်တက်အသင်းက ၅၃ မှတ်ဖြင့် ဒုတိယ၊ ရတနာပုံအသင်းက ၅၂ မှတ်ဖြင့် တတိယ၊ ရန်ကုန်အသင်းက ရမှတ် ၅၀ ဖြင့် စတုတ္ထ၊ မြဝတီအသင်းက ရမှတ် ၄၀ ဖြင့် ပဉ္စမနေရာတို့ရရှိခဲ့သည်။ **သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-စိုးညွန့်**

နိုင်ငံရေးပါတီများ၏ ဟောပြောစည်းရုံးမှုများကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် နိုင်ငံပိုင်သတင်းစာများမှ ထုတ်လွှင့်ဖော်ပြပေးသွားမည်

နေပြည်တော် စက်တင်ဘာ ၂

၂၀၁၈ ခုနှစ်၊ ကြားဖြတ်ရွေးကောက်ပွဲကို နိုဝင်ဘာ ၃ ရက်တွင် ကျင်းပပြုလုပ်မည်ဖြစ်သည်။

ကြားဖြတ်ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် နိုင်ငံရေးပါတီများ၏ ဟောပြောစည်းရုံးမှုများကို မြန်မာ့ရုပ်မြင်သံကြား(MRTV)၊ မြန်မာ့ရုပ်မြင်သံကြား-လွှတ်တော် Channel နှင့် မြန်မာ့အသံ ရေဒီယိုအစီအစဉ်တို့မှ ပထမအကြိမ်အဖြစ် စက်တင်ဘာ ၃ ရက်မှ ၂၆ ရက်အထိ လည်းကောင်း၊ ဒုတိယအကြိမ်အဖြစ် အောက်တိုဘာ ၉ ရက်မှ နိုဝင်ဘာ ၁ ရက်အထိ လည်းကောင်း ထုတ်လွှင့်ပေးသွားမည်ဖြစ်ပြီး နိုင်ငံပိုင်သတင်းစာများတွင် စက်တင်ဘာ ၄ ရက်မှ ၂၇ ရက်အထိ ဖော်ပြပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

မြန်မာ့လက်ရွေးစင်အသင်း အောက်တိုဘာတွင် နိုင်ငံတကာခြေစမ်းပွဲ နှစ်ပွဲ ကစားမည်

၂၀၁၆ ခုနှစ်က မြန်မာ့လက်ရွေးစင်အသင်းနှင့် အင်ဒိုနီးရှားလက်ရွေးစင်အသင်း ခြေစမ်းပွဲကစားနေစဉ်။

ရန်ကုန် စက်တင်ဘာ ၂

၂၀၁၈ အာဆီယံ ဆူဇူကီးဖလားပြိုင်ပွဲ ယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင်အသင်းသည် အောက်တိုဘာလ ဒုတိယပတ်တွင် အင်ဒိုနီးရှားလက်ရွေးစင်အသင်း၊ အာဖဂန်နစ္စတန်လက်ရွေးစင်အသင်းတို့နှင့် ခြေစမ်းပွဲနှစ်ပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် ခြေစမ်းပွဲများအဖြစ် အောက်တိုဘာ ၉ ရက်တွင် အင်ဒိုနီးရှားလက်ရွေးစင်အသင်းနှင့် အဝေးကွင်း၊ အောက်တိုဘာ ၁၄ ရက်တွင် အာဖဂန်နစ္စတန်အသင်းနှင့် အိမ်ကွင်းယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ပုံစံသစ်ဖြင့်ကျင်းပမည့် ၂၀၁၈ အာဆီယံဆူဇူကီးဖလား ပြိုင်ပွဲတွင် အုပ်စုပွဲများကို အိမ်ကွင်း၊ အဝေးကွင်းပုံစံ ကစားရမည်ဖြစ်သောကြောင့် မြန်မာ့လက်ရွေးစင်အသင်းမှာလည်း

စာမျက်နှာ ၁၃ ကော်လံ ၁ သို့ ○

၂၀၂၀ အာရှ ယူ-၂၃ ခြေစစ်ပွဲမှ မြန်မာပါဝင်သော အုပ်စုကို မြန်မာနိုင်ငံ၌ ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၂

အာရှဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် ၂၀၂၀ အာရှယူ-၂၃ ခြေစစ်ပွဲမှ မြန်မာအသင်းပါဝင်သော အုပ်စုကို မြန်မာနိုင်ငံ၌ ကျင်းပခွင့်ရခဲ့သည်။ ယင်းခြေစစ်ပွဲများကို မတ် ၁၈ ရက်မှ ၂၆ ရက်အထိ ကျင်းပမည်ဖြစ်သည်။

ခြေစစ်ပွဲအုပ်စုများကို ယခုနှစ်ကုန်ပိုင်းတွင် မဲခွဲမည်ဖြစ်ပြီး အိမ်ရှင်အဖြစ် လက်ခံကျင်းပလိုသည့် နိုင်ငံများ၏ ဆန္ဒသဘောထားကို မေးမြန်းခဲ့ရာ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်၏ တောင်းဆိုမှုကို လက်ခံခဲ့ခြင်းဖြစ်သည်။ ခြေစစ်ပွဲများကို အရှေ့အာရှဇုန်နှင့် အနောက်အာရှဇုန်ဟူ၍ ဇုန်နှစ်ခုခွဲပြီး ကျင်းပမည်ဖြစ်ကာ မြန်မာအသင်းသည် အရှေ့အာရှဇုန်တွင် ပါဝင်မည်ဖြစ်သည်။ မြန်မာအသင်းသည် ယင်းပြိုင်ပွဲတွင် နှစ်စဉ်ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ၂၀၁၄ ပြိုင်ပွဲတစ်ကြိမ်သာ နောက်ဆုံးအဆင့်သို့ တက်ရောက်ခွင့်ရခဲ့သည်။ မြန်မာအသင်းသည်

စာမျက်နှာ ၁၃ ကော်လံ ၅ သို့ ✻